www.burmeseclassic.com

# မိုင်းကလေး

အနမ်းမြစ်ဆုံ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဖေဖော်ဝါရီလ၊ ၂၀၁၄ ခုနှစ်။

ထုတ်ဝေသူ
ဦးမျိုးကျော်သူ (၅၀၁၆) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၂၄၄၉) (ရွှေပအေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျီတော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၄.၈၃
မိန်းကလေး
အနှင်းမြစ်ဆုံ / မိန်းကလေး။ – ရန်ကုန်၊
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၄
၂၇၂ စာ၊ ၁၂ × ၁၈ စင်တီမီတာ
(၁) အနှင်းမြစ်ဆုံ

BURMESE CLASSIC

# မိန်းကလေး

## အနှင်းမြစ်ဆုံ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဟော့တော်"

ဖုန်းပေဂျာမှာ ယောကျ်ားပျိုတစ်ယောက်ရဲ့ဓာတ်ပုံ မြင်လိုက်ရလျှင် ပန်းကတ္တီပါ အံ့ဩကာ 'ဟော့တော်' ဆိုတဲ့ အာမေဍိတ်သံလေး ခုန်ထွက်သွားပါသည်။

ဓာတ်ပုံရှင်က ဘယ်သူလဲ။ ပန်းကတ္တီပါ တစ်ခါမှမမြင်ဘူးပါ။ ဒါပြင် ပန်းကတ္တီရဲ့ဖုန်းမှာ ထိုဓာတ်ပုံထည့်မထားပါဘူး။ ဘာကြောင့် ဒီနေ့မှ ဒီဓာတ်ပုံ ပေါ်နေရတာလဲ။

ထင်ပေါ်နေတဲ့ ထိုဓာတ်ပုံကလည်း တစ်ခါဖူးမှ ချစ်သူရည်းစား မထားဘူးသေးတဲ့ ပန်းကတ္တီရဲ့စိတ်နှလုံးသားကို လှုပ်ခါသွားစေသည်။

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ပြင် ရင်မှာလည်း သိမ့်ခနဲ ဖိုရ၏။

အကြောင်းမှာ ခတ်ပုံက ခပ်ရိုးရိုးပုံမျိုး မဟုတ်ပါ။ ရေကူးပြီး လှေကားထစ် စတီးလက်ရန်းကို ဆွဲကိုင်ပြီး ရေကူးကန်ဘောင်ပေါ်တက် လာတဲ့ပုံ။ တစ်ကိုယ်လုံးမှာ ရေတွေ ရွှဲရွှဲစိုနေသလို၊ ဝတ်ထားတာက လည်း ရေကူးဘောင်းဘီတစ်ထည်တည်းရယ်။

အချိုးအဆစ်ကျသလို သန်မာသောကြွက်သားဆိုင်တို့က သူ့ နေရာနှင့်သူ ရှန်းကြွနေသည်က ကြည့်နေရင်း ရင်ဖိုလာသည်။

အို ...

ပန်းကတ္တီပါ အလိုလိုနေရင်း ရင်ဖိုစိတ်နဲ့ မလုံမလဲဖြစ်ကာ ဘေးဘီကို ဝေ့ဝဲကြည့်မိသည်။

ပန်းရဲ့အခန်းထဲမှာ ပန်းတစ်ယောက်တည်း ရှိနေပေမယ့် သူ့ပုံမြင်ရတာ ပန်းရဲ့အပျိုစင်စိတ်ကလေး ဖိုလှိုက်ဖွယ် ခံစားလျှင် စိတ် မှာ မလုံခြုံလှပါ။

ဘာကြောင့် ဒီပုံရောက်ရှိနေရတာလဲ။

ပန်းကတ္တီပါ တွေးတောမရ ဖြစ်ရလေသည်။

ဒီနေ့တစ်နေ့လုံး ပန်းကတ္တီပါ ဖုန်းမသုံးဖြစ်ပါ။

ပန်းကတ္တီပါရဲ့ဖက်ရှင်ဆိုင်အတွက် ကိုယ်ပိုင်ဒီဇိုင်းတွေ ထွင်ရင်း အချိန်ကုန်နေခဲ့သည်။

နေ့ခင်းဘက်တုန်းက ပန်းကတ္တီပါရဲ့ကျောင်းနေဖက် သူငယ်ချင်း





ခရမ်းသွေး ရောက်လာသည်။

ခရမ်းသွေးက သူမလိုချင်တဲ့ ဒီဇိုင်းကို ပြော၏။ ပန်းက ခရမ်း သွေးပြောတဲ့အတိုင်း မှတ်သားရင်း တစ်ပါတည်း ပုံစံဆွဲ၏။

ပန်းဒီဇိုင်းဆွဲနေတုန်း ခရမ်း တစ်ခွန်းမေးသည်။

စားပွဲပေါ်က ပန်းရဲ့ဟာဝေးဖုန်းလေးကို ကောက်ကိုင်ပြီး ...

"ဒါ ပန်းဖုန်းလား"

"ဟုတ်တယ်"

"ဟမ်းဆက်လှလှလေး လဲပါဦးလား"

"ဩော် ပန်းက ခရမ်းလို သူဌေးသမီးမဟုတ်ဘူးရှင့်၊ ဟမ်း ဆက် ခဏခဏလဲနေဖို့ ရေမလျှံဘူး။ ပြီးတော့ ဒီဟမ်းဆက်လေးပဲ ပန်း သဘောကျတယ်၊ လုံးဝသုံးမရမှပဲ လဲမယ်၊ ခုတော့ အဲဒါလေးပဲ မြတ်မြတ်နိုးနိုး ကိုင်နေရတယ် သူငယ်ချင်းရဲ့"

ပန်း ရှင်းပြသလိုလေးပြောရင်း ခရမ်းလိုချင်တဲ့ ဒီဇိုင်းကို အပြီးသတ် ဆွဲနေလိုက်သည်မဟုတ်လား။

ခရမ်းက ပန်းရဲ့ဟမ်းဆက်လေးကိုတော့ ကလိနေသလားပဲ။ ဒါပေမဲ့ ခရမ်း ကလိနေတာကို ပန်း စိတ်မဝင်စားပါ။

အစိမ်းနဲ့အနီရင့်ရင့် ဖက်ရှင်အရောင်စပ်မှာ ကျောက်ပွင့်တွေနဲ့ ချည်း ဒီဇိုင်းဖော်ထားတဲ့ ဖက်ရှင်ပုံကို အပြီးသတ်ဆွဲရင်း သူငယ်ချင်းကို ပြသည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ခရမ်းကလည်း စိတ်ဝင်တစားကြည့်ပြီး သဘောကျကာ ခေါင်းလေး တညိတ်ညိတ်ပြုံး၏။

ပြီးတော့ တစ်ဆက်တည်း မေးသည်။

"အဲဒီဖက်ရှင် ဘယ်နေ့ရမှာလဲ"

"ခရမ်းလိုချင်တဲ့နေ့ ပြီးအောင်ချုပ်ပေးမယ်လေ"

"အဲဒါဆို သန်ဘက်ခါ"

"အဲ"

ပန်း အားနာသွား၏။ အဲသလောက် မြန်မြန်ဆန်ဆန်လုပ်ပေးဖို့ မလွယ်မှန်းလည်း သိသည်။ ဒါပေမဲ့ လိုချင်တဲ့ရက်ကို တကယ်ပြောလျှင် –

"ဟို အပ်ထည်တွေအများကြီး ခရမ်းရဲ့"

"အိုး ဘယ်လောက်များများ ခရမ်းက ပန်းရဲ့သူငယ်ချင်း။ ဒါပဲ သန်ဘက်ခါ လာယူမယ်"

ခရမ်းသွေးက အဲသလိုရယ်။

လိုချင်တဲ့အတိုင်း ပြောပြီး ပန်းရဲ့ဟမ်းဆက်လေးကို စားပွဲပေါ်တင်၍ ထထွက်သွားလေသည်။

ပန်းမှာ သက်မလေးချရင်း ခရမ်းသွေးကို အငေးသား ကြည့်နေလိုက်တာ၊ ခရမ်းသွေးရဲ့ပြိုင်ကားလှလှလေး မြင်ကွင်းထဲက ပျောက်ထွက်သွားသည်အထိ။





ပန်းသူငယ်ချင်းက လာလိုက်ရင် အဲဒီအတိုင်းပဲ။ သူလိုချင်တဲ့နေ့ သူပြောမယ်။ မရရင် စိတ်ဆိုးဦးမယ်။ ဒီမှာ အပ်ထည်တွေက တစ်လစာလောက် ပုံနေတာလေ။

"ပန်းက မရနိုင်ဘူး ပြောလိုက်တာ မဟုတ်ဘူး"

ပန်းနဲ့အတူတွဲလုပ်တဲ့ သီရိက ငြူစူသလို ပြောသည်။ ပန်းက မငြူစူရက်ပါ။

"သူငယ်ချင်းဆိုတော့လည်း ပြောရခက်သား မဟုတ်လား၊ စိတ်ချပါ၊ ပန်းပဲ ခရမ်းဖက်ရှင်ကို ကိုင်ပါ့မယ်"

"သီရိက ပင်ပန်းလို့ ပြောတာမဟုတ်ဘူး။ အားနာလေ့မရှိတဲ့ ခရမ်းသွေးကို နားလည်မပေးချင်လို့ပါ"

"ပန်းပဲ နားလည်ပေးလိုက်မယ်၊ ကဲ သီရိ နားချင်နားတော့၊ ပန်း ဆက်လုပ်မယ်"

သီရိက တကယ်လည်း ပင်ပန်းနေပြီမို့ ပန်းပြောတဲ့အတိုင်း ချုပ်လက်စသတ်ကာ သူမအိမ် သူမ ပြန်လေသည်။

ပန်းက နားလို့မရသေး။

ခရမ်းရဲ့ပိတ်စတွေ ကိုင်ရဦးမယ်။

အဲဒါနဲ့ပဲ ခရမ်းအပ်တဲ့ ဖက်ရှင်သုံးစုံစလုံးကို ပုံစံကျ ညှပ်နေလိုက်တာ၊ ညခုနစ်နာရီထိုးမှ ပြီးလေသည်။

ရေမိုးချိုးရင်း ညစာစားရင်းနဲ့ ပန်း အလုပ်နားချိန်က ည

www.burmeseclassic.com



ရှစ်နာရီခွဲ။

ထိုအချိန်မှ ပန်း သတိရ၏။

ပန်းတို့ရဲ့ ဖောက်သည်တစ်ဦး မင်္ဂလာဝတ်စုံချုပ်မယ့်ကိစ္စ ဖုန်းနဲ့ ပြောစရာရှိတာမို့ ပန်းရဲ့လက်ကိုင်ဖုန်း ဖွင့်လိုက်၏။

ထိုအခါ ရင်ဗိုစရာကောင်းတဲ့ ယောက်ျားတစ်ဦးရဲ့ပုံရိပ်ကို ဦးစွာမြင်ရလေသည်။

ထိုအမြင်နောက်မှာ။

✿ ✿ ✿



## အခန်း (၂)

"လာ ညီမလေး ပန်းကတ္တီပါ"

တက္ကစီပေါ်က ဆင်းသည်နှင့် ဖက်ရှင်အလှမယ် နေနိုးနိုးရဲ့ အစ်မဖြစ်သူ မမိုးမိုးက ပန်းကတ္တီပါကို အားရဝမ်းသာဖြင့် ညှို့ခန်းထဲ ဆွဲခေါ်သွားသည်။

"ညီမလေး လာမှလာပါ့မလားလို့ မမမိုး မျှော်နေတာလေ"

"လာမှာပေါ့ မမမိုးရယ်၊ မမမိုးတို့ ညီအစ်မက ပန်းရဲ့ဖောက်သည်တွေ မဟုတ်လား"

"အိုး ဖောက်သည်လို့ မပြောပါနဲ့ သူစိမ်းဆန်ပါတယ်၊ ညီအစ်မတွေလို့ ပြောပါဟယ်"



www.burmeseclassic.com

www.burmeseclassic.com



မမိုး ရယ်ရယ်မောမောပြောဆိုလျှင် ပန်းလည်း ကြည်နူးစွာ ရယ်၏။

"ဟုတ်ပါတယ်၊ မမိုးပြောသလို ညီအစ်မတွေလိုပဲ သဘောထားပါ့မယ်"

"သဘောထားရမှာပေါ့ကွယ်၊ မမိုးညီမ နေနိုးနိုးဆိုရင် ပန်းကတ္တီပါကို ဖက်ရှင်မယ် ဖြစ်စေချင်တာ"

"အိုး မဟုတ်တာပဲ"

ပန်းကတ္တီပါ ခပ်တွန့်တွန့်လေး ဖြစ်သွားသည်။ ပန်းကတ္တီပါက လူရှေ့သူရှေ့မှာ လှုပ်ရှားပြဖို့ သတ္တိမရှိပါ။ ပြီးတော့ ရှက်တတ်သည်လေ။

ဟုတ်တယ် တကယ်။ တစ်ယောက်ယောက်က ပန်းကို ကြည့်နေတယ်ဆိုရင် ပန်းမှာ ရှက်လွန်းလို့ မျက်နှာလေး ပန်းနုရောင်သန်းကာ မလုံမလဲနဲ့ အမူအရာတွေ မတည်မငြိမ် ဖြစ်တတ်၏။

လူအများ ဝိုင်းကြည့်နေတဲ့အဖြစ်ကို ပန်း ဘယ်လိုမှ ခံစားတတ်မှာမဟုတ်ပေ။ ဒါကြောင့် ပန်း ငြင်းလိုက်တော့ မမိုးက အားပါးတရ ရယ်မောပြီး –

"ဘာလို့မဟုတ်ရမှာလဲ ပန်းလေးရဲ့၊ ပန်းလေးသာ ဖက်ရှင်မယ်လုပ်ရင် နေနိုးနိုးတို့ဖက်ရှင်မယ်တွေ နောက်ဖေးပေါက်က ပြေးရလိမ့်မယ် တကယ်၊ ကြည့်ပါဦးလား ပန်းကတ္တီပါရဲ့ကိုယ်နေဟန် အချိုးအဆစ်ကို"





မမိုးက ပြောဆိုရင်း မမိုးတို့ညီအစ်မ အခန်းထဲဝင်သွားကာ ကိုယ်လုံးပေါ်မှန်ကြီးရှေ့ ပန်းကတ္တီပါကို ရပ်စေပြီး မှန်မှာ ကြည့်စေသည်။

ပန်းမှာလည်း မမိုးပြောတဲ့အတိုင်း ယောင်ယောင်ယမ်းယမ်း ကြည့်မိသွား၏။

မမိုးပြောကာမှ ပန်းရဲ့ကိုယ်ဟန်ကောက်ကြောင်းအလှကို ပန်းကတ္တီပါ သတိထားမိလေသည်။

သွယ်လျသော ပန်းကတ္တီပါရဲ့ကိုယ်ဟန်လေးနှင့် ဝိုင်းဝိုင်းပြန့်ပြန့် တင်ပါးလေးက မျက်စိကျစရာကောင်းလောက်အောင် ဆွဲဆောင်နိုင်စွမ်း၏။

ခါးလေး ကျဉ်းကာမို့ တင်ပါးလေးဝိုင်းလျက်။ ဒါ့ပြင် ရင်အုံဖွံ့ဖွံ့က ပို၍ ရှုပ်ကြွသလိုရှိကာ၊ ပန်းဖူးနှယ် လန်းလျက် ရှိ၏။

ပန်းကတ္တီပါက ကိုယ်နေဟန်လှသလို လည်တိုင်လည်းရှည်၏။ လည်တိုင်ရှည်ရှည်ပေါ်မှ မျက်နှာဟန်က ဝိုင်းဝိုင်းပြည့်ပြည့်နှင့်မို့ မြင်ရုံနှင့် ချစ်ချင်စိတ်ကို ဖြစ်တည်စေသည်။

"မမိုးသာ ယောကျာ်းလေးဆိုရင် ပန်းကတ္တီပါကို မရ ရအောင် လိုက်မှာ"

"အိုး မမိုးကလည်း ပေါက်ကရတွေ"

"တကယ်ပြောတာ ပန်းလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ မမမိုး၊ ရှက်စရာစကားတွေ မပြောပါနဲ့"

"မပြောနဲ့ဆိုလည်း မပြောပါဘူး။ ဒါနဲ့ ပန်းကတ္တီပါမှာ ချစ်သူ ရှိလား"

"အိုး"

ပန်းကတ္တီပါ ဘယ်လိုပြန်ဖြေရမှန်းမသိပေမယ့် အမူအရာတွေ ပျက်သွား၏။

"မမမိုးက စေတနာနဲ့ မေးတာပါ"

"ဟင့်အင်း မမေးပါနဲ့"

"ဘာဖြစ်လို့လဲ"

"အိုး ဘာမှမဖြစ်ပါဘူး။ ပန်းဘာသာ ပန်း အေးအေးချမ်းချမ်း နေပါရစေ"

"ဟွန်း ဒါဆို ပန်းမှာ ချစ်သူမရှိဘူးပေါ့"

ပန်းကတ္တီပါ ရှက်စိတ်နဲ့ မျက်နှာလေး လွှဲထားမိ၏။

"ပြောလေ ပန်းကတ္တီပါ၊ မမမိုးက ပန်းကတ္တီပါမှာ အလှတွေ ရှိလျက်နဲ့ ချစ်သူမရှိဘဲ ဖြစ်နေတာကို မကြည့်ရက်လို့ပါ"

"အိုး မဆိုင်တာတွေ"

"ဆိုင်တာပေါ့ ပန်းကတ္တီပါရယ်၊ ပန်းလေးရဲ့အလှတွေကို မြတ်မြတ်နိုးနိုးရှိမယ့် ချစ်သူမျိုးနဲ့ မမမိုး မိတ်ဆက်ပေးချင်လို့ပါ"

"တော်ပါတော့ မမမိုးရယ်"





"ဟဲ့ ပန်း ရှက်နေတာလား။ မရှက်ပါနဲ့၊ ပန်းနဲ့လိုက်ဖက်တဲ့ သူမျိုးနဲ့ စပ်ဟပ်ပေးမှာပါ။ ပြီးတော့ မမမိုးကလည်း ပန်းကို ယောင်းမ တော်ချင်တာလေ"

"အလို"

ပန်းကတ္တီပါ တအံ့တဩဖြစ်ကာ မမမိုးကို လှမ်းကြည့်လိုက်သည်။ မမမိုးက ပန်းကတ္တီပါကို မှန်တင်ခုံရှေ့က ဆိုဖာခုံဝိုင်းလေးမှာ ထိုင်စေပြီး ဆက်ပြော၏။

"တကယ်ပြောတာပါ ပန်းလေးရဲ့၊ မမမိုးရဲ့ဝမ်းကွဲမောင်လေး ခေတ်ခါးခါးက ပန်းကတ္တီပါကို ညွှတ်နေတာလေ"

"အိုး"

ပန်းကတ္တီပါရင်ထဲ မလုံမလဲဖြစ်သွား၏။ ထို့ပြင် ခေါင်းလေး လည်း အသာရမ်း၏။

"ဘာလဲ ပန်းကတ္တီပါက မောင်လေးကို"

"ဟင့်အင်း။ ပန်းက ဘာရယ်မဟုတ်ပါဘူး။ ကဲပါ မမမိုးရယ် အဲဒီကိစ္စ နောက်မှပြောရအောင်၊ လောလောဆယ် မမမိုးညီမလေး နေနိုးနိုးအတွက် ဖက်ရှင်သစ်ထွင်မယ့်ကိစ္စလေး ဆွေးနွေးရအောင်လား"

ပန်းကတ္တီပါ အလုပ်ကိစ္စဘက် စကားလမ်းကြောင်းလွှဲ၍ ပြောဆိုလျှင် မမမိုးက မောင်ဖြစ်သူနဲ့ သွယ်တရားဟောတဲ့ကိစ္စ မရပ်ချင် ရပ်ချင်နဲ့ ရပ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ။ လောလောဆယ် လမ်းစ,ထားပြီဆိုတော့ နောက်တော့ တဖြည်းဖြည်း စည်းရုံးရမယ်လို့ စိတ်ထဲမှာ တေးမှတ်ကာ။

"ဟုတ်သားပဲ ညီမလေးရယ်၊ မမိုးက ပြောရမယ်ဆိုရင် စကားက မပြတ်တော့ဘူး။ လောလောဆယ် ဖက်ရှင်ကိစ္စ ဆွေးနွေးမယ်၊ ပြီးတော့မှ . . ."

ထိုသို့ပြောရင်း မမိုး စကားစချန်ထားသည်ကို ပန်းကတ္တီပါ ရိပ်မိပါသည်။ မမိုးက သူ့ရဲ့ဝမ်းကွဲမောင်ဖြစ်သူအကြောင်း ဆက်ပြောမယ်ဆိုတဲ့ အဓိပ္ပာယ်။

လောလောဆယ် ပန်းကတ္တီပါ စိတ်ဝင်စားတာက အလုပ်ကိစ္စ မဟုတ်လား။ ဒါကြောင့် အလုပ်ကိစ္စပဲ ဆက်ပြော၏။

"မမိုး ဝယ်ထားတဲ့ ကက်တလောက်တွေ အရင်ပြလေ"

"ပြမှာပါ ညီမရဲ့"

မမိုးက ပြောဆိုရင်း မှန်ဗီရိုထဲမှ နိုင်ငံခြားက မှာယူထားတဲ့ ဖက်ရှင်ကက်တလောက်တွေ ထုတ်ယူ၍ စားပွဲပေါ်တင်၏။

"လာ ညီမလေး၊ ဒီမှာလာကြည့်"

ပန်းကတ္တီပါလည်း မမိုး ခေါ်တဲ့အတိုင်း စားပွဲဝိုင်းမှာ ပြောင်းထိုင်၍ ကက်တလောက်ထဲက ဒီဇိုင်းတွေ ကြည့်၏။

ထိုစဉ် –

✿ ✿ ✿

ရွှေပြည်သိမ်းစာပေ

## အခန်း (၃)

"ဟင်"

ပန်းကတ္တီပါ အံ့သြလွန်းကာ နှုတ်ခမ်းလေး ပွင့်ဟသွားသည်။ ကြည့်ပါဦး . . . သူမှသူ။

ပန်းကတ္တီပါ ကမန်းကတန်းပင် ပေကျာပေါ်က သူ့ပုံလေးကို ပြန်ဖွင့်ကြည့်သည်။

အပြင်မှာ သူ့ပုံစံက ပိုပြီးစမတ်ကျ၏။

တီရှပ်အဖြူနဲ့ ကိုယ်ကျပ်ဘောင်းဘီရှည်ဝတ်ထားတဲ့ သူ့ပုံစံက တကယ်ထင်ပေါ်နေသည်။ ပေကျာပေါ်က သူသည် ပန်းကတ္တီပါ့ရင်ကို ဖိုစေခဲ့သည်။

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာမြင်ရတဲ့ သူ့ပုံစံက စိတ်ဝင်စားစရာ တကယ်ကောင်း၏။ မျက်နှာဟန်မှာ တည်ကြည်လေးနက်သလို သွားလာလှုပ်ရှားဟန်ကလည်း ဣန္ဒြေရှိလှသည်။

ကြွကြွဖန်ဖန်ရယ်။

သူ့ပုံကို ဖုန်းပေကျာပေါ်မှာ စတင်မြင်ရပြီး ခုလိုအပြင်မှာ ဘွားခနဲမြင်ရတော့ အံ့သြလိုက်ဖိုလျက်။ မျက်တောင်မခတ်တမ်း ပန်းကတ္တီပါ ကြည့်မိသွားလေသည်။

ပန်းကတ္တီပါက ဖက်ရှင်ချုပ်ဖို့ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ဖို့ စူပါမားကတ်ထဲ ရောက်နေခြင်းဖြစ်သည်။

ထို့နောက် ပန်းကတ္တီပါ ဝယ်နေကျ အလှဖန်သီးကလေးများ ရောင်းတဲ့ဆိုင်ဘက် သွားနေစဉ် စူပါမားကက်ရဲ့ဒုတိယထပ်ရှိ စေတနာဖြူဖြူ လက်ဝတ်ရတနာ အရောင်းခန်းမထဲက ထွက်လာတဲ့သူ့ကို ဘွားခနဲ မြင်ရခြင်းဖြစ်သည်။ သူကတော့ ဘေးဘီကို ဂရုတစိုက် ရှိပုံမပေါ်။

ပန်းကတ္တီပါသာ တအံ့တသြဖြစ်ကာ ပေကျာပေါ်က သူ့ပုံနဲ့ အပြင်မှာမြင်ရတဲ့ သူ့ပုံကို တစ်လှည့်စီကြည့်ရင်း သွားလိုတဲ့နေရာကို ခြေဦးမတည့်နိုင်ဘဲ ဖြစ်ရလေသည်။

သူကတော့ စက်လှေကားဖြင့် အောက်ထပ်ပြန်ဆင်းသွားလေသည်။

မကြာခင် သူ့ပုံရိပ်လေး ပျောက်ကွယ်သွားလျှင် ပန်းကတ္တီပါ





ရင်ထဲမှာ တလှပ်လှပ်ဖြစ်၍ ကျန်ရစ်ခဲ့သည်။

ဒါ ဘာကြောင့်လဲ။ သူက ပန်းကတ္တီပါဆိုတဲ့မိန်းကလေး ဒီလောကကြီးထဲမှာ ရှိနေမယ်လို့ ထင်မှာမဟုတ်ပေ။ ပန်းကတ္တီပါကသာ။

"ပန်း"

"ဟင်"

ခေါ်သံကြောင့် ပန်းကတ္တီပါ အသိဝင်လာသည်။

"ပန်းရယ် ကိုယ်လိုက်ရှာနေတာ နှံ့နေပြီ၊ ပန်းက စေတနာဖြူဖြူရတနာအရောင်းဆိုင်ဘက်ရောက်နေတာကိုး။ ရတနာဝယ်စရာတော့ မလို့လား ပန်း"

"အို မ မဟုတ်ရပါဘူး"

ပန်း မလုံမလဲပြောရင်း အသံရှင်ကိုမကြည့်ဘဲ စေတနာဖြူဖြူ ရတနာဆိုင်ရှေ့က ခြေလှမ်းခွာဖို့ပြု၏။

ခေတ်ခါးခါးက ပန်းကတ္တီပါကို အရိပ်လိုကြည့်ကာ . . .

"လာလေ ပန်း"

"ဟင့်အင်း ပန်း ဝယ်စရာရှိသေးလို့"

"ကိုယ် သိပါတယ်၊ ပန်းကို ကိုယ် အဖော်လုပ်ပေးမယ်၊ မမိုးတာ ပန်းကို ကူပါဦးတဲ့"

"ကျွတ်"

ပန်းကတ္တီပါ အလိုလိုနေရင်း စိတ်ရှုပ်ထွေးသွား၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်မြေမပျက်အောင်ထိန်း၍ . . .

"ရပါတယ် ကိုခါးခါးရယ်၊ ပန်းက ပစ္စည်းလေး နည်းနည်းပါး ပါး ဝယ်ရုံလေးပါ"

"နည်းနည်းဝယ်ဝယ်၊ များများဝယ်ဝယ်၊ ကြိုက်သလောက် ဝယ်လေ၊ ကိုယ် လိုက်ပေးမယ်၊ ပြီးတော့ မမမိုးက မမနိုးနိုးဖက်ရှင် အတွက် လိုအပ်တဲ့ ဖက်ရှင်အလှဆင်ပစ္စည်းတွေ အသိဆိုင်မှာ မှာထား တယ်၊ အဲဒီထဲက ပန်းစိတ်ကြိုက်ကြည့်ပြီး မမနိုးနိုးဖက်ရှင်မှာ ထည့်ဖို့ တစ်ပါတည်း ယူပေးလိုက်ပါတဲ့၊ အဲဒါကြောင့် ပန်းကို လိုက်ရှာနေတာ လာ ပန်း"

ခေတ်ခါးခါးက၊ မမမိုးမှာတဲ့အတိုင်း ပြောရင်း သူ့စိတ်က တောင်းဆိုတဲ့အတိုင်းလည်း ပန်းကတ္တီပါကို ရှုးရှုးရှုရှုလေး ကြည့်၏။

အဲဒါကိုပဲ ပန်းက ရှက်စိတ်တွေဖြစ်ကာ။

"ကဲပါ အဲဒါဆိုလည်း ကိုခါးခါးရှေ့က သွားနှင့်"

"ဟင့်အင်း၊ ရှေ့က မသွားဘူး၊ အတူတူသွားမယ် လာ"

ခေတ်ခါးခါးက ရဲရဲတင်းတင်းပဲ ပန်းလက်ကို ဆွဲ၏။

"အဲ"

ပန်းရှက်စိတ်တို့ ပိုသွားကာ ခါးခါးလက်ကို ပုတ်ချပြီး မနှစ်မြို့စွာ မျက်စောင်းထိုး၏။

ခေတ်ခါးခါးက ပန်းရဲ့မျက်စောင်းကိုပဲ သဘောကျစွာ





ဟားဟားဟားရယ်၏။

"ပန်းမျက်စောင်းလေးက ကိုယ့်ရင်ထဲ တကယ်ငြိတယ်ဟ"

'ရှင်နော်"

"တကယ်ပြောတာ ပန်းရဲ့"

"သွားပါ၊ ဘာမှန်းလည်း မသိဘူး၊ ဟိုမှာ သူများတွေကြည့် နေပြီ"

"အားကျလို့ ဖြစ်မှာပေါ့"

"ကျွတ်"

ပန်းကတ္တီပါ ပို၍ရှက်လာသည်။ ပတ်ဝန်းကျင်၏စူးစမ်းတဲ့ အကြည့်တွေထဲမှာ ခါးခါးက ပန်းကို မြတ်မြတ်နိုးနိုး စိုက်ကြည့်ရင်း ပြောဆိုနေတာတွေကို သဘောကျသောအရိပ်များ ပါနေမှန်း သိ၏။

ထိုအသိကြောင့် ပန်း ပို၍ ရှက်လှပါသည်။

ဒါကြောင့် ပန်းပဲ ရှေ့က ဦးဆောင်ထွက်ခဲ့မိသည်။

ထိုအခါ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ပန်းရေ၊ ဟော့ ပန်းကတ္တီပါ"

ပန်းရဲ့ဖက်ရှင်ဆိုင်လေးရှေ့မှာ ငြိမ့်ခနဲ ကားရပ်လို့ မဆုံးသေး

ခင် ခရမ်းသွေး လှမ်းခေါ်သည်။

ခရမ်းသွေးခေါ်သံကြောင့် ငွေပုလဲရောင် မင်္ဂလာဝတ်စုံပေါ်

ဖန်သီးလုံးလေးတွေ ထိုးသီနေတဲ့ ပန်းကတ္တီပါလက်ကလေး တန့်သွား

၏။ တစ်ဆက်တည်းလည်း ခေါင်းလေးထောင်ကြည့်မိလျှင် -

"ပန်းကို နိုင်စားဖို့ ခရမ်း လာနေပြီ သွားလေ"

သီရိက ပန်းသီးလုံးတွေ ဝိုင်းကူထိုးပေးနေရာမှ မကြည့်လင်နှ

ပြော၏။





"သီရိကလည်းကွယ်"

"သီရိက ဟုတ်တာပြောတာပါ။ ကဲသွား တော်ကြာ ခရမ်းသွေး

စိတ်ကောက်တော်မူနေဦးမယ်"

သီရိ မကြည့်လင်ပေမယ့် ခပ်ဖော့ဖော့ပြောရင်း ပန်းကတ္တီပါကို

တွန်းလွှတ်၏။ ပန်းကတ္တီပါ လုပ်လက်စလေး လွှတ်ချကာ ...

"ခရမ်းရေ လာလေ"

ပန်း အသံပြုလိုက်၏။

"ဟွန်း ရှင်တို့ ခေါ်မကြားအော်မကြားနဲ့ ဘာလုပ်နေတာ

တုန်း"

ခရမ်းသွေး ခြေကလေးဆောင့်ကာ ဖက်ရှင်ဆိုင်ပေါ် ရောက်လာ

သည်။

"မင်္ဂလာဝတ်စုံတစ်စုံရယ်လေ ဒီညနေ ပေးရတော့မှာမို့

လက်စသတ်နေတာပါ"

"အိုး ခရမ်းဝတ်စုံတွေ ဘေးဖယ်ပြီး အဲဒီမင်္ဂလာဝတ်စုံကို

ဦးစားပေးနေတယ်ပေါ့လေ"

"မဟုတ်ရပါဘူး ခရမ်းရယ်၊ ခရမ်းရဲ့ဖက်ရှင်ကို ဦးစားပေးပြီးမှ

တခြားသူရဲ့ မင်္ဂလာဝတ်စုံကိုင်နေတာပါ"

"အဟီး အဲလိုမှပေါ့ သူငယ်ချင်းရဲ့"

ခရမ်းက အဲသလိုရယ်ပါ။ အစစအရာရာ ခရမ်းကို ဦးစားပေးမှ



www.burmeseclassic.com

www.burmeseclassic.com



သဘောကျ၏။ ပန်းကတွင်ပါ အလိုက်သင့်ပြောလိုက်တော့ ခရမ်းသွေး ဟီးခနဲရယ်ကာ ပန်းကိုယ်လုံးလေးကို ပွေ့ဖက်၍ ချစ်စနိုးပြု၏။

သီရိက သည်းပုံ့ပျော့သော မှတ်ချက်လေးဖြင့် နှာခေါင်းလေး ရှုံ့တွပြု၏။

ခရမ်းက ဘယ်သူ့ကိုမှ အရေးမစိုက်ပါ။ ပန်းကပဲ ကြားထဲက အဆင်ပြေအောင် ဆက်ဆံနေရသည်။

"လာ ခရမ်း၊ အခန်းထဲဝင်ပြီး ဖက်ရှင်ဝတ်ကြည့်လိုက်"

"အိုကေ"

ခရမ်း လက်ဖျစ်လေးတီးရင်း ပန်းနဲ့အတူ အခန်းထဲဝင်လေသည်။ ပန်းက ခရမ်းရဲ့ဝတ်စုံသုံးစုံစလုံးကို ခုတင်ပေါ် ဖြန့်ပြလိုက်၏။ ထိုဝတ်စုံလှလှလေးများကို မြင်တော့ ခရမ်းက သဘောကျကာ တစ်စုံပြီး တစ်စုံ ဝတ်ကြည့်၏။

တစ်စုံထက်တစ်စုံ လှသလို ခရမ်းသွေးနဲ့လည်း လိုက်ဖက်ပါ၏။ အစိမ်းနဲ့အနီ တွဲစပ်ထားတဲ့ ဆန့်ကျင်ဘက် ဒီဇိုင်းက ပိုလှနေသလားပဲ။

ထိုဝတ်စုံလေးကို ဝတ်ထားလျက်နဲ့ ပြန်ချွတ်မနေတော့ပါ။ တစ်ပါတည်း ဝတ်၏။

"ဒါလေး အကြိုက်ဆုံးပဲ"

မှန်ရှေ့မှ ကိုယ်လုံးလေး လှည့်ကြည့်ရင်း ခရမ်းသွေး ပြော၏။





အဖြူနဲ့သစ်စိမ်းရောင် ဖက်ရှင်လေးကိုလည်း ကိုင်ကြည့်ရင်း ...

"ဒါလေးလည်း မိုက်တယ်၊ အားလုံး ဘယ်လောက်ကျလဲ ပန်း"

"ပုံမှန်အတိုင်းပဲလေ"

"အိုး ပုံမှန်အတိုင်းမယူပ်ပါနဲ့၊ ပိုပေးပါ့မယ်"

"မလိုပါဘူး ခရမ်းရဲ့"

"အမယ်လေး၊ ရှင့်လက်ရာက တကယ့်ဖက်ရှင်ဆိုင်ကြီးတွေရဲ့လက်ရာအတိုင်းပဲ၊ ဈေးပေါပေါမယူပါနဲ့၊ ခရမ်းက သူငယ်ချင်းမို့ အားပေးရင်း ပိုပေးချင်တာပါ၊ ကဲ ရော့"

ခရမ်းသွေးပြောဆိုရင်း လက်ကိုင်အိတ်ထဲက တစ်သောင်းတန် သုံးရွက်ထုတ်ပေးလေသည်။

"အိုး နှစ်ဆတောင် ဖြစ်နေပြီ"

ပန်းကတွင်ပါ ငြင်းတာကို ခရမ်းသွေး လက်မခံ။

"အမယ်လေး တစ်စုံကို တစ်သောင်းတည်း ကျပါတယ်၊ ခရမ်းချုပ်နေတဲ့ 'သရဖူ'တို့ဆိုရင် ဒီလိုလက်ရာကိုပဲ နှစ်သောင်း၊ သုံးသောင်း မျိုး ယူတာလေ"

"ဪ သူတို့က ထိတ်ထိတ်ကြဲတွေကို ကိုင်ထားတာလေ"

"အဲဒါကြောင့် ပန်းကိုပြောတာ၊ သူတို့လို ဖက်ရှင်ဆိုင်ကြီး ဖွင့်ဖို့ ခရမ်း ကူညီမယ်ဆိုတာ လက်မခံဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ခရမ်းရယ်၊ ဒီပတ်ဝန်းကျင်မှာလည်း ပန်း အဆင်ပြေပါတယ်၊ ဈေးသက်သက်သာသာနဲ့ ချုပ်ပေးတော့ ဖောက်သည်ပိုရတယ်လေ၊ ဒါကြောင့်ပါ"

"ကဲ ဘာကြောင့်ဖြစ်ဖြစ် ခရမ်းပေးတာကိုတော့ ယူရမယ်၊ ဒါပဲနော်"

ခရမ်းက ပန်းပခုံလေးကို ပွေ့ဖက်ရင်း အတင်းအကျပ် ပြော၏။ ပိုက်ဆံပြန်အမ်းတော့လည်း မယူ။

ပန်းပဲ အားနာပါးနာနဲ့ ခရမ်းပေးတဲ့အတိုင်း ယူရလေသည်။

"ဒါနဲ့ ပန်းလက်ကိုင်ဖုန်းကော"

"ရှိပါတယ်"

"ခဏလောက်ပြ"

"အဲ"

ပန်း ခုမှ သတိရသည်။ အခန်းပြင် ပြန်ထွက်ပြီး စားပွဲပေါ်က လက်ကိုင်ဖုန်းလေး လှမ်းယူလျှင် ရင်တထိတ်ထိတ် ခုန်၏။

ခရမ်းက ပန်းကတ္တီပါလက်ထဲက ဖုန်းလေးကို လှမ်းယူသလို ပန်းကိုလည်း အခန်းထဲအရောက် ဆွဲသွင်း၏။ ထို့နောက် သိရီ မကြားအောင် တိုးတိုးလေး ကပ်ပြော၏။

"တွေ့လား"

"ဘာ ဘာကိုလဲ"





"ပန်းရဲ့ဖုန်းပေါ်ကျာပေါ် ထည့်ထားတဲ့ဓာတ်ပုံ"

"ဟင်"

ပြောဆိုရင်း ခရမ်းက ပန်းရဲ့ဖုန်းကိုဖွင့်လျှင် ထိုပုံလေး ပေါ်လာသည်။

"ဒါ . . . ဒါ ခရမ်း ထည့်ပေးထားတာလား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ ထည့်ထားတာလဲ ခရမ်းရယ်"

"ပန်း ရင်မခုန်ဘူးလား"

"အို"

ပန်းမျက်နှာလေး ရှက်သွေးနဲ့ ရဲမှည့်သွား၏။ ခရမ်းသွေးက သဘောတကျ ရယ်မောရင်း . . .

"ကဲပါ ရှက်မနေပါနဲ့"

"အို ဘာလို့ အဲဒီပုံကြီး ထည့်ပေးရတာလဲ၊ ပန်းက အံ့သြနေတာ၊ ဘယ်က ဘယ်လို ဒီပုံ ဝင်နေတာလဲလို့ နေပါဦး အဲဒါက ဘယ်သူ့ပုံလဲ"

ပန်းကတ္တီပါပါ ဗလုံးဗထွေးပြောရင်း မေးမြန်းမိသွား၏။ ထိုအခါ ခရမ်းသွေး ပို၍သဘောကျကာ ပန်းကတ္တီပါကို စိုက်ကြည့်လေသည်။ ပြီးတော့ တိုးတိုးလေး ကပ်မေး၏။

"ကြွေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟင့်အင်း"

ပန်းကဗ္ဗီပါ ပိုရှုံ့မလုံမလဲဖြစ်သွားသည်။

"မကြွေဘူးဆို ဒီပုံ ပြန်ဖျက်လိုက်မယ်လေ"

"အဲ"

ပြန်ဖျက်ပစ်မယ်ပြောတော့လည်း ပန်းကဗ္ဗီပါ နှမြောနေမိသည်။ ထိုအခါ ခရမ်းသွေး သဘောကျကာ ရယ်ပြန်ပြီး –

"မဖျက်ပါဘူး သူငယ်ချင်းရဲ့၊ သူ ဘယ်သူလဲ သိလား"

"ဟင် ဘယ် ဘယ်သူ"

ပန်း ကမန်းကတန်း မေး၏။

"ပန်း တကယ်သိချင်လား"

ပန်း ဟန်ဆောင်ဖို့တွေ မေ့သွားသလိုဖြစ်ကာ၊ ခေါင်းလေးအသာညိတ်မိလေသည်။ ဟုတ်တယ်လေ။ ဘယ်သူလဲဆိုတာ သိဖို့ပိုတယ် မဟုတ်လား။

ပြီးတော့ ဒီဓာတ်ပုံရှင်ကို ပန်း အပြင်မှာ မြင်ဖူးခဲ့သည်။ အပြင်မှာ မြင်ခဲ့တဲ့သူနဲ့ ခရမ်းပြောမယ့်သူနဲ့ တူနေမလားဆိုတဲ့ သိချင်ပတ်နဲ့ပါ။

"တကယ်သိချင်တယ်ပေါ့၊ အဲဒါဆိုလည်း ပြောပြရတာပေါ့၊ ဟင့် ဟင့် ဟင့်"

ခရမ်းသွေး ရယ်မောကာ ထပ်မေး၏။





"ပန်းသိချင်တာ ဦးနှောက်ထဲကလား၊ နှလုံးသားထဲကလား"

"ဟွန်း"

ဒီလိုနိုက်ချွတ်ချွတ်လာမေးတော့ ပန်း ဘယ်လိုဖြေရမှန်းမသိတော့ပါ။ ခေါင်းလေးပဲ ကုတ်ရမလို၊ လက်ချောင်းလေးတွေကိုပဲ ပွတ်နေရမလိုနှင့် မလုံမလဲ တကယ်ဖြစ်ရလေသည်။

"ကဲပါ ဦးနှောက်ထဲကလား၊ နှလုံးသားထဲကလား၊ ခရမ်းသိချင်တယ်၊ ပန်း စဉ်းစားပြီး ဖြေ"

"အို ပန်းက ရိုးရိုးသားသား သိချင်တယ်"

"ဟုတ်ပါပြီ ခရမ်းလည်း ရိုးရိုးသားသား ပြောပြပါ့မယ်၊ ဒါပေမဲ့ ခုတော့ မဟုတ်ဘူး။ ပန်း စဉ်းစားထား။ ခရမ်းက သန်ဘက်ခါမှ ပြောပြမယ်၊ သန်ဘက်ခါက ခရမ်းမွေးနေ့"

"အလို"

"ဟုတ်တယ်၊ ခရမ်းရဲ့မွေးနေ့အထိမ်းအမှတ်နေ့မှာ သူ ဘယ်သူလဲဆိုတာ ပြောလည်း ပြောမယ်၊ ပြလည်း ပြမယ်"

ခရမ်းက ထိုသို့ပြောရင်း ပန်းလက်ထဲကို ဖုန်းလေး ဖွင့်လျက်သား ထည့်ပေး၏။

"ခရမ်းမွေးနေ့မှာ ဆုံမယ်နော် ပန်း"

ခရမ်း ထိုသို့ပြောဆိုကာ သူမရဲ့ဖက်ရှင်အိတ်ကို ဆွဲယူ၍ ကြော့ကြော့လေး ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းမှာသာ ပေဂျာပေါ်မှ သူ့ပုံလေးကြည့်ရင်း ရင်မောစွာ ကျန်ရစ်ခဲ့သည်။

ကျန်ရစ်ခဲ့သည်က ရိုးရိုးလေးမဟုတ်ပါ။ ခရမ်းမေးတဲ့မေးခွန်းခလေးနှင့် တဝဲလည်လည်ဖြစ်ကာ။

သူ ဘယ်သူဆိုတာ ပန်းရဲ့ဦးနှောက်က သိချင်တာလား။ ဒါမှမဟုတ် နှလုံးသားက သိချင်တာလားတဲ့။

ပန်း ဘယ်လိုဖြေရမလဲ သူငယ်ချင်းရယ်။

လောလောဆယ် ပန်းဖြေနိုင်တာက ထိုမေးခွန်းကြောင့် ပန်းနှလုံးအိမ်မှာ လှုပ်ခါနေရတယ်ကွယ်။

တကယ်ရယ်။

✿ ✿ ✿



## အခန်း (၅)

"ရှင် သွားမလို့လား"

"ဘယ်လဲ ချောစုရဲ့"

ပန်းကဗွီပါ မှန်လာဥနီကို ပါးပါးလေးလှီးဖြတ်နေရင်း ပြန်မေးလိုက်သည်။ ချောစုက ငါးကြော်ရန် ဆီဒယ်အိုးထဲ ဆီလောင်းထည့်ရင်း ဆက်ပြောတယ်။

"ဘယ်ရမလဲ၊ ခရမ်းသွေးရဲ့မွေးနေ့ပွဲလေ"

"ဪ သွားမလားလို့"

"ဟွန်း သတိထားပြီးသွားဦး"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



လှီးပြီးတဲ့ မုန်လာဥနီအပိုင်းလေးတွေကို သီးစုံလှီးထားတဲ့ ဆန်ကာထဲ ကျုံးထည့်ရင်း ပန်းကတ္တီပါ မေးလိုက်သည်။

ချောစုက နှုတ်ခမ်းလေးကို မနှစ်မြို့စွာ တွန့်၍ –

"ခရမ်းသွေးက သာမန်နဲ့မတူဘူးလေ"

"ဘယ်လိုမတူတာလဲ"

"ဟဲ့ ခရမ်းပုံစံက ပန်းမှပန်းဖြစ်နေတာ ရိုးရိုးသားသား မဟုတ်နိုင်ဘူး"

"အိုး ချောစုကလည်း"

ချောစုပြောနေတာကို ပန်းကတ္တီပါ လက်မခံနိုင်ပါ။ ချောစုက ဆီဆူနေတဲ့ ဒယ်အိုးထဲ ဆားနဲ့ နနွင်းနယ်ထားတဲ့ ငါးရံ့အပိုင်းလေးတွေကို ထည့်၏။ ရှဲခနဲမြည်သံနောက်မှာ ချောစု ဆက်ပြော၏။

"ချောစုကလည်း လုပ်မနေနဲ့။ ခရမ်းသွေးက ကျောင်းတက်ကတည်းက ဘယ်လိုစရိုက်လည်းဆိုတာ ရှင်သိပါတယ် ပန်းကတ္တီပါရယ်"

ချောစုစကားဆုံးလျှင် ပန်းကတ္တီပါ ငေးခနဲဖြစ်သွားသည်။ ပန်းကတ္တီပါရဲ့မျက်ဝန်းအစုံမှာလည်း ငါးကြော်ဒယ်အိုးထဲက ပွက်ပွက်ဆူနေတဲ့ ဆီပူတွေကို အငေးသား ကြည့်ဖြစ်သည်က အလေးအနက်ရယ်။

ထိုအခါ ပန်းကတ္တီပါ တစ်ခုခုပြောဖို့ စကားလုံးရှာမရသလို ဖြစ်နေလျှင် ချောစုက ဆက်တိုက်ပြောလေသည်။





"တကယ်ဆို ကျောင်းအတူတူတက်ပြီး ဘွဲ့ရတာ ချောစုတို့လည်း အတူတူပါပဲ၊ ကျောင်းတက်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ အတန်းထဲက ဘယ်သူ့နဲ့မှ မျက်နှာကြောတည့်အောင် ခရမ်းသွေး စကားပြောဖူးလို့လဲ၊ ဒင်းက ရွှေဘုံစံသူဌေးသမီးဆိုတဲ့မာနနဲ့ ဂုဏ်မောက်နေတာလေ၊ ရှင့်တစ်ယောက်တည်းကို ရွေးပြီး စကားပြောတာ၊ ပြောတာတောင် ရိုးရိုးသာသား ပြောချင်တဲ့စိတ်နဲ့ မဟုတ်ဘူး။ ခိုင်းချင်တဲ့ စိတ်နဲ့"

"အဲ အဲလိုလည်း ဟုတ်မယ် မထင်ပါဘူး"

"ဘာလို့မဟုတ်ရမှာလဲ၊ ဒီဝတ်စုံလေး ဒီနေ့ချက်ချင်း ချုပ်ပေးပါဆို ရှင်ကလည်း ချက်ချင်းချုပ်ပေးလိုက်တာပဲ မဟုတ်လား"

"အိုး အဲဒါ အလုပ်သဘောပါ၊ ပန်းကို အမြန်ကြေးပေးပြီး ခိုင်းတာဆိုတော့"

"ချုပ်တာက ချုပ်တာတခြားပါဟာ၊ သုံးနှစ်သုံးမိုး ကျောင်းအတူတူတက်လာတာ၊ အတန်းထဲက ဘယ်တစ်ယောက်နဲ့ စကားပြောလဲ"

ချောစု ပြောကာမှ ပန်းကတ္တီပါ တွေးတောရလေပြီ။ တကယ်လည်း ခရမ်းသွေးက ချောစုပြောရလောက်အောင်ရယ်။ တစ်ခန်းလုံးမှာ ပန်းတစ်ယောက်တည်းနဲ့သာ ပြောဆိုလေ့ရှိပါသည်။

ပန်းနဲ့ စကားပြောဖြစ်တာက ဒီလို။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဒီမှာ"

ပန်းကတ္တီပါအနား လာရပ်ပြီး ခေါ်တဲ့အသံ။ ပန်းကတ္တီပါ လက်ချာစာအုပ်ဖွင့်ဖတ်နေရာမှ မော့ကြည့်လိုက်၏။

ကာလာခြယ်မျက်နှာလေးနဲ့ ပန်းကတ္တီပါကို စိုက်ကြည့်နေတဲ့ ခရမ်းသွေးရယ်ပါ။

"ဘာလဲဟင်"

ပန်းကတ္တီပါ မေးလိုက်တော့ ခရမ်းသွေးက ပန်းကတ္တီပါ၏ ဘေး ထိုင်ခုံလွတ်မှာ ထိုင်ချပြီး –

"ရှင်ဝတ်ထားတဲ့ အင်္ကျီပုံကြိုက်လို့"





"ဟင်"

ပန်းကတ္တီပါ သူမကိုယ်သူမ ပြန်ငုံ့ကြည့်ဖြစ်သည်။ ပန်းကတ္တီပါ ဝတ်ထားတဲ့အင်္ကျီပုံဆန်းဆန်းကြီး မဟုတ်ပါ။

ပန်းတစ်ဖက်ကနေ အလွှာအထပ်လေးယှိုင်၍ စင်းကျနေသော ဘေးတစောင်းပုံဖြစ်ပြီး ခါးအောက်နားမှာ အတွန့်ပါတဲ့ အပွင့်ဝိုင်းကြီး ထွင်ထား၏။ ထိုအပွင့်ဝိုင်းအလယ်မှာ ကျောက်ပွင့်အကြီးကြီးတစ်လုံးပါ လေသည်။

"အဲဒီဒီဇိုင်း ဘယ်မှာချုပ်တာလဲ"

"ပန်းဘာသာ ထွင်တာပါ"

"ဟင်၊ ရှင်က ထွင်တတ်တယ်"

"ဟုတ်တယ်၊ ပန်းက အပ်ထည်တွေ ထွင်ပြီး ချုပ်ပေးတတ်တယ်"

"အလိုလေ တကယ်"

"တကယ်ပါ၊ ပန်းက အဲဒီဝင်ငွေနဲ့ ကျောင်းတက်ရတာလေ"

"အလို့လေ"

ခရမ်းသွေး အံ့ဩပြီးရင်း အံ့ဩနေပါသည်။ အထည်ချုပ်လို့ ရတဲ့ ဝင်ငွေနဲ့ ကျောင်းတက်နေရတာတဲ့။

ခရမ်းသွေး မယုံနိုင်စွာ စိုက်ကြည့်မိ၏။ ထိုအခါ ပန်းက ခေါင်းလေးဆတ်၍ –



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ခရမ်းသွေးရဲ့၊ ခရမ်းသွေးချုပ်ရင် ပိုတ်စယူခဲ့ ပန်းချုပ်ပေးမယ်"

"တကယ်လား"

"တကယ်ပါ ခရမ်းရဲ့"

"အဲဒါဆို လာ၊ ခုချက်ချင်း ပိတ်စဝယ်ပေးမယ်"

ပြောရင်း ဆိုရင်း ပန်းကတ္တီပါကို ခရမ်းသွေး ဆွဲခေါ်လာသည်။

"ဟို အတန်းရှိသေးတယ် ခရမ်းရဲ့၊ အတန်းပြီးရင်"

"လာပါ၊ ပိတ်စဝယ်တာ ဘယ်လောက်ကြာတာမှတ်လို့"

ပြောရင်းဆိုရင်း ခရမ်းသွေး မရမကဆွဲခေါ်တာမို့ ပန်းကတ္တီပါ ငြင်းရခက်သွားသည်။

ပန်းရဲ့ဘေးနားက သူငယ်ချင်းများက ခရမ်းသွေးအပြုအမူကို မနှစ်မြို့စွာ ဝိုင်းကြည့်ကြ၏။

ပန်းကတ္တီပါကိုလည်း ဟန့်တားလိုက်ကြသည်။

"အတန်းစတော့မှာ ပန်းရဲ့"

ဘေးချင်းကပ်ထိုင်နေတဲ့ ချောစုက ဝင်ပြော၏။ ထိုအခါ ခရမ်းသွေးရဲ့မျက်ဝန်းရင့်ရင့်က ချောစုဆီ ဒိုင်းခနဲ ရောက်သွားပြီး –

"အတန်းစတာ, မစတာ ရှင်နဲ့မဆိုင်ပါဘူး။ ငါတို့ကိစ္စ ကြားဝင် မပါနဲ့၊ ပန်းကတ္တီပါ ဝင်ငွေရအောင် ငါ ကူညီနေတာ၊ လာ ပန်းကတ္တီပါ"

ပြောဆိုရင်း ပန်းကတ္တီပါကို စာသင်ခန်းထဲက တကယ်ဆွဲခေါ်



သွားလေသည်။ ပန်းကတ္တီပါ ကျိုးကြောင်းပြဖို့ ကြိုးစားသော်လည်း ခရမ်းသွေးစိတ်ကသာ အနိုင်ယူသလိုဖြစ်၏။

"လာ ပန်း"

"ဪ အင်း အင်း"

ဒီလိုနဲ့ပဲ ပန်းကတ္တီပါခမျာ ခရမ်းသွေးအလိုကျ ပါတော်မူကာ၊

မှတ်မှတ်ရရပြောရရင် ထိုနေ့က ပန်းကတ္တီပါရဲ့အတန်းအချိန် တွေအားလုံး ပျက်ကုန်သည်။

ခရမ်းသွေးပိတ်စဝယ်တဲ့ဆီလိုက်ရတာ ဖတ်ဖတ်မော၏။ အစမ်းချုပ်ကြည့်ချင်လို့ တစ်စုံဝယ်တယ်ဆို တော်ရော့ပေါ့။

ခုတော့ အဲလိုမဟုတ်ပေါင်။

ကိုးရိုးယားက တိုက်ရိုက်လာတဲ့ ပိတ်စအရောင်စုံဝယ်တာက တစ်စုံစာမဟုတ်။

အစုံနှစ်ဆယ်တိတိ။

ဘုရားရေ။

ပန်းကတ္တီပါ မျက်လုံးပြူးရ၏။

"တစ်နေ့ တစ်စုံပြီးအောင် ချုပ်ပေး။ ပြီးတော့ ခရမ်းကြိုက်တဲ့ ကာတ်တလောက်ပါ ဝယ်ပေးမယ်"

ဒီလိုနဲ့ ကာတ်တလောက်တွေပါ ဝင်ပြန်သည်။

ဒါတင်မက



www.burmeseclassic.com

www.burmeseclassic.com



ဒီဗိုင်းထွင်တဲ့ဆီမှာသုံးတဲ့ အလှပစွည်းအသေးအမွှားလေးတွေကအစ ဝယ်ပေး၏။ ဒီလိုနှင့်ပင်။

ပန်းကတ္တီပါက ခရမ်းသွေးရဲ့ပင်တိုင်လက်စွဲတော် ဖြစ်ခဲ့သည်။ ထိုသို့လက်စွဲတော်ဖြစ်ရသည်ကို ချောစုတို့က မကြည်လင်။

မကြည်လင်တာက ခရမ်းသွေးဟာ၊ သူမ လိုချင်ပြီဆို ချက်ချင်းဖြစ်သည်။ ပန်း အချိန်အားတာ,မအားတာ ခရမ်းမသိဘူး။

ခရမ်းသွေးက ခိုင်းရင် ပန်းကတ္တီပါမှာ ငြင်းတဲ့စွမ်းအားမရရှိတာက အကြောင်းမဲ့ဟုတ်ရိုးလား။

ပန်းကတ္တီပါရဲ့ဘဝက ထွင်ရင်းချုပ်ရင်း ရတဲ့ဝင်ငွေလေးနဲ့ ရပ်တည်နေရတဲ့ဘဝလေ။

ထိုဘဝရဲ့အစမှာလည်း မတွေးချင်ဘဲ မနေသာသလို ဖြစ်ရသည်မို့ တွေးရသည်သာ။

✿ ✿ ✿



## အခန်း (၇)

"ဟီး"

"ဟဲ့ ငိုမနေနဲ့ ပန်း"

"ဟီး ငိုမယ်၊ ငိုရမယ် အမေကြီးရဲ့၊ ဟီး"

"ဟွန်း ပြောမရလည်း ငိုဟေ့ ငို၊ သေအောင်ငိုဟဲ့၊ တကတဲနော်"

အမေကြီး ဒေါ်ခင်ပု စိတ်လွတ်လက်လွတ်ပြောကာ ပုဆိုင်နဲ့နေသော ပျဉ်ထောင်အိမ်ကလေးပေါ် တက်သွားလျှင် ပျဉ်ထောင်အိမ်လေးလှုပ်ခါသွားသယောင်ဖြစ်၏။

ပန်းကတ္တီပါက ခြံဝမှာရပ်ရင်း တဟီးဟီးနဲ့ ငိုနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ကလည်း မေမေနဲ့ ဦးလေးတို့ လက်တွဲပြီး ထွက်သွားရာနောက် ငိုရင်းကြည့်၊ ကြည့်ရင်း ငိုရင်းနှင့် ဖြစ်လေသည်။

"ဟီး"

ထိုစဉ်က ပန်းကတ္တီပါက ကိုးနှစ်အရွယ်ကလေးပါ။ ကလေးတစ်ယောက်အနေနဲ့ ထိုစဉ်က ငိုရုံသာ တတ်နိုင်တဲ့ဘဝ မဟုတ်လား။

ငိုရတဲ့အကြောင်းရင်းလက်ညး ခပ်ရိုးရိုးလား၊ ခပ်ဆန်းဆန်းလား။ ပန်းကတ္တီပါ မခန့်မှန်းတတ်ပါ။ ပန်းကတ္တီပါ ကောင်းစွာသိနေသည်က သူ့မဘဝထဲမှ ဖေဖေရော၊ မေမေပါ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားတယ်ဆိုတာပါပဲ။

ပန်းကတ္တီပါ ငါးနှစ်အရွယ်မှာ ဖေဖေနဲ့မေမေနဲ့ ကွာရှင်းသတဲ့။

"ကွာပါစေ၊ ကွာတာ အေးတယ်၊ ကလေးတစ်ယောက် အဖတ်တင်တာပဲရှိတယ်၊ လက်ကြောမတင်းတဲ့အကောင်၊ ကစားသမား၊ ဖဲသမား၊ ဘောလုံးပွဲလောင်းသမား၊ မယားနဲ့ကလေးကို မရှာကျွေးတဲ့ အပြင် ခြေပုန်းပါ လှည့်ခုတ်လိုက်သေးတယ်၊ ဒင်းလိုကောင်နဲ့ ကွာတာ ငါ့သမီး ကံကောင်းတယ်အေ့"

အမေကြီး ထိုသို့ပြောဆိုကာ မေမေနဲ့ပန်းကို ရင်အုပ်မကွာ ပြုစုစောင့်ရှောက်ရှာသည်။ ကုန်စုံဆိုင်လေးဖွင့်ထားတဲ့ အမေကြီးရဲ့ရှာစာနဲ့ ပန်းတို့သားအမိ မငြူလုံ့လှပါ။

ဖေဖေက မေမေနဲ့ ပြောဆိုကွာရှင်းပြီး သိပ်မကြာပါ။ နောက်





မိန်းမယူလေသည်။ ဖေဖေယူတဲ့မိန်းမက ငွေတိုးချစားတဲ့ မယုယုဆိုလား။ ဘာလား။ ဒင်းကလည်း လင်ကွဲ၊ ဖေဖေကလည်း ဇရှိတော့ ဘောလုံးပွဲလောင်းဖို့ ငွေတိုးချေးရင်း မယုယုဆိုတဲ့ သူ့မကို ယူလိုက်၏။

မေမေက အဲဒါကို အံတကြိတ်ကြိတ်ဖြစ်ရှာသည်။

မေမေ စိတ်ကူးထဲမှာ မခံချည့်မခံသာလည်း ဖြစ်၏။ ရပ်ကွက်ချင်းနီးတာမို့ ဟိုတစ်ကွေ့၊ ဒီတစ်ကွေ့ မထင်မှတ်ဘဲ တွေ့တွေ့နေတော့ မေမေလည်း ဆုံးဖြတ်လိုက်ဟန်တူသည်။

ထို့နောက် ဖိနပ်စက်ရုံမှာ မေမေ အလုပ်ဝင်၏။

အလုပ်ဝင်ပြီး မကြာဘူး။ မေမေနဲ့အတူ ဖိနပ်စက်ရုံမှာ မန်နေဂျာဆိုလား၊ ဘာလား အဲဒီလူတစ်ဦးနဲ့ ရင်းနှီး၏။

လူပုံက ဖေဖေ့လိုပဲ ခပ်ချောချောရယ်။

ဖေဖေ့ထက် ငါးနှစ်လောက်ကြီးမလားပဲ။ ထိုသူနဲ့ မေမေ တတွဲတွဲဖြစ်၏။

ထိုအခါ အမေကြီးက မေမေ့ကို ဆူလေသည်။

"ပန်းကံ့ကော် ညည်း စိတ်မှတ်မရှိဘူးလား"

"ဘာလဲ အမေရဲ့"

"ဟဲ့ လင်ယူဖူးပြီးပဲ၊ ကောင်း,မကောင်း သိရောပေါ့၊ ခုတစ်ခါ"

"ဟာ အမေကလည်း ဟိုသေချင်းဆိုးမကောင်းတာနဲ့ ယောကျာ်းအားလုံး မကောင်းတော့ဘူး ဖြစ်ရမတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ နေစမ်းပါဦး၊ အခုကောင်က ကောင်းနေပြီလား။ ဘာတွေကောင်းနေလဲ၊ ငါ့ပြောစမ်း"

ပန်းကတ္တီပါ အိင်္ဂျီတွေလုပ်ရင်း မေမေနဲ့အမေကြီးပြောနေတဲ့စကားကို မျက်လုံးဝိုင်းလေးနဲ့ ကြည့်ရင်း နားထောင်နေမိသည်။

မေမေက ဆတ်ဆတ်ထိမခံဖြစ်ကာ မျက်နှာကို အလုပြင်နေရာမှ ပြန်ပြော၏။

"ကောင်းတာပေါ့ အမေ၊ ကံ့ကော်လစာအားလုံး အမေ့ကို ပေးနိုင်တယ်လေ၊ ကံ့ကော် သုံးစွဲဖို့ လိုတာမှန်သမျှ ဝယ်ပေးနိုင်တာ အမေ သိတာပဲ"

"အေး လိုတာဝယ်ပေးတိုင်း ကောင်းသလား။ ညည်းမွေးထားတာ သမီးဟဲ့"

"သမီးမိန်းကလေးလည်း ဘာဖြစ်လဲ၊ ကိုကြီးက ရှာကျွေးမှာပဲ"

"အမယ်လေး၊ တော်ပါတော့ မိကံ့ကော်ရယ်၊ ရှာကျွေးတာက နောက်၊ ယောက်ျားတွေ သောက်ကျင့်ကိုက ကောင်းတာမဟုတ်ဘူး။ တော်ကြာ ညည်းသမီးကို"

"အမေ"

အမေကြီး ပြောစကားမဆုံးခင် မေမေက ဖိအော်၏။

"ညည်း ငါ့ကို မအော်နဲ့ မိကံ့ကော်၊ ညည်း အဲဒီကောင်နဲ့ ယူရင် ငါ့အိမ်ပေါ် တက်မလာနဲ့"





"စိတ်ချ အမေ့အိမ်ပေါ် ကိုကြီး တက်မလာဘူး၊ ကံ့ကော်တို့ အိမ်ငှားနေမယ်"

"နေဟေ့နေ၊ ညည်းတို့မွေးတဲ့ သမီးကို ငါပဲ ဒိုင်ခံထိန်းမယ်၊ အေး နောက်တစ်ခါ ကလေးတစ်ယောက်ပိုက်ပြီး ငါ့အိမ်ပေါ် တက်မလာနဲ့"

"စိတ်ချ အမေရဲ့၊ ကိုကြီးက သက်ဝင်းလိုမဟုတ်ဘူး၊ အမေ စောင့်ကြည့်လိုက်"

မေမေက ထိုလူကြီးကို ယုံကြည်ကိုးစားစွာ ပြောဆိုကာ အလုပြင်ပြီး အလုပ်သွား၏။

ထိုနေ့ကတည်းက မေမေ အိမ်ပြန်မလာ။

ထိုလူကြီးနဲ့ ခိုးရာလိုက်ပြေးပြီး ဟန်းနီးမွန်းဆိုလား၊ ဘာလား ထွက်သွားကြတာ တစ်လနီးပါးကြာသည်။

ထိုလူကြီးရဲ့အမျိုးတွေရှိရာ အညာဘက်က ပြန်လာပြီး အမေကြီးကို လာကန်တော့၏။

ပန်းက မေမေ့ကို လွမ်းလွမ်းမောမော ပြေးဖက်ပေမယ့် အမေက အဖက်မခံ။ ပန်းကို တွန်းပစ်ရင်း တော်ရာမှာ သွားနေတဲ့။

ပန်းမှာ တကြိတ်ကြိတ်နဲ့ ငိုလိုက်ရတာ။

အမေကြီးကို ကန်တော့ပြီး မေမေနဲ့ ထိုလူကြီး ပြန်သွားတော့မှ ပန်းကတ္တီပါ ဟီးခနဲ ငိုချခြင်း။



www.burmeseclassic.com

www.burmeseclassic.com



အမေကြီးက ပန်းကို ချော့မော့ပါသေးသည်။ ပန်း ငိုမြဲ ငိုနေတော့ စိတ်မရှည်ချင်တဲ့ အမေကြီးက ဆူဟယ် မာန်ဟယ် ပြုလေသည်။

ပန်းမှာသာ မေမေရှိလျက် မေမေ့ရင်ခွင်ထဲမှာ မနေရ။ ဖေဖေ ရှိပါရဲ့နဲ့။ ဖေဖေရယ်လို့ ပူဆာခွင့်မရခဲ့။

ဖေဖေနဲ့မေမေ တစ်အိုးတစ်အိမ်ထီ ထူထောင်ပြီး နေနေကြတာ။ ပျော်လို့ မော်လို့။

ပန်းကတ္တိပါမှာသာ ငေးရင်းတွေးရင်း စိတ်မချမ်းမြေ့မှုနဲ့ ရှင်သန်ခဲ့ရကာ။

✿ ✿ ✿



## အခန်း (၈)

"ဘယ်ကောင်လဲကွ၊ ငါ့သမီးရှိတဲ့ အိမ်ပေါ်တက်နေတာ"

"ငါ့မယားအိမ် ငါတက်နေတာ၊ မင်းနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ကွ၊ အဲဒီအိမ်မှာ ငါ့သမီး ရှိတယ်"

"အဲဒါ ဘာဖြစ်လဲ"

"မင်း ကြံမလို့ မဟုတ်လား"

"ဟာ"

ဦးတင်မောင် ဒေါသတွေ ဖွာထွက်ကာ။ တွေ့ကရာ လိုက်ကောက်တော့ အုတ်နီခဲတစ်ခဲရ၏။ ထိုအုတ်နီခဲနဲ့ ပစ်ပေါက်၏။ ဦးသက်ဝင်းကလည်း မခေ။



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရှားရင်း ခြံစည်းရိုးတိုင် ဝါးဆစ်ပိုင်းကို ဆွဲနှုတ်၏။

"မင်း ငါ့ကို မစော်ကားနဲ့ကွ၊ ငါက ငါ့မယားကို မပစ်နိုင်လို့ မယားအိမ် လိုက်နေတာ"

"မနေနဲ့ ငါ့သမီးရှိတဲ့အိမ်မှာ မနေနဲ့၊ ပထွေးကောင်"

"တော်ကြတော့"

"မတော်နိုင်ဘူး မိကုံ့ကော်၊ ညည်းလင်ကို ညည်းအိမ်ပေါ် ခေါ်တင်လာတာ၊ သမီးကို ကြံခိုင်းမလို့လား"

"ရှင် မမိုက်ရိုင်းနဲ့နော်"

ပထွေးရယ်၊ မေမေရယ် တစ်ဖက်။ ဖေဖေက တစ်ဖက် ဖြစ်ကြလေသည်။ ထိုစဉ်က ပန်းကတ္တီပါ ဆယ့်လေးနှစ်ပါ။ ကြီးကောင်ဝင်လာတဲ့ ပန်းက အပျိုဖြန်းလေးဖြစ်နေတဲ့အချိန်။ မေမေ နေထိုင်မကောင်းလို့ အမေကြီးက မေမေ့ကို အိမ်ခေါ်ထားတာ တစ်ပတ်မပြည့်သေးပါ။

ပထွေးဖြစ်သူပါ လာနေခြင်းပါ။ အမေကြီးက ဦးလေးဦးတင်မောင်ကို မကြည့်တကြည့်နဲ့ လက်ခံထား၏။ ထိုသတင်းကြားသွားတဲ့ ဖေဖေက အိမ်ရှေ့လာပြီး အော်ဟစ်ပြောဆိုလျှင် ပြဿနာဖြစ်ကြလေသည်။

"ငါ့အိမ် ငါခေါ်တင်တယ်၊ နင့်မယားအိမ်မှာ ငါ့လင်တက်နေတာ မဟုတ်ဘူး ... ကစားသမားရဲ့"

"အောင်မယ်၊ မင်းက လင်ဘက်ထိတော့ နာတယ်၊ မင်းလင် ဘာအကြံနဲ့လဲ မင်း မသိဘူးလား"





"ဘာအကြံနဲ့ဖြစ်ဖြစ် နင်နဲ့မဆိုင်ဘူး"

"ဘာမဆိုင်ဘူး ပြောဦးကွာ ... ခွပ်"

ပြောရင်းဆိုရင်း ဖေဖေ့ဒေါသ ပေါက်ကွဲကာ မေမေ့မျက်နှာကို ဝင်ထိုး၏။ အထိုးခံရတဲ့ မေမေ ခွေလဲသွားလျှင် ဦးလေးကလည်း လက်မနေး။ အုတ်ပြားနဲ့ ပစ်ပေါက်၏။

ဖေ့ဖေ ရှောင်လိုက်ပေမယ့် အုတ်အစွန်း ဖျားနဲ့ထိကာ မျက်ခုံးစပ်မှာ အက်ကွဲ၍ သွေးတွေဖြာကျ၏။

"ဟင် မင်း မင်း"

ဖေဖေက ပြေးထိုး၏။ ဦးလေးကလည်း ခါးတောင်းကျိုက်၍ ပြန်ထိုး၏။ မေမေက အထိုးခံထားရလို့ လဲနေရာမှ ရုန်းထရင်း ဖျန်ဖြေသော်လည်း မရ။

"ခွပ်"

"အား"

"အွတ်"

"ခွပ် ခွပ်"

"အွပ်"

နှစ်ယောက်သား လုံးထွေးသတ်ပုတ်နေကြတာ။ အမေကြီး အိမ်ရှေ့က မြေသလင်းမှာ ဘတစ်ပြန်၊ ကျားတစ်ပြန် ဖြစ်စေသည်။

"လာကြပါဦး၊ လာကြပါဦး ... ဒီမှာ သတ်ကျန်ကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ထိုသို့အော်ဟစ်ကာ ပတ်ဝန်းကျင်ကို အကူအညီ တောင်း၏။

"မဆိုင်တဲ့ကောင် မဝင်နဲ့၊ ပွဲကြမ်းသွားမယ်ကွ"

ဖေဖေက ဦးလေးကို လှမ်းကန်ရင်း ဝင်ဖြေမယ့်လူတွေကို မာန်မဲ၏။ ထိုအခါ ဖျန်ဖြေချင်သူများ နောက်ဆုတ်သွား၏။

ထိုအချိန်မှာ တစ်လမ်းကျော်မှ ဘွားတင်အုံးကို လူနာသတင်း မေးသွားတဲ့ အမေကြီး ရောက်လာလေသည်။ အိမ်ရှေ့သလင်းမှာ သားမက်နှစ်ယောက် လုံးထွေးနေတာ မြင်တော့ ဒေါသထွက်၏။

"ဟဲ့ ဒါ ဘာဖြစ်နေကြတာလဲ"

"အမေ့သားမက်နှစ်ယောက် ထိုးနေကြတာလေ အမေရဲ့"

မေမေက အမောဆို့သံနဲ့ ပြန်ပြော၏။

"ထိုးကြ၊ ထိုး။ ဘယ်သူနိုင်လဲ ငါ စောင့်ကြည့်မယ်"

အမေကြီး ထိုသို့ပြောရင်း အိမ်ရှေ့ သုံးရေကန်ထဲမှ ရေပုံးကို ဆွဲယူ၏။ ရေအပြည့်ပါတဲ့ ထိုရေပုံးဆွဲရင်း သားမက်နှစ်ယောက်ကို စိတ်ပျက်စွာ ကြည့်၏။ ပုဆိုးကျွတ်၊ ဘာကျွတ်အယိ လုံးနေကြတဲ့ သားမက်နှစ်ယောက်ကိုကြည့်နေရင်း အမေကြီးစိတ်မှာ မုန်းလည်း မုန်းလာသည်။

"မင်းလား . . . ငါ့သမီးရှိတဲ့ အိမ်ပေါ်တက်နေတာ ခွပ်"

"အား . . . ငါ့မိန်းမအိမ်ပေါ် ငါတက်နေတာ၊ သေချင်းဆိုး





ကောင်ရဲ့ . . . ခွပ်"

တစ်ယောက်နဲ့တစ်ယောက် အစွမ်းကုန် ကြိတ်နေကြတာ၊ နှာရောင်တာတွေနှင့် နှာခေါင်းသွေးယိုသူယို၊ ပါးစောင်းက သွေးကျသူ ကျနှင့်။ နှစ်ယောက်သား မောဟိုက်နေပေမယ့် လက်မလျှော့သေး။

ခွပ်လက်ညီနေတဲ့ တိုက်ကြက်နှစ်ကောင်လို ဖြစ်နေကြသည်။ ထိုအခါ အမေကြီးက ကြည့်နေရင်း မုန်းတီးလာဟန်တူသည်။

ဆွဲထားတဲ့ ရေပုံးထဲက ရေတွေနဲ့ လုံးထွေးထိုးသတ်နေကြတဲ့ နှစ်ယောက်ကို ပက်ထည့်၏။

"ဗွမ်း"

ခွေးနှစ်ကောင်ကိုက်လို့၊ မလွှတ်ရင် ရေနဲ့ပက်ရသလိုပေါ့။ ခုလည်း ရေတစ်ပုံးပြီးတစ်ပုံး ဆင့်ပက်တော့ နှစ်ယောက်သား ဝူးဝူးဝါးဝါး နဲ့ လူချင်းခွာကာ ရေပုံးအတာလွတ်ရာ ဆုတ်ပြေးကြ၏။

"သေချင်းဆိုးနှစ်ကောင်၊ ငါ့သမီး ငါ့မယားနဲ့ အခုမှ ဘာစိတ် နဲ့ အရှီးတွန်နေကြတာလဲ"

"အမေ့သမီးက လင်ငယ်ကို ကျွန်တော့်သမီးရှိတဲ့အိမ်ပေါ် ခေါ်တင်တာ ကောင်းသလားဗျ"

ဖေဖေ လုံချည်ကွင်း ပြေးကောက်ဝတ်ရင်း ဒါပဲပြောသည်။ အမေကြီးက ရေစည်ထဲ ရေပုံးနှစ်ရင်း . . .

"ဘြော် သမီးနဲ့ ပထွေးကို စိတ်ပူရင်း နင် ဘာလို့ နင့်မယားကို



www.burmeseclassic.com

www.burmeseclassic.com



ကွာပစ်သလဲ၊ နင်ကွာလို့ လင်ငယ်ယူတယ်၊ လင်ငယ်ယူတော့ နင့်သမီး ပထွေးနဲ့ နေရမယ်ဆိုတာ နင် မသိဘူးလား"

"ဟာ အမေကလည်း"

"ဘာ အမေကလည်းလေ၊ သွား နင့်သောက်ခွင့် ငါ မကြည့်ချင်ဘူး၊ နင်လည်း နင့်မယားအိမ်ပေါ် နင်တက်နေတယ် မဟုတ်လား"

အမေကြီး ထိုသို့ပြောလိုက်တော့ ဖေဖေ ဘာမှပြန်မပြောနိုင်။ အံတကြိတ်ကြိတ်နဲ့၊ ပထွေးကို ပြေးထိုးတော့မလို လုပ်၏။ ပထွေးကလည်း မခေ။

"ငါလည်း ငါ့မယားအိမ်ပေါ် ငါ တက်နေတယ်ကွ"

နှစ်ယောက်သား မယားအိမ်ပေါ် တက်နေတာချင်း အတူတူ သက်ဝင်းက ခံရခက်နေသည်။ ပထွေးနဲ့အတူ တစ်မိုးအောက်မှာ သူ့သမီး အတူရှိနေတဲ့အဖြစ်ကို သူ ဘယ်လိုမှ သည်းမခံနိုင်။

"မင်း ထမင်းဝအောင်စားတားကွ၊ နောက်တော့ သက်ဝင်း ဘာကောင်ဆိုတာ သိရစေ့မယ်"

ဖေဖေ ထိုသို့ပြောဆိုလို့ မဆုံးသေး။ မိထွေးတော် ရောက်လာပြီး ဆွဲခေါ်သွား၏။

"ထမင်းတင်မက သွေးပါဝအောင် ပေါက်ပြီး စောင့်နေမယ်ကွ"

ဦးလေးကလည်း ရင့်ရင့်ရှိုင်းရှိုင်းပြော၏။

"ကဲ တော်ကြတော့၊ ငါလုပ်လိုက်ရင် နှစ်ယောက်လုံး အချုပ်ထဲ





ရောက်တော့မယ်၊ ဟဲ့ မိကံ့ကော် ... ညည်းလင် ညည်းခေါ်ပြီး သွားတော့၊ ကြိုက်တဲ့နေရာ နေကြတော့"

"အမေကလည်း"

မေမေက ဒီအိမ်က ဆင်းချင်ပုံမရပါ။ ထိုသို့ပြောလျှင် အမေကြီးက ရေဆွဲပုံးကို ဆောင့်ချပြီး ...

"အမေကလည်း လုပ်မနေနဲ့၊ ညည်းလင်နှစ်ယောက်လုံး ဆင်ခြင်တုံတရားမရှိဘူး၊ ခွေးထီးတွေလို ငြိုင်ကိုက်နေကြတာ၊ ညည်း မြင်တယ် မဟုတ်လား၊ နောက်ဆို လူသတ်မှုပါ ဖြစ်မယ်၊ ညည်းတို့ကြောင့် ငါတို့ မြေးသွား ခံစားရတယ်အေ့"

အမေကြီး ပြောရင်း မျက်ရည်ကျလာသည်။

"သမီးတစ်ယောက်ကို ဘယ်သူမှ တာဝန်ယူမယ်၊ ပေးကမ်းမယ်၊ ပြုစုစောင့်ရှောက်မယ်ဆိုတာ မရှိကြဘူး၊ သမီးက အရွယ်မရောက်သေးဘူး၊ ဖအေလုပ်တဲ့သူက မလျှော်တိုင်တက်နေပြီ၊ ပထွေးလုပ်တဲ့သူကလည်း ပြဿနာမဖြစ်အောင် ရှောင်မယ်ဆိုတာ မဟုတ်ဘူး၊ ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်နေကြတာက ငါ့အဝန်းအဝိုင်းထဲမှာ၊ နင်တို့ဘာသာ အပြင်မှာနေတုန်းက ဖြစ်ကြပါတော့လား၊ ဘာလို့ ငါ့အိမ်လာပြီး ဖြစ်နေကြတာလဲ၊ သွား ... ဟော့ တင်မောင် ... မင်းလည်း ငါ့အိမ်ပေါ်က ဆင်း၊ မိကံ့ကော် ... ညည်းပါလိုက်သွား၊ ဒီမှာမနေကြနဲ့ သွားကြ"

အမေကြီး ထိုသို့ပြောဆိုနှင်ထုတ်တော့ မေက ငိုချသည်။

www.burmeseclassic.com



ဦးလေးကလည်း မျက်နှာလေး ငယ်ပြီ၏။

"ကျွန်တော် အလုပ်ပြုတ်ကတည်းက အဆင်မပြေဖြစ်နေတာ ပါ အမေရယ်၊ ပြီးတော့ အမေ့သမီးကလည်း အသည်းရောင်ရောဂါနဲ့"

ဦးလေး ထိုသို့ပြောလျှင် အမေကြီး အံတကြိတ်ကြိတ်ဖြစ်၏။

"အေး နေကြ၊ ညည်းတို့လင်မယား ဒီအိမ်ပေါ်မှာ နေကြ ငါတို့မြေးအဘွား ဒီအိမ်ပေါ်က ဆင်းမယ်"

"ဟင်"

အမေကြီးစကားအဆုံးမှာ ပန်းကတ္တီပါ မျက်လုံးလေး ပြူး ၏။ ဒီအိမ်ပေါ်က ဆင်းမယ်တဲ့။

ဘုရားရေ။ အမေကြီးနဲ့ပန်းကတ္တီပါ ဘယ်မှာနေရပါ့မလဲ။

ပြောကြပါ အရပ်ကတို့ရယ်။

✿ ✿ ✿



## အခန်း (၉)

"ဟင် ဒီမှာနေရမယ်၊ ဟုတ်လား အမေကြီး"

"ဟုတ်တယ်အေ့"

"အလိုလေ"

ပန်းကတ္တီပါ မျက်လုံးလေးအပြူးသားနဲ့၊ အိပ်ခန်းတွဲလေးကို ကြည့်မိလေသည်၊ မျက်နှာဝဆယ်ပေနှင့် အရှည်ဆယ့်ငါးပေသာရှိတဲ့ အခန်းကျဉ်းလေးပါ။

ပန်းတို့နေခဲ့တဲ့ အမေကြီးပိုင်တဲ့ ပျဉ်ထောင်အိမ်က ဒီထက် နှစ်ဆကျယ်ပါသည်။ ခြံဝင်းလေးနဲ့မို့ နေရတာ လွတ်လပ်၏။ အိမ်ရှေ့မှ ခြံကွက်လေးရှိသလို အိမ်ရှေ့မှာ အိမ်ဆိုင်ဖွင့်တဲ့ တဲငယ်လေးဖြစ်တာမို့



www.burmeseclassic.com

www.burmeseclassic.com



မြေးဘွားနှစ်ယောက် ကျယ်ကျယ်ဝိန်းဝန်းနေနိုင်ခဲ့သည်။

ခုတော့ ...

"အလိုလေ ဖြစ်မနေနဲ့ မိပန်းရယ်၊ ညည်းလေး ရှေ့ရေးအတွ[က်] ငါ စွန့်စားပေးရတာအေ့၊ ဟိုအိမ်မှာ ဆက်နေလို့ မဖြစ်ဘူးအေ[့] ညည်းအမေနဲ့ ညည်းဦးလေးကို မောင်းချရင် သူတို့ ဒုက္ခရောက်မှာအေ[့] ဒါကြောင့် သူတို့လည်း ဒုက္ခမရောက်အောင် ညည်းအဖေရင်းလည်း ပြဿနာမရှာအောင် ငါတို့မြေးအဘွားလည်း လွတ်လွတ်လပ်လပ်[...] အောင် ငါ ဒီနေရာလေးကို ရွေးလိုက်တာအေ့၊ ကဲ ကဲ ပစ္စည်းတွေ[...] နေရာချအောင်"

အမေကြီး ပြောဆိုရင်း ပစ္စည်းတွေ အိမ်ခန်းလေးထဲ သယ်[...] သွင်းနေပါသည်။ ပန်းကတ္တီပါ ဘာမှပြန်မပြောတော့ဘဲ ပစ္စည်းတွေ[...] ဝိုင်းကူသွင်းရင်း သူမစိတ်ကို သူမ ကျေနပ်နိုင်အောင် ကြိုးစားရပေ[...] သည်။

သုံးထပ်ပြားကာထားတဲ့ ဒီအခန်းတွဲလေးကာ တစ်ဆက်တည်[း] ဆယ်ခန်းဖြစ်လေသည်။ ပန်းကတ္တီပါတို့ အခုနေရတာက ထောင့်ခ[န်း] အခန်းမို့ လမ်းနဲ့ နီးသလို ဈေးနဲ့ မျက်စောင်းထိုးဖြစ်သည်။

ဖေဖေ၊ မေမေတို့နဲ့ ရပ်ကွက်များစွာခြားပြီး မြို့နဲ့နီး၏။ အခ[...] အနားက ဈေးကလည်း စည်ကားတာမို့ အမေကြီး ဈေးထွက်ရောင်း[...] လွယ်ပါသည်။





သို့သော်လည်း အမေကြီးက ဈေးထွက်မရောင်းဘဲ စုဆောင်းထားတဲ့ ရွှေစအနည်းငယ်ကို ရောင်းချပြီး ငွေတိုးလေး ချ၏။ ပန်းက ကျောင်းဆက်တက်ရသည်။ ဖေဖေနဲ့ ဦးလေးတို့ရဲ့ပြဿနာသံနဲ့လည်း ဝေးသွား၏။ ပန်း ဆယ်တန်းအောင်တော့ အမေကြီးက ပန်းဘဝရှေ့ရေးအတွက် စီမံလေသည်။

"မိပန်း"

"ပြောလေ အမေကြီး"

"အေး ... ပြောရမယ်ဆိုရင် ညည်းဘဝ ညည်းလေး ရပ်တည်ဖို့ လိုတယ်၊ ဒါကြောင့် ... ကျောင်းဆက်တက်ရမယ်၊ အားတဲ့အချိန်မှာ စက်ချုပ်ပညာ သင်ရမယ်၊ ဆက်ချုပ်ပညာက မိန်းကလေးတစ်ယောက်ရဲ့ဘဝရပ်တည်နိုင်ဖို့ ဝင်ငွေရှာရလွယ်တဲ့ လက်မှုလုပ်ငန်းတစ်မျိုးပဲ၊ ဒါကြောင့် မြေးလေး စက်ချုပ်ပညာ တတ်ဖို့လိုတယ်၊ ဈေးထိပ်က အပ်ချုပ်ဆိုင် ဒေါ်စန်းကို အမေကြီး ပြောထားပြီးပြီ၊ မြေး သွားပြီး သင်ရမယ်၊ ကြိုးစားပြီး သင်နော်၊ အမေကြီးမှာ ပိုက်ဆံရှိလို့ မဟုတ်ဘူး၊ ဒါပေမဲ့ ... မြေးဘဝနောင်ရေး မပူမပင်နေနိုင်ဖို့ အမေကြီး ရုန်းနေရတယ်၊ စာကို တစ်ဖက်က ကြိုးစား၊ စက်ချုပ်ပညာကိုလည်း ကြိုးစားပြီးသင်"

အမေကြီးအစီအမံအတိုင်း ပန်းကတ္တီပါ ခေါင်းညိတ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အမေကြီး"

"အေး . . . အချိန်ကို တန်ဖိုးထား၊ ဝင်ငွေရအောင် ကြိုးစား။ ကျစ်ကျစ်လစ်လစ် သုံးစွဲ၊ အဲဒါဆို ငါ့မြေးလေး မျက်နှာငယ်စရာ အကြောင်း မရှိဘူး၊ ငါမရှိလည်း ဘယ်သူ့မှ အားကိုးစရာမလိုဘူး"

"အမေကြီးကလည်း နိမိတ်မရှိတာတွေ မပြောပါနဲ့"

"ဖြစ်တတ်တဲ့သဘာဝကို ပြောတာအေ့၊ ကိုယ့်အားကိုယ်ကိုးပြီး နေနိုင်ဖို့ အရေးကြီးတယ်၊ ကဲ လာ ပြောနေရင် ကြာတယ်၊ ဒေါ်စန်း လက်ထဲ တစ်ပါတည်း သွားအပ်ပေးမယ်"

အမေကြီးက ပြောရင် ပြောတဲ့အတိုင်း လုပ်တတ်သလို၊ လုပ်ရင်လည်း မြန်ဆန်လေသည်။ ပန်းကတ္တီပါကို ချက်ချင်းခေါ်သွားကာ အန်တီစန်းလက်ထဲ အပ်ခဲ့လေသည်။

ပန်းလည်း အပ်ချုပ်ပညာကို စိတ်ဝင်စားပါသည်။

ပန်းဘဝက အမေကြီးကိုသာ အားကိုးနေရတာယ်မဟုတ်လား။ မေမေက ဦးလေးနဲ့ တစ်မိသားစု၊ ဖေဖေက ဒေါ်ဒေါ်ယုနဲ့ တစ်မိသားစု။ ထိုမိသားစုနှစ်စု သူတို့ဘာသာ ရှုန်းကန်ရပ်တည်နေကြတာမို့ ပန်းကတ္တီပါကို လှည့်မကြည့်နိုင်ကြပါ။

အမေကြီးသာ ပန်းကတ္တီပါရဲ့တစ်ဦးတည်းသော အားကိုးယုံကြည်ရာပါ။ ဒါကြောင့် အမေကြီး အစီအမံအတိုင်း ပန်းကတ္တီပါ ကြိုးစားသင်သလို အန်တီစန်းကလည်း စေတနာအပြည့်နဲ့ သင်ကြားပေးတယ်။





ဒီလိုနှင့် ပန်းတို့မြေးအဘွား ငြိမ်းချမ်းစွာ နေထိုင်ခဲ့ကြသည်။ အထူးသဖြင့် ပန်း ပထမနှစ် စာမေးပွဲဖြေခါနီးတွင် ဖြစ်သည်။ ကျန်းကျန်းမာမာနဲ့ ဝဖြိုးဖြိုးရှိတဲ့ အမေကြီးခမျာ ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက် ဆုံးပါသွားလေသည်။

"ဘုရားရေ . . . အမေကြီး၊ အမေကြီး ဆုံးပြီ"

ပန်းမယုံနိုင်အောင် ဖြစ်ရကာ၊ ပန်းပါ ရုတ်တရက် သေဆုံးသွားသလား အောက်မေ့ရလေသည်။

အမေကြီး ဆုံးပါးသွားခြင်းက ပန်းကတ္တီပါရဲ့ကမ္ဘာအကြီးကြီးပြိုကျသွားသလိုပါပဲ။

အမေကြီးရယ်။

ပန်းကို တစ်ယောက်တည်း ထားရက်ပြီးလား။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"တိတ်ပါ သမီးရယ်၊ တိတ်ပါကွယ်"

မေမေက ပန်းကတ္တီပါကို ကရုဏာသက်စွာ ချော့မော့ပေမယ့် ပန်းကတ္တီပါ ကြေကြေကွဲကွဲ ငိုနေခဲ့ဖြစ်သည်။

"သမီးရဲ့အမေကြီး မရှိတော့ပေမယ့် မေမေတို့ ရှိပါသေးတယ် အားမငယ်ပါနဲ့ သမီးရယ် နော်၊ တိတ် တိတ်"

မေမေက ပန်းကတ္တီပါရဲ့မျက်ရည်စတွေ တယုတယ သုတ်ပေးရင်း ဆိုရှာသည်။

"သမီးကို ဦးလေးတို့ ပစ်မထားပါဘူး။ သမီးမေမေကလည်း သမီးကို ပြန့်ပြီးစောင့်ရှောက်ချင်နေတယ်၊ သမီးညီမလေးကလည်း သမီးနဲ့





အတူ နေချင်ရှာတယ်၊ ခများလည်း တစ်ယောက်တည်း မဟုတ်လား"

ဦးလေးက မေမေနဲ့မွေးထားတဲ့ လေးနှစ်အရွယ် ညီမငယ်လေးကို ပန်းအပါးမှာ ထိုင်စေရင်း ပြော၏။

ညီမလေးကိုတော့ ပန်းကတ္တီပါ ချစ်ပါသည်။ မေမေမွေးထားတဲ့သမီးလေး မဟုတ်လား။

ညီမလေးက ချစ်စရာကောင်းလှပေသည်။ ဦးလေး ပြောလိုက်တော့ သူမကိုယ်ထဲ တိုးဝင်လာတဲ့ ညီမလေးကို ပန်းကတ္တီပါ ပွေ့ဖက်ထားမိ၏။

သို့သော်လည်း ခုလောလောဆယ်မှာ ပန်းကတ္တီပါ ဝမ်းနည်းတာပဲသိသည်။ ဖြေသိမ့်မနိုင်အောင် ကြေကွဲနေရတာမို့ . . .

"လောလောဆယ် ပန်း ဒီမှာပဲနေပါရစေ၊ အမေကြီးအရိပ်တွေရှိနေတဲ့ ဒီအခန်းလေးမှာပဲ နေပါရစေ"

"အိုး . . . သူစိမ်းတွေကြားထဲမှာ သမီးပျိုလေးကို မေမေ ဘယ်လိုထားရက်မလဲ သမီးရယ်"

မေမေ ထိုသို့ပြောတော့ ချောစုအမေနဲ့ အနီးနားဝန်းကျင်မှ အိမ်နီးချင်းများ မျက်နှာမကောင်းဖြစ်ရလေသည်။ ထိုစဉ် . . .

"မင်း ခေါ်သွားစရာမလိုဘူး ကဲ့ကော်"

မေမေ ပြောလို့မဆုံးသေး ဖေဖေ ရောက်လာပြီး ပြော၏။ မိထွေးကလည်း မေမေ့ယောက်ျားကို မျက်စောင်းထိုးလျက်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဝင်မပါနဲ့"

မေမေက ဖေဖေ့ကို ဟန့်တားဗျ၏။ ထိုအခါ ဖေဖေ သတ်ဆတ်ထိမခံဖြစ်ကာ ...

"ဝင်မပါလို့ ရမလားကွ၊ သမီးပျိုကို ပထွေးနဲ့ တစ်မိုးအောက်မှာ ထားလို့ရမတဲ့လား"

"တောက် မင်း"

ဖေဖေပြောလျှင် ဦးလေး မျက်နှာလေးမှာ ဖြတ်အရိုက်ခံရသလို အရုပ်သည်းသွား၏။

ဦးလေး ဝုန်းခနဲထလျှင် မေမေနဲ့ညီမလေးက လှမ်းဆွဲ၏။

"ကိုကြီး"

"ဖေဖေ"

"ဖယ်စမ်းပါ"

ဦးလေးက ရုန်းထွက်ဖို့ ကြိုးစား၏။ ဖေဖေက ရင်ဆိုင်ဖို့ အသင့်။ ဦးလေးနဲ့ ဖိုက်ဖို့ဖြစ်သည်။

"တော်ကြပါတော့၊ မေမေလည်း ဘာမှမပြောနဲ့"

ပန်းကတ္တီပါ ငိုရင်းတန်းလန်းနှင့် အသံကျယ်ကျယ် ဟန့်တားလိုက်မိသည်။ ထိုအခါ ဖေဖေက ပန်းကတ္တီပါရှေ့ တိုးလာပြီး ...

"မပြောလို့ ရမလား၊ သမီးမေမေနဲ့ သမီး လိုက်နေလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဖေဖေ့အရိပ်အောက်မှာ သမီး နေရမယ်၊





သမီးကို ဖေဖေ စောင့်ရှောက်မယ်၊ သမီးဒေါ်ဒေါ်လည်း သဘောတူတယ်၊ ဖေဖေနဲ့နေပါ သမီးရယ်နော် သမီး"

"ဟုတ်သားပဲ သမီးရယ်၊ ဒေါ်ဒေါ်တို့နဲ့ နေပါကွယ်"

မိထွေးတော်ကလည်း မျက်နှာချိုလေးနှင့် ဖေဖေပြောတာကို ထောက်ခံရှာသည်။ ထိုအခါ မေမေက ဝင်ပြောဖို့ ကြိုးစား၏။

"မဆိုင်လိုက်တာ"

"တော်တော့ မေမေ၊ မေမေလည်း ဘာမှမပြောနဲ့ ဖေဖေလည်း ဘာမှမပြောနဲ့"

"ဟင်"

ပန်းကတ္တီပါ မျက်ရည်တွေ သုတ်ရင်း ပြောလိုက်တော့ ဖေဖေတို့ မေမေတို့ ပန်းကတ္တီပါကို မျက်လုံးအဝိုင်းသားနဲ့ ကြည့်၏။

ပန်းကတ္တီပါ ဘယ်သူ့ကိုမှ မကြည့်ပါ။

ဘုရားစင်အောက်တွင် ချိတ်ထားသော မှန်ဘောင်ထဲက အမေကြီးဓာတ်ပုံလေးကို စူးစူးစိုက်စိုက်ကြည့်ရင်း တစ်လုံးချင်း ပန်းကတ္တီပါ ပြောလိုက်၏။

"ဖေဖေနဲ့မေမေ စောင့်ရှောက်ချင်စိတ် ရှိကြတာကို ပန်းဝမ်းသာပါတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်လဲ သမီး"

ဖေဖေ ရှေ့တိုးလာရင်း မေး၏။ မေမေကလည်း ...



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်ပြောစမ်း၊ ဒါပေမဲ့ . . . ဘာဖြစ်လဲ"

"သမီးဘဝကို သမီး ထိန်းကျောင်းနိုင်ပါတယ်၊ သမီး ဒီမှာပဲ ဆက်နေမယ်"

"ဟင်"

"မိပန်း"

ဖေဖေနဲ့မေမေ မယုံနိုင်အောင် အံ့သြကြလေသည်။ ပထွေးနဲ့ မိထွေးလည်း မျက်နှာပျက်၏။ ညီမလေးက ပန်းကို မော့ကြည့်ရင်း . .

"မမနားမှာ ညီမလေးနေမယ်လေ၊ နော် မမ"

"ရပါတယ် ညီမလေးရယ်၊ မမ ကျောင်းပိတ်ရင် ညီမလေးကို ခေါ်ထားမယ်၊ လောလောဆယ် ညီမလေးက မေမေနဲ့ဦးလေးတို့နဲ့ နေဦးနော်၊ နော်"

"ဒါ . . . ဒါဆို သမီးက မေမေတို့နဲ့ လိုက်မနေဘူးပေါ့၊ ဟုတ်လား မိပန်း"

မေမေက မယုံနိုင်စွာ ပန်းပခုံးကို လှုပ်ခါရင်း မေးလေသည်။ ပန်းအကြည့်တွေ အမေးကြီးတာတ်ပုံဆီ ပြန်ပို့၍ –

"ဟုတ်တယ်၊ မေမေနဲ့လည်း မနေဘူး။ ဖေဖေနဲ့လည်း မနေဘူး။ အဲလိုမနေတာက ဖေဖေနဲ့ဦးလေးတို့ကို ပြဿနာမဖြစ်စေချင်လို့ပါ။ ပြီးတော့ ပန်းဘဝကို ပန်းရပ်တည်နိုင်အောင် အမေကြီး အားလုံးစီစဉ် ထားတယ်၊ အမေကြီးစီစဉ်ပေးထားတဲ့အတိုင်း ပန်း ကြိုးစားခဲ့တယ်၊





ပန်း စက်ချုပ်နေလို့ ဝင်ငွေရှိနေပါပြီ၊ အဲဒီဝင်ငွေလေးနဲ့ ပန်း ကျောင်းဆက်တက်မယ်၊ ပန်းဝမ်းစား ပန်းရှာစာမယ်၊ ပန်းရဲ့စက်ချုပ်ဖောက်သည်တွေက ဒီဝန်းကျင်မှာပဲဆိုတော့ သမီး ဒီကပြောင်းသွားလို့မဖြစ်ဘူး ဖေဖေနဲ့မေမေ၊ ဒါကြောင့်ပါ"

ပန်းကတ္တီပါ ရှင်းပြသလိုနှင့် ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုက်တော့ ဖေဖေနဲ့မေမေရဲ့အားငိုင်မှုအရောင်တွေ မှိန်ဖျော့သယောင် ရှိ၏။

"ဦးသက်ဝင်းနဲ့ ဒေါ်ကုံကော်တို့ ပန်းကတ္တီပါလေးကို စိတ်ပူတာ ကျွန်မတို့မိဘအနေနဲ့ ကိုယ်ချင်းစာပါတယ်၊ တစ်ဖက်ကလည်း ပန်းရဲ့ဘဝရပ်တည်မှုကို အလေးထားဖို့ လိုပါတယ်၊ ဒီဝန်းကျင်မှာ ပန်းကတ္တီပါဘဝ မဲ့တစ်ပေါက် မစွန်းစေရပါဘူး။ ကျွန်မတို့လည်း ဝိုင်းဝန်းစောင့်ရှောက်ပါတယ်၊ ပြီးတော့ ကျွန်မသမီး ချောစုက ပန်းလေးရဲ့သူငယ်ချင်းဆိုတော့ ပန်းကတ္တီပါနဲ့အဖော်လည်း ဖြစ်တယ်လေ"

ချောစုမေမေ ဒေါ်နှင်းအိမ် ဝင်ပြောလျှင် ဖေဖေနဲ့မေမေရဲ့ တိုယ်ရှိန် ပို၍လျော့ကျသွား၏။ ဖေဖေက သက်ပြင်းရှည်ကြီးချ၍ –

"သမီးက ဖေဖေတို့အပေါ် စိမ်းနေတယ် မဟုတ်လား"

ဖေဖေ့မေးသံက ဝမ်းနည်းသံ ပါနေသည်။ ဖေဖေ ဝမ်းနည်းနေတော့လည်း ပန်းစိတ်မကောင်းဖြစ်မိသည်။

ထိုအခါ စို့တက်လာသော မျက်ရည်စလေးကို ပန်းကတ္တီပါ တို့သုတ်၍ –



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘယ်သူ့အပေါ်မှ မစိမ်းပါဘူး။ ဖေဖေနဲ့ဒေါ်ဒေါ်ယုကို ရော၊ မေမေနဲ့ဦးလေးကိုကော ချစ်လည်း ချစ်တယ်၊ လေးလည်း လေးစားပါတယ်၊ ဖေဖေနဲ့ဦးလေးတို့ကြား ရှိနေတဲ့ ပြဿနာက သမီးတစ်ယောက်တည်းနေတာက ပိုပြီးသင့်တော်ပါတယ်၊ အကူအညီလိုတဲ့အခါ မေမေတို့ဆီမှာ တောင်းပါ့မယ်၊ အမေကြီးကလည်း သမီးကို ဘယ်သူ့ဆီမှ နိုလှုံတာကို ကြိုက်မှာမဟုတ်ဘူး။ ဒါကြောင့်ပါ၊ ဟင့် ဟင့် ဟင့်"

ပန်းကတ္တီပါ ပြောရင်းဆိုရင်း ငိုချလျှင် အားလုံး မျက်ရည်တွေ လည်ရှာသည်။

ဦးလေးနဲ့ဖေဖေက တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲ လှမ်းကြည့်၏။ ပြီးတော့ ချက်ချင်း အကြည့်တွေလွှဲ၏။

နောက်ဆုံးမှာ မေမေက ပန်းကတ္တီပါဆိုတဲ့အတိုင်း လိုက်လျောကာ။

"မေမေနဲ့သမီးဖေဖေကြားမှာ ရှိနေတဲ့ ပြဿနာကြောင့် မေမေ့သမီးလေး ခုလို ခံစားနေတာ၊ မေမေ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ... သမီးသဘောပါကွယ်၊ မေမေ အတင်းအကျပ် မခေါ်တော့ပါဘူး။ ကိုသက်ဝင်း ရှင်လည်း သမီးကို အတင်းခေါ်မနေပါနဲ့"

မေမေက ပန်းကို ပြောနေရင်းတန်းလန်းနှင့် ဖေဖေ့ဘက် လှည့်ပြော၏။ ထိုအခါ ဖေဖေက ...

"ငါက စိတ်မချလို့ပါကွ"





"ကျွန်မလည်း စိတ်မချပါဘူး၊ ဒါပေမဲ့"

ဒီလိုနဲ့ ဖေဖေနဲ့မေမေကြားမှာ သက်မတွေချရင်း စကားသံတွေ ပြတ်တောက်သွား၏။ ထို့အတူ ဒေါ်ဒေါ်ယုနဲ့ ဦးလေးလည်း တစ်ယောက်ကိုတစ်ယောက် နားလည်မှုပေးရမယ်ဆိုတဲ့ အသံမျိုးနဲ့ တစ်ချက်ကြည့်၏။ ပြီးမှ ...

"အေးပါ ... သမီးသဘောပါ"

ဒေါ်ဒေါ်နဲ့ဦးလေး ပြိုင်တူလိုလို ပြောကြ၏။

"ဘာမှစိတ်မချမဖြစ်ကြပါနဲ့၊ ကျွန်မတို့အားလုံး ပန်းကတ္တီပါတို့ သမီးရင်းလို စောင့်ရှောက်မှာပါ"

ချောစုမေမေ ကြားဖြတ်ပြောလျှင် တစ်လျှောက်လုံး ဆေးလိပ်ဖွာရင်း နားထောင်နေတဲ့ ဒေါ်ပုက ...

"ဟုတ်ပ့ါ၊ ဒေါ်နှင်းအိမ်က သူ့မြေးမကို ကျုပ်တို့နဲ့ စိတ်ချလို့ ကျောခိုင်းသွားတာပါအေး၊ ကျုပ်တို့ စောင့်ရှောက်ပါ့မယ်၊ ညည်းတို့ လင်မယားတွေ တည့်တည့်မှုနေကြစမ်းပါ၊ ပန်းကတ္တီပါနဲ့ပတ်သက်ပြီး ရန်ဆောင်မနေကြပါနဲ့၊ သေတဲ့လူ အသေဖြောင့်ပါစေကွယ်၊ ဒင်းတို့ကြောင့် ဒေါ်နှင်းအိမ် မလွတ်မကျွတ် ဖြစ်နေပါဦးမယ်"

အမေကြီးနဲ့အတူ တိုင်ပင်ဖော် တိုင်ပင်ဖက်ဖြစ်တဲ့ ဒေါ်ပုကြီး၏ လူကြီးစကားဖြစ်လျှင် အားလုံးတိတ်ဆိတ်သွားသည်က ပန်းသဘော၊ အမေကြီးရဲ့ဆန္ဒအတိုင်းဖြစ်ကာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ ပန်း တစ်ကိုယ်တည်း ရပ်တည်ရှင်သန်ခဲ့တာ ဘာပြဿနာမှ မရှိခဲ့ပါ။

ပန်း ကျောင်းပြီးသွားလို့ စက်ချုပ်ပညာကို ဝိုပြီး အဆင့်မြင့်အောင် ဖက်ရှင်ချုပ်သင်တန်းတက်၏။ ဖက်ရှင်စာအုပ်တွေ လေ့လာရင်း အချုပ်အလုပ်နဲ့ ဒီဇိုင်းထွင်တဲ့ပညာကို တိုးတက်အောင် ကြိုးစားရင်း ရပ်တည်လာတာလေ။ တစ်နည်းပြောရရင် ပန်းဘဝက အမေကြီးစီမံခဲ့တဲ့အတိုင်း ကိုယ့်ဒူးကိုယ်ချွန်ခဲ့ရတဲ့ဘဝ။

ပန်းဘဝ တစ်ယောက်တည်း နေသားတကျဖြစ်နေပါသည်။ သို့သော်လည်း ချောစုပြောလျှင် ပန်းကတ္တီပါ စဉ်းစားရလေပြီ။

ပန်းဘဝအခြေအနေက ခရမ်းသွေး ခြယ်လှယ်စရာ ပစ်မှတ်တစ်ခု ဖြစ်လေရော့လား။

ပြီးတော့ ... ပန်းရဲ့ဖုန်းပေကျာမှာ ပန်း တစ်ခါမှမမြင်ဖူးတဲ့ယောက်ျားတစ်ယောက်ပုံ ထည့်ပေးခဲ့တာ။ ချောစုပြောသလို ပန်းအပေါ် ခရမ်းသွေး မရိုးသားလို့လား။ နောက်ပြီး သူ ဘယ်သူဆိုတာ ခရမ်းရဲ့မွေးနေ့ပွဲသွားမှ သိခွင့်ရမယ်လို့ ခရမ်းသွေး ပြောတာက ပန်းကို ဖြားယောင်းနေခြင်းလား။

ထိုသို့တွေးတောရင်း ပန်းကတ္တီပါ ရင်မောရလေသည်။ သို့သော်လည်း ... သူ့ပုံလေး ပြန်ကြည့်မိတော့ ပန်းရင်မှာ လှုပ်ရှားရသည်သာ။

✿ ✿ ✿



## အခန်း (၁၁)

"ကျွတ်"

ခေတ်ခါးခါး စိတ်မရှည်ချင်တော့ပါ။ အရေးတကြီး စကားပြောနေတာက သူ။ သူပြောနေတာကို အာရုံမရောက်နိုင်ဘဲ သူ့သူငယ်ချင်းယောက်ျားမျက်လုံးများ အပြင်ရောက်နေတာ သူ့စိတ်မှာ ဘဝင်မကျဖြစ်ရတော့၏။

ထိုအခါ ကျွတ်ခနဲ အသံထွက်သွားသည်က အရှင်။

မှာထားတဲ့ စားသောက်စရာတွေ စားပွဲဝိုင်းအပြည့်ရယ်ပါ။ ယောက်ရင်း သူပြောတာကို အာရုံစိုက်နားထောင်ဖို့ထက် သူငယ်ချင်းယောက်စလုံး အပြင်ကို ငေးနေတာက တစ်နေရာတည်းပါ။

www.burmeseclassic.com



ခေတ်ခါးခါးက ဖြစ်တင်လိုသောအမူအရာနှင့် သူငယ်ချင်းတွေ ကြည့်နေတာကို လှမ်းကြည့်၏။ ထိုသုံးယောက်စလုံးရဲ့မျက်လုံးတွေ တောက်တောက်ပပနဲ့ အာရုံကျနေတာ မိန်းမချောလေးတစ်ယောက်ကို

ဘတ်စ်ကား လာရာဘက် မျက်နှာလေးမူ၍ ရပ်နေတဲ့ ထိုမိန်း ကလေးပုံစံက မော်ဒန်မလေးများ ကိုယ်နေဟန်ပြနေသလိုမျိုး မဟုတ် သော်လည်း ဆွဲဆောင်မှုရှိသော ရပ်နေဟန်မျိုး ဖြစ်သည်။

သွယ်လျသော ကိုယ်လုံးလေးနှင့်မို့ ဖြောင့်ဖြောင့်လေး ရပ်နေ က၊ ကြော့နွဲ့နေပါသည်။ ဒါ့ပြင် ကြော့နွဲ့သော ကိုယ်ဟန်က ခန္ဓာကိုယ် အလှတရားကိုလည်း ပေါ်လွင်လျက်။

ရယ်ဒီမိတ်အသားပျော့ပျော့အနီရောင်ရဲရဲကို မြန်မာဆန်ဆန် ချုပ်ဝတ်ထား၏။ လက်ပြတ်အင်္ကျီပုံဖြစ်ပေမယ့် ခါးကျအင်္ကျီလေးရဲ့ ရင် ရှေ့မှာ အရောင်စုံပွင့်ချပ်တို့ပါသော နှင်းဆီပွင့်ပုံ ဒီဇိုင်းထွင်ထား၏

ထဘီအလျားတစ်လျှောက်လည်း ထိုပုံစံအပွင့်လေးများ စီထား သလို၊ ဒီဇိုင်းဖော်ထားပြီး ပန်းပွင့်ပတ်လည်ကျောက်ပွင့်ကလေးများ အခြံအရံပြုနေလျှင် ဒီဇိုင်းလေးက ငေးကြည့်၍မဝအောင် လှ၏။

ဒါ့ပြင် သူမထဘီစလေး လှုပ်သွားတိုင်း ကျောက်ရောင်တို့ ဖြာခနဲလက်သွား၏။ ကိုယ်နေဟန်နှင့် သူမရဲ့ဝတ်စုံလေး ဆွဲဆောင် ရှိနေသော ရင်အုံမို့မို့လေးပေါ်မှ သူမမျက်နှာလေးကလည်း လည်တိုင် ထက်မှာ မကြည့်ငေးဘဲမနေနိုင် ဖြစ်နေပြန်သည်။





နှုတ်ခမ်းဖူးဖူးလေးက နှင်းဆီဖူးကြွကြွဖြစ်ကာ အနီရောင်ကာလာ ဆိုးထားတော့ ကြည့်ရုံနဲ့ အားမရနိုင်။ ပြေးသွားပြီး မြတ်မြတ်နိုးနိုး နမ်းကြည့်ချင်စိတ် တကယ်ဖြစ်၏။

နှုတ်ခမ်းလေးတင်ထား။ မဟုတ်သေးဘူး။ ပါးပြင်မို့မို့လေးက ပန်းသွေးရောင်စိုအိလျက်။ မျက်ခုံးနဲ့ မျက်တောင်လေးက ညှို့နက်ကာ ဖြောင်းလိုင်နှာနဲ့ ရှုံ့ဖို့စိမ်းပြာရောင်လေးကြောင့် မျက်လုံးအစိုက် အလှ တစ်ခုချင်းစီကို ငေးစိုက်ကြည့်ရသည်သာ။

အဆင်တန်ဆာဆိုလို့ အနီရောင်ဖန်စီနားဆွဲလေးသာ။ တင်ပါး အောက်ရှည်တဲ့ ဆံပင်ရှည်အားလုံးကို ကျောက်ပွင့်ရောင်စုံပါတဲ့ ဘီးကုတ် ကြီးနဲ့ သိမ်း၍ နောက်ဖက်ပို့ထားသဖြင့် သူမရဲ့အလှတရားတွေကို တစ်ခုချင်း ရှင်းရှင်းလင်းလင်း မြင်ခွင့်ရလေသည်။

ထိုအခါ ဘယ်ပုရိသမှ သူမကို မကြည့်ငေးဘဲ မနေသာ။

သူမကိုကြည့်နေရင်း သူ့မျက်ဝန်းထဲမှာ ရင်းနှီးသလိုလို ခံစား ရ၏။ ထို့ကြောင့် သူမကို သူ စူးစူးစိုက်စိုက်ကြည့်မိ၏။ ထိုအခါ ပို၍ ရင်းနှီးသလို ခံစားရလေပြီ။

ဖန်သီးရောင်စုံနဲ့ ထိုးထားတဲ့ လက်ကိုင်အိတ်လှလှလေးကို ကိုင်ရင်း ရပ်နေတဲ့ သူမ။

"ဟင်"

ခေတ်ခါးခါးခေါင်းထဲ အသိတစ်ခု ပြေးဝင်လာသည်။ သူမ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။ အဲဒါ။ ဟား ...။

သူ့ရင်ထဲမှာ အသိ ဘွားခနဲပေါ်ထွက်လာလျှင်၊ ထိုနာမည်ကို လွှတ်ခနဲ ရွတ်ဆိုမိ၏။

"အဲ အဲဒါ ပန်းကဗ္ဗီပါလေ"

ပြောရင်းလည်း ခေတ်ခါးခါး ဝုန်းခနဲ့ထ၏။

"ခေတ်"

သူငယ်ချင်းတွေ သူ့ကို တအံ့တသြ မော့ကြည့်၏။

"အဲဒါ ကိုယ်ပြောတဲ့ ပန်းကဗ္ဗီပါဆိုတာပေါ့ကွ၊ နေဦး ကိုယ် နှုတ်ဆက်လိုက်မယ်"

ခေတ်ခါးခါး ဝမ်းသာအားရပြောရင်း ကော်ဖီဆိုင်ထဲက ထွက်သွား၏။

"ခေတ်ရောဂါ ပြင်းနေပြီကွာ"

"ဟား ဟား ဟား"

သူငယ်ချင်းတွေ ပြောဆိုရယ်မောကြတာကို သူ စိတ်မဝင်စားတော့ပါ။ ကော်ဖီဆိုင်ထဲက ပြေးထွက်ကာ တစ်ဖက်လမ်းကူးသွား၏။

"ပန်း"

ခေတ်ခါးခါးရဲ့ လှိုက်လှိုက်လှဲလှဲ ခေါ်သံလေးနောက်မှာ ပန်းကဗ္ဗီပါ လှမ်းကြည့်၏။

"ဟင် ခေတ်ခါးခါး"





"ဟုတ်တယ်လေ"

"ကြည့်စမ်း ... ပန်း တော်တော်လှနေတယ်"

"အိုး"

"ဟုတ်တယ်၊ ပန်းကဗ္ဗီပါ အဲဒီလောက်လှနေမယ်လို့ ကိုယ် တစ်ခါမှ တွေးမကြည့်ဖူးဘူး"

ကားမှတ်တိုင်မှာ ဘတ်စ်ကားစောင့်နေသူများ ရှိနေသလို၊ ခေတ်ပြောတာကို ကြားတာမို့ ပန်းကဗ္ဗီပါကို လှည့်ကြည့်ကြ၏။

ထိုအခါ ပန်းကဗ္ဗီပါမျက်နှာလေး ရှက်ရိပ်လေးနဲ့ ရဲစိုကာ -

နဂိုကတည်းက အလှပြင်ထားလို့ စိတ်က မလုံသလို ခံစားနေရတဲ့အထဲ လူကြားသူကြားမှာ ခုလိုထုတ်ပြောတော့ ပန်း ရှက်လှပါသည်။ ပန်းရှက်နေတာသိသိကြီးနဲ့ ခေတ်ခါးခါး ဆက်ပြော၏။

"တကယ်ပြောတာဟ၊ ပန်းကဗ္ဗီပံ့ကို အတော်ကြီးကြည့်ယူမှ ပန်းကဗ္ဗီပါ,ပါလားလို့ အသိဝင်လာတာ။ ကိုယ့်အာရုံမှာ တကယ်ငြိတဲ့ အလှပိုင်ရှင်။

"သွားစမ်းပါ၊ ဟိုမှာ ဘတ်စ်ကားလာနေပြီ၊ ပန်း သွားတော့မယ်"

"ဘယ်သွားဖို့"

ခေတ်ခါးခါး ပန်းရှေ့မှ ပိတ်ရပ်ရင်း မေးလိုက်သည်။

ပန်းကဗ္ဗီပါလည်း ပြုံးပြုံးရောဆိုပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခရမ်းသွေးမွေးနေ့ပွဲလေ"

"ဟာ . . . ဒါကြောင့် လှနေတာကိုး၊ နေဦး ခရမ်းမွေးနေ့ သွားမလို့ဟာ ဘတ်စ်ကားကြီးနဲ့လား။ မရိုက်လိုက်တာကွာ၊ ကိုယ့်ကားနဲ့ သွားမယ်"

ခေတ်ခါးခါးပြောဆိုရင်း ဘတ်စ်ဆီ ခြေဦးတည်နေတဲ့ ပန်းကတ္တီပါကို ဆွဲတားၡ၍ပြောမေ၏။

"နေ နေပါစေ"

"မဟုတ်တာပဲ၊ လာ ပန်းကတ္တီပါ ကိုယ့်ကား ဟိုဘက်လမ်းမှာ ရပ်ထားတယ်၊ လာပါဟာ"

ခေတ်ခါးခါးက ပန်းကတ္တီပါကို အတင်းပဲဆွဲနေတာတစ်ကြောင်း၊ ပတ်ဝန်းကျင်က စောင့်ကြည့်နေတဲ့ မျက်ဝန်းအထ်က ရှောင်လိုတာကြောင့် တစ်ကြောင်း ပန်းကတ္တီပါ မငြင်းသာတော့ပါ။

"လာ ပန်းကတ္တီပါ၊ ကားလေးနဲ့ စတိုင်လ်ကျကျသွားကြမယ်"

ခေတ်ခါးခါး ဆွဲခေါ်တဲ့အတိုင်း ပန်းကတ္တီပါ ပါတော်မူရလေပြီ။ ဘာဖြစ်လို့လဲဆိုတော့ ခရမ်းသွေးတို့နေတာက ထိတ်ထိတ်ကြဲချမ်းသာတဲ့သူတွေနေတဲ့ ရပ်ကွက်မှာ။

ပန်း တစ်ယောက်တည်းသွားရမှာ ရှိန်လှသည်။

ချောစုကို ခေါ်ပေမယ့် ချောစုက မာနနဲ့ ပြောသည်။

"မလိုက်ပေါင်၊ ခရမ်းက ရှင့်ကိုပဲ ကွက်ကြားမိုးရွာသလို ဖိတ်





တာလေ၊ ချောစုကို ဖိတ်တာမဟုတ်ဘူး။ ဒါကြောင့် ချောစု မသွားဘူး၊ ရှင်သွားချင်ရင် ရှင့်ဘာသာရှင် သွား"

ဒါနဲ့ပဲ ပန်း တစ်ယောက်တည်း ထွက်ခဲ့ရခြင်းဖြစ်လေသည်။

ခုလို မထင်မှတ်ဘဲ ခေတ်ခါးခါးနဲ့ ဆုံရတာ ပန်းကတ္တီပါ ဝမ်းသာရကာ။ ခေတ်ခါးခါးဆိုတာလည်း ခရမ်းသွေးလိုပဲ နေနီးနီးနဲ့ မမမိုးမိုးတို့လို ပန်းကို ပင်တိုင်အားပေးတဲ့ ဖောက်သည်ကောင်းတွေရဲ့ မောင်ပဲလေ။

ပန်း ငြင်းနေရင် မမမိုးတို့ကို အားနာစရာဖြစ်နေလိမ့်မယ်။ ထို့အတူပါပဲလေ။ ခရမ်းသွေးကလည်း ပန်းရဲ့ပင်တိုင်ဖောက်သည်ဆိုလည်း ဟုတ်။ သူငယ်ချင်းဆိုလည်း ဟုတ်နေတော့ ချောစုလို မာနမထားနိုင်ပါ။

ဒါကြောင့် . . .။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ခရမ်းရေ မွေးနေ့ကိတ်လှီးတော့လေဟာ"

ခရမ်းသွေးရဲ့သူငယ်ချင်းတွေ မွေးနေ့ကိတ်မုန့်ကို အားပါးတရ စားချင်နေကြသည်။ ခရမ်းသွေး ဘယ်တော့လှီးမလဲ စောင့်နေရတာ ကြာနေပြီမို့ အယ်စတာ စိတ်မရှည်တော့ပါ။

ထိုသို့ပြောလိုက်လျှင် ခရမ်းသွေးက အပြင်ဘက်ငေးမျှော်ရင်း

"ခဏစောင့်ပါဟာ၊ သူငယ်ချင်းတစ်ယောက် ကျန်သေးလို့"

"အို တစ်ယောက်ကျန်တာများ စောင့်စရာလား၊ ဒီမှာ သူငယ်ချင်းအယောက်တစ်ရာ ပြည့်နေပြီ ပြီးတော့ ခရမ်းရဲ့ညီသည်နဲ့ အမျိုးအဆွေတွေလည်း စုံနေတဲ့ဟာကို"





မို့မို့ဆင့်က ခန်းမကျယ်ထဲရှိ ညီသည်တွေကိုကြည့်၍ နှုတ်ခမ်းလေးဆူရင်း ပြောလေသည်။ ခရမ်းသွေးက ရယ်မောရင်း . . .

"ရှင်တို့ကလည်း လာမယ့်သူက နောက်ကျနေတာမဟုတ်ဘူး၊ ခရမ်းကိတ်မုန့်ဖြတ်ရမယ့်အချိန်က လိုနေသေးတာ၊ ဒါကြောင့်ပါ"

"ဟွန်း၊ ခုတစ်မျိုး တော်ကြာတစ်မျိုး"

"ဟုတ်ပါ့၊ စိတ်မရှည်ချင်တော့ဘူး။ ခုပဲ ကိတ်မုန့်ကြီးကို ဖွဲ့စားလိုက်တော့မယ်"

"ဟဲ့"

သူငယ်ချင်းအားလုံး တစ်ယောက်တစ်ပေါက်ပြောရင်း ဆူညံနေကြသည်က၊ ဖျော်ဖြေရေးတီးဝိုင်းနဲ့အပြိုင်။

အရေးထဲ ဆူဇီက မွေးနေ့ကိတ်ကြီးကို တကယ်ဖဲ့စားတော့မယ့်ပုံစံမျိုးလုပ်နေတာမို့ ခရမ်းသွေး ဆွဲတားလိုက်ရသည်။

"ရှင်ကလည်း ငတ်ကြီးကျမနေနဲ့"

"ကျုပ်ကယ်ရှင့်၊ ရှင့်မွေးနေ့ကိတ်က အကြီးကြီးရယ်၊ ကြည့်ပြီးလေ မြင်သာမြင်ရ မစားရဖြစ်နေတဲ့ဥစ္စာ"

ဆူဇီ အခဲမကြေပြောရင်း ကိတ်မုန့်ကြီး မျက်စပစ်ပြ၏။

"ဟုတ်သားပဲ"

သူငယ်ချင်းတွေကလည်း ထောက်ခံကြသည်။ မွေးနေ့ကိတ်ကြီးက အောက်ခြေအဝိုင်းပါ။ အဝိုင်းပေါ်က လေးထောင့်ပုံ။



www.burmeseclassic.com

www.burmeseclassic.com



လေးထောင့်ပုံပေါ်မှ ကြိုဂံတုံး။ ကြိုဂံတုံးထိပ်ကြယ်ပွင့်ပုံ။ ထိုကြယ်ပွင့်တစ်ဖက်မှာ ခရမ်းသွေးနာမည်။

ကျန်တစ်ဖက်မှာ နှယ်ဆယ့်လေးဆိုပြီး ဂဏန်းနဲ့ရေးထားသည်။ နှစ်ဆယ့်လေးနှစ်မြောက် ခရမ်းသွေးရဲ့မွေးနေ့သင်္ကေတပေါ့။ ဒီဇိုင်းက ဆန်းသလို၊ ထိုကိတ်ဝိုင်းကြီးက စားပွဲဝိုင်းတစ်ခုလို အဝိုင်းအကြီးကြီးဖြစ်လေသည်။

"နေပါဦး အရင်နှစ်က ရှင်က ဟိုတယ်အခန်းကျဉ်းလေးမှာ သူငယ်ချင်းတွေနဲ့ အကျဉ်းရုံးလုပ်နေကျ။ ဒီနှစ်မှ ခုလို ခရမ်းတို့တိုက်ကြီးထဲမှာ ညှိသည်အစုံဖိတ်ပြီး တခမ်းတနားလုပ်တာ ဘာရည်ရွယ်ချက်နဲ့လဲ"

ဖြိုးဖြိုးက စူးစူးစမ်းစမ်းလေး မေး၏။ ထိုအခါ ခရမ်းသွေးမျက်နှာလေးကိုမော့၍ . . .

"စိတ်ကူးအသစ်ကလေးရှိလို့ပေါ့ဟ"

"အင်းလေ . . . အဲဒီစိတ်ကူးက ဘာလဲ၊ သန္တာတို့ကိုလည်း ပြောဦးလေ"

သူငယ်ချင်းအားလုံး သိချင်သလို၊ သန္တာလှိုင်က ဝင်မေး၏။

"အိုး ပြောစရာလား"

"အမယ် ရှင် သိပ်ပြီး ပဟေဠိလုပ်ချင်နေတယ်ပေါ့လေ"

အယ်စတာပြောတော့ ခရမ်းသွေးက မာနရောင်ဖြင့် ပြုံးပြီး . .





"ပဟေဠိလုပ်တတ်တာက ခရမ်းသွေးရဲ့သင်္ကေတလေ"

"ဟုတ်ပဲ့"

ဒါကိုတော့ သူငယ်ချင်းအားလုံး ထောက်ခံပါသည်။ ခရမ်းသွေးက ဘယ်ကိစ္စဖြစ်ဖြစ် သူမစိတ် သူမသဘောအတိုင်း ကျိတ်လုပ်တတ်သည်။ သူငယ်ချင်းတွေနဲ့ ပြောမယ်၊ ဆိုမယ်၊ အကြံယူမယ်ဆိုတာ မရှိဘူး။

ခုလည်း ဘာအထာနဲ့မှန်းမသိဘူး။ မွေးနေ့ပွဲကို ကြီးကြီးကျယ်ကျယ်လုပ်၏။ မွေးနေ့ကိတ်ကြီးကိုလည်း ဘယ်သူ့မှ မလုပ်ဖူးတဲ့ ဒီဇိုင်းမျိုးမြူကာ –

ဟော ခုပဲကြည့်။ အချိန်မရောက်သေးလို့တဲ့။

သူငယ်ချင်းတစ်ယောက်ကို စောင့်နေလို့တဲ့၊ အကြောင်းပြချက်မတူညီစွာပေးရင်း စောင့်စားနေလေသည်။

ညှိပရိသတ်တွေ စုံစိနေတာကိုလည်း အားမနာ။

"ဟဲ့ ရှင့်ကိုကိုကော မမြင်ပါလား"

သန္တာလှိုင်က လာကတည်းက ဒါပဲ တစ်မေးတည်း မေးနေသည်။ ခုလည်း မေးပြန်ပြီ။ ခရမ်းသွေးက အဲလိုမေးတိုင်း မျက်စောင်းနဲ့ကြည့်သည်။

"ဟဲ့ အကောင်းမေးတာ၊ မျက်စောင်းခဏခဏ မထိုးပါနဲ့၊ တော်ကြာ မျက်စိစွေနေပါ့မယ် ယောင်းမလောင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့် ဘာယောင်းမလောင်းလဲ"

အစ်ကိုကိုထိရင် ခရမ်းသွေးက သည်းမခံတတ်ပါ။ ပက်ခနဲ ပြန်ခမေးသည်က မနှစ်မြို့စွာ။ ထိုအခါ သန္တာလှိုင် ပျာပျာသလဲဖြင့်...

"ဆောရီးပါဟယ်၊ ရိုးရိုးသားသား မေးကြည့်တာပါ"

"မမေးနဲ့"

"မမြင်ရသေးလို့ပါ"

"အိုး ခရမ်း ကိတ်မုန့်လှီးမယ့်အချိန် ခေါ်ထုတ်မှာပေါ့၊ နောက်ဆို ရှင် ငမ်းနေမယ်မဟုတ်လား"

"ခရမ်းကလည်း"

ခရမ်း ထုတ်ပြောလိုက်တော့ သန္တာလှိုင် တကယ်ရှက်သွား၏။ သူငယ်ချင်းတွေကလည်း သန္တာလှိုင်ကို ဝိုင်းကြည့်ကြလေသည်။ ခရမ်းသွေးရဲ့အစ်ကိုကို သန္တာလှိုင် တစ်ဖက်သတ်ကြွေနေတာ သိနေတယ် မဟုတ်လား။

ထိုစဉ် ခရမ်းသွေးဆီသို့ ခြံလုံခြုံရေးတာဝန်ခံ ဦးသာမောင် ရောက်လာပြီး တိုးတိုးလေးပြော၏။ ဘာပြောတယ်ဆိုတာ သူငယ်ချင်းတွေ မကြားရပါ။ သို့သော်လည်း ခရမ်းသွေးမျက်နှာကြီး လပြည့်ဝန်းလို လင်းဖြာသွားတာကို အားလုံးမြင်လိုက်သည်။

ထို့ကြောင့် ဦးသာမောင် ဦးဆောင်သွားတဲ့နောက်သို့ ခရမ်းသွေးမှာ ဂါဝန်ပွပွလေးကို ပင့်မ၍ မြှောက်ကြွမြှောက်ကြွနှင့် ပါသွား၏။





ကိတ်မုန့်မစားရသေးလို့ အားမလို အားမရဖြစ်နေတဲ့ မှိုမှိုဆင့်က နှုတ်ခမ်းနှစ်လွှာလုံး ဆူလျက်သားနှင့်။

"ဟွန်း စိတ်မရှည်ချင်တော့ဘူး"

"ဟဲ့ တို့ကလည်း စိတ်ရှည်ချင်တာ မဟုတ်ဘူး။ ခရမ်းသွေးရဲ့ ပဟေဠိကို စိတ်ဝင်စားလို့ သည်းခံပြီး စောင့်နေတာ"

"ဟုတ်တယ်နော်၊ ခရမ်းသွေးရဲ့ ပဟေဠိက ဘာမှန်းမသိဘူး၊ ခန့်မှန်းလို့ကိုမရဘူး"

"ဟုတ်တာတော့ ဟုတ်တယ်ပေါ့၊ ခရမ်းသွေးက သူ့အစ်ကို ထိရင်လည်း ဆတ်ဆတ်ထိမခံ၊ သူလုပ်ချင်ရာလုပ်တာကို မေးရင်လည်း ဆတ်ဆတ်ထိမခံ၊ ခုတစ်ခါ မွေးနေ့ပွဲအကြောင်းပြပြီး ဘာစိတ်ကူးတွေ ထွင်ထားသလည်း မသိဘူး"

"မသိတော့လည်း စောင့်ကြည့်ရုံပေါ့ဟယ်"

ဖြိုးဖြိုးက လေသံလေးဖျော့ချရင်း ပြောကာ ကိတ်မုန့်ဝိုင်းကြီးရဲ့ အနံ့ကို အာသာပြေရှူလိုက်လေသည်။ ထိုစဉ်...။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဟယ် ခရမ်း"

ခြံအလုံပိတ်ထားတဲ့ ခြံဝင်းတံခါးကြီး ဖွင့်ပြီး ထွက်လာတဲ့ ခရမ်းသွေး။ ပန်းနုရောင်ဂါဝန် ကြွကြွလေးနှင့် တအားလှနေပါသည်။ ပန်းကတ္တီပါ အံ့ဩဝမ်းသာကာ အားရပါးရ ခေါ်လိုက်မိသည်။

"ရှင် အရမ်းလှတာပဲ"

"ပန်းက ပိုလှပါတယ်နော်"

"မဟုတ်တာပဲ၊ ဒီမွေးနေ့ရှင်က အားလုံးထက် အလှဆုံးပါ သူငယ်ချင်းရဲ့"

"ခုလို မြှောက်ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"





"ဟွန်း ပန်းက တကယ်ပြောတဲ့ဥစ္စာ"

"ဟုတ်ပါတယ်၊ ခရမ်းလည်း တကယ်ကျေးဇူးတင်ပါတယ်၊ ...လေ ပန်းရဲ့"

"လာမှာပေါ့၊ ပန်းက ခြံဝင်းထဲ မဝင်ရဲလို့ပါ"

"အို၊ ဘာမဝင်ရဲစရာရှိလဲ၊ လာ"

ခရမ်းသွေးက ပန်းကတ္တီပါလက်ကလေးကို လှိုက်လှိုက်လှဲလှဲ ...ခေါ်လေသည်။ ပန်းကတ္တီပါ လိုက်ဝင်လာလျှင် ခေတ်ခါးခါးကလည်း ...န်းကတ္တီပါနောက်က ပါလာသည်။

ထိုအခါ ပန်းကတ္တီပါနောက်က လိုက်ဝင်လာတဲ့ ခေတ်ခါးခါး ...ကို ခရမ်းသွေး သတိထားမိသွား၏။

ခေတ်ခါးခါးကို ခရမ်းသွေး မနှစ်မြို့စွာကြည့်၍ လှည့်မေး၏။

"ရှင် ဘယ်သူလဲ"

"ခေတ်ခါးခါးပါ ခရမ်းရဲ့၊ ပန်းရဲ့သူငယ်ချင်းဆိုပါတော့"

ပန်းကတ္တီပါ ကမန်းကတန်းဖြေလိုက်သလို ခေတ်ခါးခါးက ...ည်း ပြုံးပြ၏။ ခရမ်းသွေးက ပြုံးပြဖို့နေနေသာသာ ရယ်နေတဲ့မျက်နှာ ...လေး ချက်ချင်းတင်းမာသွားပြီး ...

"ရှင့်ကို ဘယ်သူဖိတ်လို့လဲ"

"ဟင်"

"ဟို"



www.burmeseclassic.com

www.burmeseclassic.com



ခေတ်နဲ့ပန်းကတ္တီပါ တအံ့တသြကြည့်မိသွားၾ၏။ ခရမ်းသွေးက ဘယ်သူ့ကိုမှ အားမနာတတ်ပါ။ အထူးသဖြင့် ပန်းအနားမှာ စမတ်ကျသော လူရွယ်တစ်ယောက် ကပ်ပါနေတာကို မလိုလားခဲ့ဖြစ်လေသည်။

"ဟိုလေ ပန်း ဒီကိုလာတော့ ချောစုက မလိုက်ဘူး။ ပန်းတစ်ယောက်တည်း ဖြစ်နေလို့ ခေတ်က ကားနဲ့ လိုက်ပို့တာပါ"

"မလိုပါဘူး"

"ဘာဖြစ်လို့လဲဗျာ"

ခေတ်ခါးခါး တအံ့တသြမေးၾ၏။ သူက ပန်းကတ္တီပါကို စိတ်ဝင်စားနေသူပါ။ ပြီးတော့ ပန်းကတ္တီပါနဲ့အဖော်အဖြစ် တွဲလျက် လိုက်ပါခွင့်ရတာကိုပဲ ခေတ်ခါးခါးက သိန်းဆုပေါက်သလို ပျော်နေတာ မဟုတ်လား။

ခုလို မွေးနေ့ရှင်က မနှစ်မြို့စွာ တုံ့ပြန်ခြင်းခံရတော့ မျက်နှာလေး ပျက်ၾ၏။ ပျက်နေသော ခေတ်ခါးခါးမျက်နှာလေးကို မငဲ့ညှာစွာဘဲ စိုက်ကြည့်ရင်း ခရမ်းပြောၾ၏။

"ဘာဖြစ်ရမှာလဲ၊ ဒီနေ့ပွဲက ခရမ်းမွေးနေ့၊ ရှင်နဲ့ မဆိုင်ဘူး။ ရှင့်ကိုလည်း ခရမ်း ဖိတ်မထားဘူး။ ဒါကြောင့် ခရမ်းမွေးနေ့ပွဲထဲ ရှင်ပါဖို့ မလိုဘူး"

"အဲ"

ခေတ်ခါးခါးကို ပန်းကတ္တီပါ အားနာသွားၾ၏။

"သွားလေ၊ မြို့ပြင်ထွက်ပြီး ရှင့်ကားပေါ်က ရှင်စောင့်နေ





...နေနိုင်ရင် ပြန်လိုက်တော့၊ ပန်းကတ္တီပါပြန်ဖို့ ခရမ်းစီစဉ်ပေးမယ်"

ခရမ်းက ထိုသို့ပြောဆိုကာ ခေတ်ခါးခါးကို နှင်ထုတ်ၾ၏။

"ဦးသာမောင် ခေတ်ခါးခါးကို မြို့ပြင်ခေါ်သွားလိုက်"

ခရမ်းသွေး အမိန့်ပေးသလို တစ်ဆက်တည်းပြောလျှင် ပန်း...မှာ ခေတ်အတွက် စိတ်မကောင်းဖြစ်သွားသည်။

"ခေတ်"

"ရ ရပါတယ်ဟာ"

ခေတ်ခါးခါး ဒါပဲပြောကာ ဦးသာမောင် ဦးဆောင်ရာမြို့ပြင်သို့ ...ပါသွားလေသည်။ ခေတ်ခါးခါး မြို့ပြင်ထွက်သွားမှ ခရမ်းသွေး မျက်...း ပြန်လည်၍ ရွှင်မြူးတက်ကြွလေသည်။

"ပန်းက ဘာလို့ ခေါ်ခဲ့ရတာလဲ၊ အဖော်မရှိလည်း လာလို့ရ...။ ဒါမှမဟုတ်ရင်လည်း ခရမ်းကို ဖုန်းဆက်လိုက်ပေါ့၊ ခရမ်း ...တ်ပေးမှာပေါ့"

"ရပါတယ်ဟာ"

ပန်းကတ္တီပါပဲ စိတ်လျှော့ရလေသည်။ ခရမ်းက ဒီကိစ္စမှာ ...နတယ်လို့ ပြောလို့ရသည်။ တကယ်ဆို ဘာဆိုင်တာမို့လဲ။ ညှိ...တစ်ယောက်ပိုရုံနဲ့ ဘာမှပိုကုန်မှာမှ မဟုတ်တာ။

ခုတော့ ...

"လာ ပန်း"



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းက သူမသဘောအတိုင်း ဖြစ်သွားသည်မို့ မြူးနေသလို ပန်းကိုလည်း လိုက်လိုက်လဲ့လဲ့ ဆွဲခေါ်သွားသည်။ ပန်းမှာ ခရမ်းဆွဲခေါ် သွားရာနောက် ပါသွားရင်း။ ခရမ်းတို့ခြံနှင့်တိုက်ကြီးရဲ့ ကြီးကျယ်ခမ်းနား မှုကို တအံ့တဩဖြစ်နေမိသည်။

အဝါရောင်တိုက်ကြီးရဲ့မျက်နှာစာက ပန်းဥယျာဉ်နှယ်။ ကား ဝင်လမ်းရဲ့ ဘယ်ဖက်မှာ အဆင့်မြင့်ရေကူးကန်ရှိပြီး ထိုရေကန်နား… ဖြတ်လျှောက်သွားတော့ သူ့ပုံလေးကို မြင်ယောင်လာသည်။

ရေကူးကန်မှတက်လာတဲ့ သူ့ပုံ၊ အိုး အလိုလိုနေရင်း… ရင်ခုန်နေသည်။ ရင်ခုန်စိတ်ကိုဖြေရင်း ရေကန်ဘောင်ပေါ်မှ အပန်းဖြေ… အနားယူတဲ့ ကျောက်ပြားခုံတန်းတွေကို လိုက်ကြည့်မိ၏။ ခုံတန်းတွေ… ဒီဇိုင်းလှ၏။ သက်သောင့်သက်သာ အနားယူမယ်ဆိုရင်တော့ မိမ်…

ခရမ်းသွေးက ထိုရေကန်တစ်ပတ် ပတ်လျှောက်ပြီး တိုက်ကြီး… ဆီ ဦးဆောင်ခေါ်သွား၏။ တိုက်ကြီးရဲ့ညာဘက်ခန်းမကျယ်ကြီးက ကျ… ဝန်းသလို၊ ဧည့်သည်တွေက အပြည့်။

ပန်းကို လိုက်လိုက်လဲ့လဲ့ ဆွဲပြီး ထိုခန်းမထဲ ဝင်သွားလျှ… ဧည့်သည်အားလုံး ပန်းကို ဝိုင်းအံ့ကြည့်ကြ၏။

ပန်းမှာ ရှက်လိုက်တာ မပြောပါနဲ့တော့။

ဟုတ်တယ်လေ။ လူများဝိုင်းကြည့်ခံရတော့ ပန်းမှာ မနေတ… မထိုင်တတ်နဲ့။ ရှက်တာက အရင်။



"ဟော့ ခရမ်း . . . သူက ဘယ်သူလဲ"

အယ်စတာတို့အုပ်စု ပြေးလာပြီး ပန်းကို ဝိုင်းကြည့်ကာ စူး …စမ်းကြလေသည်။

"ပန်းကတ္တီပါလေ"

ခရမ်းက အားရဝမ်းသာ ပြော၏။

ပန်းကတ္တီပါတဲ့။

ပုံစံလေးက သူတို့လို ခေတ်ရေစီးထဲက မဟုတ်ပေမယ့် နာမည် …လိုက်အောင် ဆွဲဆောင်မှုရှိနေတဲ့ အလှက ထူးခြားနေသည်။

"ပန်းကတ္တီပါ"

"ဟုတ်တယ်လေ"

"တစ်ခါမှလည်း ခရမ်းသူငယ်ချင်းကို ဆွေဇီတို့ မမြင်ဖူးပါဘူး"

"ဘယ်မြင်ဖူးမလဲ၊ ရှင်တို့နဲ့ ခရမ်းက ကလပ်မှာ ဆုံကြပြီး …တာ၊ ပန်းကတ္တီပါက ရှင်တို့လို ကလပ်မှာဆုံခဲ့တဲ့ သူငယ်ချင်းမဟုတ် …။ ကျောင်းတက်ကတည်းက ပေါင်းလာတဲ့ သူငယ်ချင်းအရင်း"

"ဟွန့်"

ခရမ်းက ပန်းကို သူငယ်ချင်းအရင်းလို့ ပြောတော့ အယ်စတာ …ရဲ့ သဘောထားမကြီးသလို ရှုကြည့်၏။ ခရမ်းက အရေးမစိုက်ပါ။

"ကဲ . . . ရှင်တို့ စားချင်နေတဲ့ ခရမ်းရဲ့မွေးနေ့ကိတ် အခုပဲ …တော့မယ်၊ လာလာ လိုက်ခဲ့ကြ၊ လာ ပန်း"



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းက သူမရဲ့သူငယ်ချင်းတွေကို ပြောဆိုရင်း ပန်း
မွေးနေ့ကိတ်တင်ထားတဲ့ စားပွဲဝိုင်းဆီ ဦးဆောင်ခေါ်သွား၏။

ခရမ်းသူငယ်ချင်းတွေ ပန်းကို အရေးပေးသလိုဆက်ဆံတာ
မကြည့်ပေမယ့် ဝိုင်း၍ လိုက်ပါလာသည်။

"နေဦး . . . ကိုကို့ကို သွားခေါ်လိုက်မယ်၊ ကိုကိုက ညီ
တွေနဲ့ စကားပြောနေတာလေ"

ခရမ်းသွေး ထိုသို့ပြောကာ ညှိခန်းမကျယ်အရှေ့ဘက်
စေ့ပိတ်ထားတဲ့ အခန်းထဲ ဝင်သွား၏။

"ခရမ်းက သူ့ကိုကိုကို သန္တာကြည့်မှာ ကြောက်လို့ ဝှက်
တာပဲ ဖြစ်မယ်"

ဆူဇီက သန္တာလှိုင့်ကို လှမ်းစ၏။ သန္တာလှိုင်က နှုတ်ခမ်း
ဆူကြွ၍ –

"ခရမ်းကိုက သည်းလွန်းပါတယ်၊ ခုပဲကြည့် . . . သူငယ်
အရင်းဆိုတဲ့တစ်ယောက်ကို စောင့်ရတာနဲ့ သူ့အစ်ကိုကို စောင့်
နဲ့"

သန္တာလှိုင်ပြောပုံက ပန်းကို မနှစ်မြို့တာထက် စောင်
ပြောဆိုနေသလို ဖြစ်၏။ ပန်းမှာ ခရမ်းရဲ့သူငယ်ချင်းဝိုင်းထဲ နေ
မွန်းကျပ်လာသည်။

တကယ်ပါ။





ပန်းက ဒီလို ဂုဏ်တုဂုဏ်ပြိုင်ပွဲတွေကို မသွားတတ်ပါ။ ခရမ်းကို အားနာလို့သာ။

ခုပဲကြည့်။ ခရမ်းသူငယ်ချင်းတွေက ပန်းကို မကြည်မလင် ရှိကြ၏။ အကဲခတ်သူက ခတ်ကြည့်သည်က ခရမ်းသွေးရဲ့ပဟေဠိအစီအစဉ်နဲ့ ဘယ်လိုဆက်စပ်နေမလဲပေါ့။

"ခရမ်းရဲ့ပဟေဠိ ခရမ်းရဲ့သူငယ်ချင်းရင်းနဲ့ ခရမ်းရဲ့ကိုကို"

"ဟုတ်ပါ့ဟယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"စောင့်ကြည့်ရတာပေါ့"

ခရမ်းသူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ပြောဆိုနေလျှင် ပန်းမှာ နေရင်းထိုင်ရင်း မလုံမလဲဖြစ်ရလေသည်။

ဖြစ်နိုင်ရင် ဒီခန်းမထဲက ပြေးထွက်သွားချင်ရဲ့။

ထိုသို့တွေးလို့ မဆုံးသေးပါ။

ခရမ်းဦးဆောင်၍ ခွဲခေါ်လာသူကို မြင်လိုက်ရလျှင် ငြိမ်သက်နေတဲ့ ပန်းကတ္တီပါရဲ့နှလုံးသားလေး လှုပ်ခနဲ့ ခုန်လေသည်။

ဒုတ် . . .

ဒုတ် . . .

ဒုတ် . . .။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ဟေး"

မွေးနေ့သီချင်းဆိုပြီး ကိတ်မုန့်လှီးလိုက်လျှင် ခရမ်းရဲ့သူငယ်ချင်းတွေ အားရဝမ်းသာအော်ဟစ်ကြ၏။

"ဖျောင်း ဖျောင်း ဖျောင်း"

ခုန်ဆွဆွနှင့်လည်း ခရမ်းသူငယ်ချင်းများ လက်ခုပ်တီး၍လေသည်။ ပန်းကတ္တီပါက ကွန်ခြေရရလေးပဲ ပြုံး၍ လက်ခုပ်တီးပေးလိုက်၏။

"ခရမ်း တို့ကို အရင်ခွံ့"

သန္တာလှိုင်က မွေးနေ့ရှင်၏ဦးစားပေးမှုကို လိုချင်စိတ်





ပြော၏။ ခရမ်းက ပြုံးပြုံးမဲ့မဲ့လုပ်ရင်း ...

"ကိုကို့ကို အရင်ခွံ့ရမှာပေါ့ဟဲ့"

ပြောရင်းဆိုရင်း ခရမ်းက ခရမ်းရဲ့ဘေးမှာရှိတဲ့ အစ်ကိုဖြစ်သူကို ခွံ့၏။ အစ်ကိုလုပ်သူက ညီမဖြစ်သူ ဘာလုပ်လုပ် သဘောကျတတ်တဲ့ အစ်ကိုပီသနေသည်။

ခရမ်းသွေးက အစ်ကိုဖြစ်သူကို အရင်ဦးဆုံး ခွံ့၏။ ထိုအခါ ခရမ်းအစ်ကိုဘေးနား တိုးကပ်လာရင်း သန္တာက သူမကိုခွံ့ရန် ပါးစပ်ကလေးပါ အသင့်ဟထားပေး၏။

ပြောရရင် ခရမ်းရဲ့အစ်ကို၊ ပြီးရင် ခရမ်းရဲ့အချစ်ဆုံးအဖြစ်သူငယ်ချင်းများနှင့် ညှိပရိသတ်ကို ကြော်ငြာချင်စိတ်နဲ့ ဖြစ်သည်။

ဒါကြောင့် ... ခရမ်းကိုကိုနားကပ်ရင်း ပါးစပ်ကလေး ဟနေလေသည်။ ခရမ်းက သန္တာလှိုင့်စိတ်ကို ကြိုသိနေဟန်တူပါသည်။

သူ့ကိုကိုကို ဦးဆုံးခွံ့လျှင် သူ့ကိုကိုကလည်း ညီမအလိုကျ ကိတ်မုန့်လေးဝါးရင်း။ ညီမဖြစ်သူကို ချစ်စနိုးဖက်၍ နဖူးလေးကို ဖွဖွမွှေး၏။

"ကျေးဇူးပဲ ကိုကို"

ခရမ်းက သူမကိုကို့ကို ကျေးဇူးတင်ကြောင်း ပြော၍ ကိတ်မုန့်လေးလှီး၍ ဒုတိယအကြိမ် ခွံ့ရမည့်သူကို ရွေး၏။

အလိုက်သင့် ပါးစပ်လေးဟပြီး ကိတ်မုန့်ဖွန်းနားကပ်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



သန္တာလှိုင့်ပါးစပ်နားမှ မုန့်ဖွန်းလေးကို ခရမ်း ဆုတ်ခွာလိုက်၏။

ပြီးတော့ ပန်းကဏ္ဍပါဘက် ချက်ချင်းလှည့်၍ မုန့်ဖွန်းလေး ခွံ့၏။

"အိုး"

ခရမ်းကိုကိုက ပန်းကတ္တီပါကို ကြည်နူးစွာ စိုက်ကြည့်လျှင် မျက်နှာလေး ပန်းရောင်သမ်းသွား၏။

သူမကိုကိုပြီးရင် ခရမ်းက ပန်းကို အချစ်ဆုံးပါလို့ ကြော်ငြာတဲ့အပြုအမူဖြစ်တာမို့ ပန်းကတ္တီပါ ရှက်ရိပ်လေး လွှမ်းသွား၏။

"ဖျောင်း ဖျောင်း ဖျောင်း"

ညှော်ပရိသတ်တွေက သဘောကျကာ လက်ခုပ်သြဘာပေးကြ၏။ ထိုအခါ ပန်းကတ္တီပါ ငြင်းဆန်လို့မရဖြစ်ကာ။

ခရမ်းသွေး ခွံ့ကျွေးတဲ့ မွေးနေ့ကိတ်စားရန် ပါးစပ်ကလေး ဟပေးလိုက်ရ၏။ ထိုအခါ သန္တာလှိုင်၏ရဲတောက်သော မျက်လုံးရွဲကြီးနဲ့ လှမ်းကြည့်တာခံရလျှင် ပန်းကတ္တီပါရင်ထဲ စူးမျက်သလို ခံစားရ၏။

ပန်းကို ဘာဖြစ်လို့ မျက်လုံးရဲရဲကြီးနဲ့ စိုက်ကြည့်ရတာလဲကွယ်။

အဲလိုကြည့်တာက ခရမ်းရဲ့ကိုကို ပန်းကို မြူးလျက် ကြည့်လို့လား။ ဒါမှမဟုတ် ခရမ်းက သန္တာကို မခွံ့ဘဲ ပန်းကို ခွံ့ကျွေးလို့လား။

ဒါမှမဟုတ် နှစ်ခုလုံးကြောင့်လား။ ကိတ်မုန့်လေး မြိုထားရင်း ပန်းရင်ထဲမှာ မေးခွန်းတွေ များနေသည်။





ခရမ်းက သန္တာလှိုင်ရဲ့မျက်လုံးကို ဂရုမစိုက်ပါ။

ပန်းကိုခွံ့ပြီးလျှင် ကျန်တဲ့သူငယ်ချင်းတွေကို ခွံ့၏။ နောက်ဆုံးမှ သန္တာလှိုင့်ကို ခွံ့၏။ ထိုအခါ သန္တာလှိုင် မျက်နှာလေးကို လွှဲခါ၍ ခရမ်းရဲ့ကိုကိုအပါးကပ်ရပ်နေရာမှ ချာခနဲလှည့်ထွက်သွားလေသည်။

သန္တာလှိုင် လှည့်ထွက်သွားတော့ ခရမ်းက သန္တာလှိုင်အတွက် ခပ်ထားသည့် ကိတ်မုန့်ကို အမှိုက်တောင်းထဲ ပက်ခနဲ ပစ်ထည့်၏။

"အဲ"

ကြားထဲက ပန်းကတ္တီပါပဲ အားတုံ့အားနာဖြစ်ရလေသည်။

"ခရမ်းရယ် ခရမ်းသူငယ်ချင်း စိတ်ဆိုးသွားပြီထင်တယ်"

"ဆယ်ခါပြန် ဆိုးပစေ၊ ဒါနဲ့ ပန်းကို မိတ်ဆက်ပေးမယ်၊ ဒါ ပန်းရဲ့တစ်ဦးတည်းသော ကိုကို သက်တန့်ဖုံလေ"

ပန်း မလုံမလဲဖြင့် သူ့ကို ကြည့်လိုက်မိသည်။

"ကိုကို ... ဒါ ခရမ်းသူငယ်ချင်း ပန်းကတ္တီပါတဲ့"

"ဟုတ် ... ခုလိုသိရတာ ဝမ်းသာပါတယ်"

သက်တန့်ဖုံက လှိုက်လှိုက်လှဲလှဲ ပြော၏။ ပန်းကတ္တီပါ လှိုက်လှိုက်လှဲလှဲပြောမို့ ဆွံ့အ,သလို ဖြစ်သွား၏။ အကြောင်းက သက်တန့်ဖုံက ပြောဆိုရင်း ပန်းကို စိုက်ကြည့်တာနဲ့ ဆုံသွားသည် မဟုတ်လား။

"ပန်း သိပြီနော်၊ ခရမ်းကိုကိုဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောပြီးမှ သူ့ပုံကို ရည်ညွှန်း၍ ခရမ်းသွေး ပြောခြင်းဖြစ်လေသည်။ ပန်းကဏ္ဍီပါ ခေါင်းလေးငုံ့ကာမန်းကာတန်း ညိတ်၏။

"အဲဒါဆို ကိုကိုနဲ့ မိတ်ဆွေဖြစ်ပြီလို့ ခရမ်း မှတ်လိုက်တော့မယ်၊ ဒါနဲ့ ကိုကို"

ပန်းကိုပြောနေရင်းတန်းလန်းနှင့် ခရမ်းက သူ့မကိုကိုဘက်လှည့်ပြော၏။ သူ့မကိုကိုကလည်း ညီမချောကို မြတ်မြတ်နိုးနိုး အလေးထားချစ်ခင်ပုံရ၏။

"ပြောလေ ခရမ်းလေး"

"ကိုကို ခရမ်းကို မွေးနေ့လက်ဆောင်ပေးဖို့ မမေ့ပါဘူးနော်"

"ဩော် . . . ခရမ်းလေးကလည်း ကိုကို မမေ့ပါဘူး။ ကိုကို့ညီမ မွေးနေ့ကိတ်လှီးပြီးမှ ကိုကို့ဆီက မွေးနေ့လက်ဆောင် တောင်းဆိုမယ်ဆိုတာလေ၊ ကဲ ပြော ညီမလေး ဘာလိုချင်လဲ"

"ညီမလေးလိုချင်တဲ့ မွေးနေ့လက်ဆောင် ဘာလဲဆိုတာ ပန်းကဏ္ဍီပါသိတယ် ကိုကိုရဲ့"

"အလို"

ပန်းကဏ္ဍီပါ မျက်လုံးလေး ဝိုင်းသွား၏။

"ဟုတ်တယ်၊ ပန်းကဏ္ဍီပါ သိတယ် ကိုကို၊ ပန်းကို ခေါ်သွားပြီး ကိုကို သွားဝယ်ပေး။ ခုချက်ချင်းနော်"

"ညီမလေးသဘောပါ၊ လာ ပန်းကဏ္ဍီပါ"





"အိုး"

ပန်းကဏ္ဍီပါ ကိုယ်လေးတွန့်သွား၏။

"သွားလေ ပန်း။ ခရမ်း ဘာလိုချင်လဲဆိုတာ ပန်း သိပါတယ်၊ ပန်းလိုချင်တာကို ကိုကို ဝယ်ပေးလိမ့်မယ်၊ ကိုကိုနဲ့ လိုက်သွား"

ခရမ်း ပြောရင်းဆိုရင်း သူ့အစ်ကိုနောက် အတင်းတွန်းလွှတ်၏။

"လာပါ ညီမလေးလိုချင်တဲ့လက်ဆောင် ကိုကို ဝယ်ပေးချင်တယ်၊ ပန်းကဏ္ဍီပါ ကိုယ့်ကို ကူညီလေ"

သူကလည်း ပန်းကို ထိုသို့ပြောကာ ဦးဆောင်ခေါ်လေ ပန်းမှာ ငြင်းလို့မသာ။

ညီမဖြစ်သူက တွန်းလွှတ်၊ အစ်ကိုဖြစ်သူက လှိုက်လှိုက်လှဲလှဲ ခေါ်နေတော့ ပန်းကဏ္ဍီပါ ခြေလှမ်းတွေ ခေါ်တော်မူတဲ့နောက် ပါသွားချေသည်။

ထိုအခါ . . . သူငယ်ချင်းတွေနဲ့ အလှမ်းအဝေးဆုံးမှာ ရှိနေတဲ့ သန္တာလှိုင်၏အနီရင့်ရောင်မျက်စောင်းတွေ ပန်းကဏ္ဍီပါဆီ တဒိုင်းဒိုင်း ရောက်ရှိ လေသည်။

ခရမ်းရယ် . . . ပန်းကို ဘာကြောင့် သူ့နောက် ထည့်လိုက်ရတာလဲ။ ပြောပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ညာ။

ညလေးက ပန်းချီကားတစ်ချပ်လို လှနေပါသည်။

ရောင်စုံမီးပုံးလှလှလေးတွေ ချိတ်ဆွဲနေရင်း ညလိုပဲ ပန်းကတ္တီပါရဲ့ခံစားမှုတွေလည်း လှပနေသလိုဖြစ်ကာ။ ရင်ခုန်စိတ်ကလေး ညိုးညိုးညံ့သွားဇော်။

ဟုတ်တယ်လေ။

ပန်းကတ္တီပါ့နှလုံးသားမှာ ခံစားမှုလှလှလေးနဲ့ ရင်ခုန်စိတ်ဖြစ်သွားတာ အကြောင်းမဲ့ ဟုတ်ရိုးလား။

အထူးသဖြင့် ...





"နေပါဦး၊ ခရမ်းစိတ်ရင်းက ရှင့်အပေါ် ရိုးရိုးသားသား မဟုတ်တာ သေချာနေပြီ"

"ဘာဖြစ်လို့လဲ ချောစုရဲ့"

ချောစုကို ကတ္တီပါ ပြန်မေးရင်း ရောင်စုံမီးပုံးလေးတွေကို မျက်နှာစာတန်းတစ်လျှောက် တစ်ခုပြီးတစ်ခု ချိတ်ဆွဲနေလိုက်သည်။

ချောစုက မီးပုံးချိတ်ဆွဲနေတဲ့ ကတ္တီပါကို ရှုံ့တွတွလေး ကြည့်ရင်း ပြောသည်။

"ဘာဖြစ်ရမှာလဲ ... ရှင်နဲ့သူ့အစ်ကိုကို နှစ်ယောက်တည်း ထွက်လိုက်တာလေ"

ပန်းကတ္တီပါက၊ မီးပုံးအဝါရောင်လေးကို ချိတ်နေရာမှ ချောစုကို လှမ်းကြည့်လိုက်သည်။ ချောစုက ပန်းကတ္တီပါကို မကြည့်ပါ။ ဖယောင်းတိုင်မီး တောက်နေတဲ့ မီးပုံးနီနီလေးရဲ့အလင်းရောင်ကိုသာ ကြည့်ရင်း

"ပြောလေ ခရမ်းရဲ့ရိုးသားစိတ်နဲ့မှ ဟုတ်ရဲ့လား၊ ပြီးတော့ အန္တာလှိုင် ရှင့်အပေါ် တစ်ခုခုဖြစ်သွားအောင် ဆွပေးလိုက်တာမျိုး မဖြစ်နိုင်ဘူးလား"

"အို၊ ဘာမှမဆိုင်တာပဲ ချောစုရယ်"

"မဆိုင်ဘူးဆိုရင် ခရမ်းသွေး အဲဒီဇာတ်ကွက်ကို ဖန်တီးစရာမလိုဘူးဟာ၊ နောက်ပြီး ကျောင်းနေတဲ့ သက်တမ်းတစ်လျှောက်လုံး ချိန်မှာ အစ်ကိုတစ်ယောက်ရှိတယ်ဆိုတာ ရှင့်ကို ဖွင့်ပြောဖူးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဒါတော့လည်း ဟုတ်သည်။

ခရမ်းက ခရမ်းရဲ့မိသားစုအကြောင်း တစ်ခါမှ ထုတ်မပြောဖူးပါ။ ပန်းကတ္တီပါလည်း မေးမြန်းစပ်စုခြင်း မရှိဖူးပါ။

ခုမှ . . .

ပန်းကတ္တီပါ တွေခနဲဖြစ်သွားတော့ ချောစု ဖိပြောၐ်။

"ခရမ်းနဲ့ပတ်သက်ရင် သတိထား ဆက်ဆံဖို့ လိုနေပြီ ကတ္တီပါရဲ့၊ ချောစုက မနာလိုလို့ ပြောတာမဟုတ်ဘူး။ တစ်ခုခုဖြစ်လာရင် ကတ္တီပါမှာ အားကိုးရာ ဘယ်သူရှိလဲ၊ အဖေအမေရင်းတွေကိုလည်း အားကိုးရတာ မဟုတ်ဘူး။ ကတ္တီပါ့ဘဝကို ကတ္တီပါ ရုန်းကန်ပြီး ရပ်တည်နေရတာ မဟုတ်လား၊ ဒါကြောင့် ချောစု သတိပေးတာပါဟာ"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်း"

"အဲဒါဆိုရင် ရှင် သူ့အကြောင်း စိတ်ကူးမယဉ်ပါနဲ့၊ ပြီးတော့ သူနဲ့ရှင် နှစ်ယောက်တည်း ဆုံတွေ့ရတဲ့ဖြစ်စဉ်ကိုလည်း မစဉ်းစားနဲ့တော့၊ ကဲ ချောစု ပွဲဈေးတန်းသွားမယ်၊ လိုက်မလား"

"မလိုက်တော့ဘူး"

"မလိုက်ရင် ပြီးရောလေ၊ သူ့အကြောင်းတွေ ရှင် မတွေးနဲ့နော်"

"စိတ်ချပါ သူငယ်ချင်းရဲ့"

ပန်းကတ္တီပါ ထိုသို့ပြောလိုက်ပေမယ့် ချောစု အရိပ်ကလေး





ကွယ်တာနဲ့ သူ့ပုံစံလေးကို ကတ္တီပါ မြင်ယောင်လာသည်။

ဟုတ်တယ်လေ။

ဒီမီးပုံးလေးတွေက သူနဲ့ ဆက်နွယ်နေတယ်မဟုတ်လား။

ဒါကြောင့် . . .

မီးပုံးလှလှလေးများကိုကြည့်ငေးရရင်း . . .

✿

"လာလေ ကတ္တီပါ"

ပန်းကတ္တီပါရဲ့လက်ဖျားလေးကို ဆွဲယူတော့မတတ် ဂရုတစိုက်ပြောရင်း စူးပါမားကက်ထဲ ယှဉ်တွဲဝင်ဖို့ ခေါ်လေသည်။

ကတ္တီပါ့စိတ်က သူနဲ့ယှဉ်တွဲပြီး မသွားလိုပါ။

သူက ညီမရဲ့မွေးနေ့ပွဲမှ နှံသာရောင်အနောက်တိုင်းဝတ်စုံနဲ့ ခပ်ကျနေသည် မဟုတ်လား။ ပြီးတော့ . . . ယှဉ်တွဲသွားရမှာလည်း ကတ္တီပါ့စိတ်က မလုံပါ။

သူက ခေါ်နေတော့လည်း ရှောင်လွှဲလို့ မရဖြစ်ကာ။

သူနဲ့ယှဉ်တွဲသွားမိလျှင် ပတ်ဝန်းကျင်က မျက်လုံးတွေက ကတ္တီပါနဲ့ သူ့အပေါ်သို့ စိတ်ဝင်တစား ကျရောက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပန်းကတ္တီပါမျက်နှာလေး ထားမတတ်အောင်ဖြစ်ရ ကာ ဘယ်သူ့ကိုမှ မကြည့်မိအောင် မျက်လွှာလေးချထားရသည်။

"ညီမလေးနဲ့ခင်တာ မကြာသေးဘူးထင်တယ်"

"ရှင်"

"ဩော် ညီမလေးသူငယ်ချင်းတွေကို ကိုယ် မြင်ဖူးနေကျပါ။ ကတ္တီပါ့ကို ခုမှမြင်ဖူးလို့ပါ၊ ဒါကြောင့် ညီမလေးနဲ့ခင်တာ မကြာသေး ဘူး ထင်လို့ပါ"

သူက သူ့အထင်လေးနဲ့သူ မေးခြင်းရယ်။ ကတ္တီပါက ...

"ကျောင်းစတက်ကတည်းက ခရမ်းနဲ့ ခင်နေတာပါ"

ထိုသို့ပြောလိုက်တော့ သူ မယုံသလိုနှင့် ပန်းကို ငုံ့ကြည့်[illegible]

"တကယ်ပြောတာလား ပန်းကတ္တီပါ"

"တကယ်ပါ၊ ပန်း မညာပါဘူး"

"ကိုယ် အံ့သြလို့ပါ၊ ညီမလေးက တစ်ခါတစ်ခါ ကိုယ့်ကို အံ့သြစရာဖြစ်အောင် သိပ်လိုက်တတ်တယ်၊ ဒီတစ်ခါ အအံ့သြရဆုံး[illegible] ခုလည်းကြည့် လိုတာပြောလိုက်ရင် ရသားနဲ့ ကတ္တီပါ့ကိုမေးပြီး [illegible] ပေးပါတဲ့၊ အဲဒီအတွက် ခုလိုလိုက်လာရတာ ကတ္တီပါ စိတ်အနှောင့် အယှက်ဖြစ်သွားလား"

"ဟင့်အင်း မဖြစ်ပါဘူး"

ပန်းကတ္တီပါ ကမန်းကတန်း ဖြေရှင်းသလိုလေး ပြောလိုက်[illegible]





သည်။ ထိုအခါ သူ့စိတ်ထဲ ပေါ့ပါးသွားဟန်နှင့် ...

"ကျွန်တော်က ကတ္တီပါ့ကို အားနာနေတာပါ"

"ရပါတယ်"

"အခု ညီမလေးအတွက် ဘာဝယ်ပေးရမလဲ"

သူက ပန်းကို ငုံ့ကြည့်ရင်း မေးပြန်သည်။ ထိုအခါ ပန်းလည်း နည်းနည်းညစ်သွား၏။ ခေါင်းကုတ်ရမလိုလို ဘာလိုလို ဖြစ်သွားကာ။

"ဟိုလေ ခရမ်းက ဖက်ရှင်လှလှလေးတွေ ကြိုက်တတ်ပါ တယ်"

"အဲဒါဆိုရင် ကိုရီးယားမိတ်ထဲက ကြည့်မလား၊ အင်္ဂလန်မိတ် ထဲက ကြည့်မလား"

"အင်္ဂလန်မိတ်က ပိုကောင်းပါတယ်၊ ခရမ်းက ရှေ့ခေတ်ပြေး ဖက်ရှင်တွေလည်း ကြိုက်တတ်တယ်၊ ပြီးတော့ အင်္ဂလန်မိတ်က ပိုပြီး ခေတ်ကျပါတယ်"

"အိုကေ"

သူက သွက်သွက်လေးပင် အင်္ဂလန်က တိုက်ရိုက်တင်သွင်းတဲ့ အနံ့ဖက်ရှင်ဆိုင်ကြီးဆီ ဦးဆောင်ခေါ်သွားလေသည်။

ခရမ်းကိုယ်လုံးနဲ့ လိုက်ဖက်မယ့် ပုစွန်ဆီရောင်အင်္ကျီလေးနဲ့ သွေးညိုရောင် စကတ်တိုလေးကို ရွေး၏။ ထိုအင်္ကျီမှာ ပဝါစရှည်စလေး ပါတာမို့ ဖက်ရှင်က ပိုပြီးကြွ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဝတ်စုံလေးကို ဝယ်ပြီး ပြန်ထွက်လာကြသည်။ ထိုအခါ သူက ...

"ပန်းကတ္တီပါကို ကိုယ် ကျေးဇူးတင်ပါတယ်"

"ရပါတယ်"

"ပန်းကတ္တီပါနဲ့ ခုလိုဆုံရတာ အမှတ်တရပဲ၊ အဲဒီအတွက် အမှတ်တရလက်ဆောင် ကိုယ် ဝယ်ပေးပါ့မယ်"

"အို့ မဟုတ်တာပဲ"

"အားမနာပါနဲ့ ပန်းကတ္တီပါ၊ ပန်းကတ္တီပါရဲ့စရိုက်သဘာဝက စိတ်ဝင်စားစရာကောင်းလှပါတယ်၊ ဒါကြောင့် ... ကိုယ့်စိတ်ကူးထဲမှာ စိတ်ဝင်တစားဖြစ်နေတဲ့ ပစ္စည်းလေး ဝယ်ပေးမယ်၊ ဈေးလည်း မများဘူး"

ပန်းကတ္တီပါ ပြောဆိုငြင်းဆန်လို့မရအောင် သူ့ဖက်က စိတ်အားပါပါ ပြောဆိုရင်း ဦးဆောင်ခေါ်သွား၏။

"လာ ကတ္တီပါ"

ထို့နောက် သူက မီးပုံးလှလှလေးတွေချည်းရောင်းတဲ့ အရောင်းဆိုင်မှာ သီတင်းကျွတ်မီးထွန်းပွဲအထိမ်းအမှတ် စာတန်းလေးတွေပါတဲ့ ရောင်စုံမီးပုံးတွေ ဝယ်ပေးလေသည်။

မီးပုံးလေးတွေက လှနေသလို၊ သူ့စိတ်ကူးလေးကလည်း လှပနေသည်ဟု ပန်းကတ္တီပါ ယူဆမိသည်။





ဟုတ်ပါတယ်လေ။

သူ့စိတ်ကူးက ယဉ်ယဉ်ကျေးကျေးလှပါပေသည်။

ထို့အတူ ...

ပန်းကတ္တီပါရဲ့ စိတ်ခံစားမှုတို့သည်လည်း သူ့အတွေးလှလှအတိုင်း လှပကာ ရောင်စုံမီးပုံးတို့၏အလှနှယ် ခံစားချက်တို့ လှပနေသသည်၊

ဒါ့ပြင် ...။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟင့် ဟင့် ဟင့်"

သန္တာလှိုင် ခနဲ့သံ့သံ့ ရယ်မောလေသည်။

"ပန်းကတ္တီပါဆိုတာ ဒီလိုအဆင့်နိမ့်နိမ့်ထဲကပေါ့လေ၊ ဟုတ်လားဟင်"

ပန်းကတ္တီပါရဲ့အခန်းတွဲအိမ်ကျဉ်းလေးကိုကြည့်ရင်း သန္တာလှိုင် ရွတ်ရွတ်ချချ မေးလေသည်။ ပန်းကတ္တီပါ စိတ်ထဲ တင်းခနဲဖြစ်သွားသော်လည်း မာနနဲ့ မျက်နှာလေးကို မော့ထားရင်း . . .

"ဆင်းရဲတာ အဆင့်နိမ့်တယ်လို့ ပန်းကတ္တီပါ ဘယ်တုန်းကမှ မယူဆဘူး သန္တာလှိုင်"



"အေးလေ . . . အဲ့လိုယူဆမိတဲ့နေ့ ရှင်ကိုယ်ရှင် သတ်သေချင်စိတ်ဖြစ်တဲ့နေ့ပဲ"

"ဘာပြောတယ်"

ပန်းကတ္တီပါရင်ထဲမှ ဒေါသအမိုးအငွေ့တို့ ဟုန်းခနဲ ခုန်ထွက်ကုန်သည်။ သန္တာလှိုင်က လက်ခုပ်လေးတီးမတတ် အားရပါးရ ရယ်မောသည်

"ဟင့် ဟင့် ဟင့်"

ရယ်မောရင်း ပန်းကတ္တီပါကို စိုက်ကြည့်ပြီး ပြော၏။

"ဟုတ်တယ်လေ၊ ရှင်က ရှင့်ကိုယ်ရှင် ဆင်းရဲတာက အဆင့်မနိမ့်ဘူးလို့ မာနလေးနဲ့ မောင်းတင်ထားရမှာပေါ့ မဟုတ်ဘူးလား"

"နေစမ်းပါဦး သန္တာလှိုင် . . . ရှင်နဲ့ပန်း ဘာရန်စမှမရှိဘဲနဲ့ ဘာလို့လာပြီးတိုက်ခိုက်နေရတာလဲ"

"တိုက်ခိုက်နေတာမဟုတ်ဘူး ပန်းကတ္တီပါရဲ့၊ ရှင့်ဘဝဟာ မွှင့်နာမည်လို နူးညံ့သိမ်မွေ့ခြင်းတွေနဲ့ စိတ်ဝင်စားစရာကောင်းတဲ့ ပန်းတစ်ပွင့်မဟုတ်ဘူးဆိုတာ ရှင့်ကိုယ်ရှင် သိနေဖို့ လိုအပ်တယ်"

"ဒီမှာ ပန်းကတ္တီပါက ဘယ်လိုဘဝနဲ့ ဘယ်လိုမိန်းကလေးဆိုတာ ပန်းကတ္တီပါ ကောင်းကောင်းသိပါတယ်၊ ရှင် လာပြီး ပြောနေစရာ မလိုဘူး"

"လိုအပ်လို့ လာပြောရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဟုတ်တယ်၊ ရှင် နောက်ဆုတ်လိုက်ပါ"

"ဘုရားရေ"

ပန်းကတ္တီပါ ရင်ဘတ်လေး အသာဖိမိသွားသည်။ ပန်းကတ္တီပါရဲ့အိပ်ခန်းကျဉ်းလေးရှေ့ မျက်နှာစာဘက်တွင် စက်ချုပ်ဆိုင်လေး ဖွင့်ထား၏။ ဆိုင်ရှေ့က မှန်ဗီရိုရှေ့မှာ တံစက်မြိတ်အပြင်ဘက်မှ ပြောနေတဲ့ သန္တာလှိုင်က ရန်လိုခြင်းအပြည့်နဲ့။

သန္တာလှိုင် ဒီလိုတွေလာပြောနေတော့ ပန်းရဲ့အခန်းနီးနားချင်းတွေ ခေါင်းလေးတွေပြူ၍ ချောင်းကြည့်ကြလေသည်။

သန္တာလှိုင်က ပြောနေတာတွေကို မလျှော့ပါ။ ဘယ်သူ့ကိုမှ အရေးမစိုက်သလိုပြောချ၏။

"ဘုရားတမနေနဲ့ ပန်းကတ္တီပါရဲ့၊ ခရမ်းသွေးဆိုတာ ဘယ်လို မိန်းကလေးလဲဆိုတာ ရှင် အရင်စုံစမ်းကြည့်ဦး"

"ဘာ ဘာဆိုင်လဲ"

"ဘာဆိုင်လဲဆိုတော့ ရှင့်ကို ခုတုံးအဖြစ် အသုံးချနေတာလေ"

"ဘုရားရေ"

ပန်းကတ္တီပါ ဘာမှနားမလည်နိုင်တော့ပါ။ ခရမ်းမျက်နှာလေးကို ပြေးမြင်ယောင်မိသည်။ ပြီးတော့ သူ။





"ဘုရားတမနေနဲ့ သန္တာက ရိုးရိုးသားသား သတိလာပေးတာ၊ ရှင် နောက်ဆုတ်လိုက်ပါ၊ ကိုဖုံးနဲ့လည်း မပတ်သက်နဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကိုဖုံးက သန္တာရဲ့လက်ကိုင်ပန်း"

"ဘာ"

"ရှင် နားမရှင်းဘူးလား၊ ဒီမှာ ကိုဖုံးက သန္တာရဲ့ပစ်မှတ်၊ အဲဒါကိုမသိဘဲ ရှင် ကြားမဝင်ပါနဲ့"

"ကျွတ်၊ သွားတော့ ရှင် ဘာမှလာမပြောနဲ့တော့"

"ဘာလဲ၊ ရှင်က ကိုဖုံးနဲ့ တစ်ခါတွဲရတာနဲ့ feel တက်နေပြီလား"

"ရှင်နော်"

ပန်းကတ္တီပါ ကိုယ်လေး တဆတ်ဆတ်တုန်သွား၏။ ရှက်စိတ်နဲ့ မာနစိတ်တို့ ရောထွေးလျက်။ နီးစပ်ရာ ဆွဲယူစဉ် စားပွဲပေါ်က အဝတ်ညှပ်တဲ့ ကတ်ကြေးကို ဆွဲကိုင်မိပြီး ပစ်ပေါက်ရန် ရွယ်လိုက်မိသည်။ သန္တာလှိုင်က လက်ခုပ်လေးတီးကာ တဟားဟား အော်ရယ်၏။

"ပန်းကတ္တီပါရယ် ... သန္တာပစ်မှတ်ကို ရှင် မျက်စမပစ်ပါနဲ့၊ သန္တာပစ်မှတ်ထဲရောက်အောင် ရှင့်ကို ခရမ်းသွေး တွန်းပို့နေတာလည်း အကြောင်းမဲ့ မဟုတ်ဘူးနော်၊ ရှင့်ဦးနှောက်နဲ့ သေချာစဉ်းစား၊ ပြီးရင် ဆုံးဖြတ်၊ ရှင့်ဘဝ ဒီထက်မြင့်မားအောင် သန္တာတို့ စောင်မနိုင်ပါတယ်၊ အဲဒီအတွက် ရှင်က လုပ်စရာတစ်ခုတည်း ရှိတယ်၊ ခရမ်းသွေးတို့



www.burmeseclassic.com

www.burmeseclassic.com



မောင်နုမနဲ့ အဆက်ဖြတ်ဖို့''

''တောက် ရှင် ၊ထွက်သွားတော့ သန္တာ''

''အမယ်လေး၊ ရှင့်လို အတန်းစားက သန္တာကို နှင်ထုတ်နေစရာမလိုဘူး၊ ပြောစရာရှိလို့ လာခဲ့ရတာ၊ ရှင်ရှေ့ရပ်နေရတာတောင် သန္တာတို့အရှိန်အဝါတွေ ပန်းကြွေသလို ကြွေတယ် သိရဲ့လား။ ဒါပဲနော် ရှင့်လိုအပ်ချက်ကို သန္တာ စောင်မမယ်၊ ကိုဖုံတို့မောင်နုမနဲ့ အဆက်ဖြတ်ဖို့ မမေ့နဲ့၊ ဘိုင် ဘိုင်''

သန္တာလှိုင် ပြောဆိုရင်း လက်ကလေးပြကာ သူမရဲ့ကားလှလှလေးပေါ် တက်၍ မောင်းထွက်သွားလေသည်။ ပန်းကတ္တီပါ နှုတ်ခမ်းလေး ဖိကိုက်ရင်း ရင်ထဲမှ နာကျင်စွာ မျက်ရည်လေး ဝဲ၏။

ပန်းကတ္တီပါကို စောင်မရအောင် ပန်းကတ္တီပါက ဘယ်သူ့ရဲ့ အရှိန်အဝါကို မက်နေတယ်လို့ ထင်လို့လဲ။

တောက်။ ပန်းကတ္တီပါ ဝေးလေ ဒေါသထွက်လေ။ ဝေးလေ မာနရောင်လေး လက်လက်ထလေ ဖြစ်ရလေသည်။ ထို့ကြောင့် ...။

✿ ✿ ✿



## အခန်း (၁၇)

''ကျွီ''

''ဟင်''

ရုတ်တရက် ထိုးရပ်လာတဲ့ အနက်ရောင် ဖိတ်ဖိတ်တောက်နေသော ပရာဒိုကားသစ်ကြီး။

ပန်းကတ္တီပါ ဟင်ခနဲဖြစ်ရသလို ကမန်းကတန်းလည်း ပလက်ဖောင်းပေါ် တက်လျှောက်မိသည်။

မတော်တဆ ကားနဲ့ပွတ်မိမှဖြင့်။ ပြီးတော့ အနားလာပြီး ရပ်တဲ့ကားကိုလည်း ပြစ်တင်ချင်မိသည်။ ထို့ကြောင့် စူးစူးရဲရဲလေး ငဲ့ကြည့်မိလျှင် –



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသူနေရာမှ ခရမ်းကိုကိုရယ်ပါ။

ပန်းကို လှိုက်လှိုက်လှဲလှဲ ပြုံးပြ၍ ...

"ဘယ်သွားနေတာလဲ"

"ဟိုမြို့ထဲကိုပါ"

"လာလေ၊ လမ်းကြုံသားပဲ"

"နေ နေပါစေ၊ ပန်းက လိုင်းကားနဲ့ သွားနေကျပါ"

"တကူးတကမှ မဟုတ်ဘဲ ကဗ္ဗီပါရယ်၊ လာပါ"

သူက ပြောရင်းဆိုရင်း ကားတံခါးဖွင့်ပေးလေသည်၊ ပန်းကဗ္ဗီပါ ခေါင်းလေးတခါခါနှင့် ...

"နေပါစေ"

"မဟုတ်တာ ကဗ္ဗီပါရယ်၊ ခရမ်းလေးသိရင်း ကိုယ့်ကို စိတ်ကောက်နေဦးမယ်၊ ခရမ်းလေးသူငယ်ချင်းကို တွေ့တာတောင် မခေါ်ရကောင်းလားဆိုပြီးတော့"

ပန်းကဗ္ဗီပါ ငြင်းနေတော့ သူက ပြောရင်းဆိုရင်း ကားတံခါးဖွင့်ပြီး ဆင်းလာသည်။

"လာပါ ကဗ္ဗီပါ၊ ကိုယ့်အတွက် တကူးတက မဖြစ်ပါဘူး၊ ကိုယ် စက်ရုံအပြန် မြို့ထဲသွားမှာဆိုတော့ လမ်းလည်း ကြုံသားပဲ၊ လာလေ နေပူပါတယ်"





နွေဦးနေမို့ နေရောင်ကလည်း စူးစူးရှရှ ပူနေတာ ပါသည်။ သူက လှိုက်လှိုက်လှဲလှဲဖြစ်နေလျှင် ပန်းကဗ္ဗီပါ ငြင်းဆန်ဖို့ အားနာလာသည်၊

"လာပါ၊ ဒီအချိန်က ဘတ်စ်ကားတွေ သိပ်ကျပ်တယ်လေ"

ပြောရင်း ပန်းကဗ္ဗီပါရဲ့လက်ဖျားလေးကို တကယ်ဆွဲလေသည်။

"အိုး ရပါတယ်"

ပန်းကဗ္ဗီပါ ကမန်းကတန်းပင် သူဆွဲထားတဲ့လက်ကို ပြန်ဆွဲယူ၏။ ပြီးတော့ သူ ဖွင့်ပေးတဲ့ ကားတံခါးမှ ကားပေါ်သွားတက်လိုက်၏။ ကားပေါ်ရောက်လျှင် စံပယ်ပန်းရနံ့လေးက သင်းသင်းကြူနေသည်။

ခိုတ်ဆွဲထားတဲ့ စံပယ်ပန်းကုံးလေးရဲ့ရနံ့က သူတို့နှစ်ဦးကြား လွှမ်းမိုးသလိုဖြစ်ကာ။ သူ့ကားလေး ငြိမ့်ခနဲ မောင်းထွက်လျှင် စံပယ်ပန်းရနံ့လေး လှိုင်လှိုင်ကြူသွား၏။

ခုနေခါ သန္တာလှိုင်တွေ့လျှင် ဘာပြောမလဲ။ ပြီးတော့ ခရမ်းသွေး သိရင်ကော။ ဒါတင်မက ချောစု မြင်မိလို့ကတော့။

ပန်းကဗ္ဗီပါရင်ထဲမှာ တွေးရင်း မောလျှနေပါသည်။ ထို့ကြောင့် မြို့ထဲ မြန်မြန်ရောက်ပါစေတော့ဟု ကျိတ်ပြီး ဆုတောင်းနေရသည်။

ထိုစဉ်



www.burmeseclassic.com

www.burmeseclassic.com



"ကျွီ"

"ဟင်"

သူမောင်းနေတဲ့ကားက လမ်းဘေးထိုးရပ်သွားသည်။

"ဘာဖြစ်တာလဲဟင်"

ပန်းကတ္တီပါ စိုးရိမ်တကြီး မေးမိ၏။ သူက မျက်လုံးစုံမှိတ်၍ ကားလက်ကိုင်ပေါ် မျက်နှာလေး မှောက်ချပြီး –

"ခေါင်းမူးသွားလို့ပါ"

"ဟင် . . . ရှင် နေမကောင်းဘူးလား"

"ကောင်းပါတယ်၊ ရုတ်တရက်မို့ပါ၊ ဆောရီး ပန်းကတ္တီပါ"

"ရပါတယ်၊ ရှင် နေသာရဲ့လား"

"နည်းနည်းမူးနေသေးတယ်"

"နေဦး . . . ခရမ်းကို ခေါ်ပေးမယ်"

ပန်းကတ္တီပါ ကမန်းကတန်းပင် လက်ကိုင်အိတ်ပါးလေးထဲက လက်ကိုင်ဖုန်း ထုတ်ယူ၍ ခရမ်းသွေးဖုန်းကို ခေါ်သည်။

ခရမ်းသွေးဖုန်းက စက်ပိတ်ထားပါသည်ဟု အကြောင်းပြန်လျှင် ပန်းကတ္တီပါ ပို၍စိတ်လှုပ်ရှားသွား၏။

သူ့ကိုကြည့်တော့လည်း တကယ်ပဲ ခေါင်းမထောင်နိုင်။ မူးတဲ့အရှိန်ကြောင့် သူ့မျက်နှာမှာ ချွေးတွေ စို့တက်နေသည်။

ထိုအခါ ပန်းကတ္တီပါ ပို၍စိတ်ပူသွားပြီး . . .





"ရှင် ဒီလိုဖြစ်တတ်သလား"

"ခုတလော ခဏခဏ မူးတတ်တယ်၊ တော်ကြာနေ ပြန်ကောင်းသွားတတ်တယ်၊ ခဏလေးပါ"

"အိုး အဲဒါဆိုတော့ ဆေးခန်းပြဖို့ လိုမှာပေါ့၊ နေဦး"

ပန်းကတ္တီပါ တကယ်ပဲ စိုးရိမ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ကားထိုးရပ်တဲ့နေရာက စည်ကားတဲ့ရပ်ကွက်နားမှာမို့ ဆေးခန်းငယ်လေးတစ်ခန်း ရှိနေပါသည်။ ထိုဆေးခန်းကို လှမ်းတွေ့တော့ ပန်းကတ္တီပါ တအားတက်သွား၏။

"ဟိုနားမှာ ဆေးခန်းတွေ့ရတယ်၊ ဆေးခန်းပြလိုက်တာ ကောင်းမယ် ကိုသက်တန့်ဖုံး လာပါ"

ပန်းကတ္တီပါ ပြောဆိုရင်း ကားပေါ်မှ ဦးစွာဆင်းကာ တစ်ဖက်မှ ကားတံခါးဖွင့်ပြီး သူ့ကို ကားပေါ်က ဆင်းစေသည်။

သူ အားနာသော်လည်း သူမကို အားပြုကာ ကားပေါ်က ဆင်းလိုက်၏။ ကားပေါ်မှ ဆင်းကာမှ ပိုပြီး မူးသလိုဖြစ်ကာ သူ့ကိုယ်ကြီး ယိုင်လဲမတတ်ဖြစ်သည်။

"အို့"

ထိုအခါ ပန်းကတ္တီပါ သူ့ကိုယ်ကြီးကို ပွေ့ဖက်လိုက်ရသည်။

"ရှင် သတိထားဦး၊ လမ်းလျှောက်လို့ရမလား၊ ဖြည်းဖြည်းလျှောက်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းကတ္တီပါ တခြားဘာမှတွေးမနေတော့ပါ။ သူ့ကို တွဲခေါ်ရင်း ဆေးခန်းထဲ မရအရခေါ်သွင်းရလေသည်။ ဆေးခန်းထဲရောက်တော့ လူနာခုတင်ပေါ် တင်၏။

ဆရာဝန်မလေးက . . .

"ဘာဖြစ်တာလဲ"

ပန်းကတ္တီပါပဲ သွက်သွက်ကလေးဖြေလျှင် ဆရာဝန်မမက သူ့ကို စမ်းသပ်၏။ အဖြေထွက်တာက –

"သွေးတိုးနေပါသည်၊ အပေါ်သွေး တစ်ရာ့ခြောက်ဆယ်"

"ဟင်"

"စိတ်မပူပါနဲ့"

သူက မျက်လုံးပင့်မဖွင့်နိုင်တော့ပါ။ ဆရာဝန်မ ပြောဆိုရင်း သွေးကျဆေး ထိုးပေး၏။

ပန်းကတ္တီပါမှာ စိတ်ပူနေတာပဲ သိသည်၊ ဆရာဝန်လုပ်ပေးသမျှကိုသာ ကြည့်ရင်း –

သူက သွေးတိုးတဲ့အရှိန်နဲ့ရော၊ ဆေးရှိန်နဲ့ပါ မှိန်းနေသည်။ ခုနေခါ ခရမ်းသွေး သူ့အနားမှာ ရှိဖို့ကောင်းပါသည်။

ထို့ကြောင့် ပန်းကတ္တီပါ ခရမ်းသွေးဖုန်းကို ပြန်ခေါ်ကြည့်ပေမဲ့ စက်က ပိတ်ထားဆဲ။

ခက်တော့ ခက်နေပါပြီ။





ပန်းကို လမ်းကြုံလို့ အတင်းပဲ ခေါ်တင်လာတဲ့သူ။ ခုတော့ ခရမ်းက လမ်းတစ်ဝက်မှာ သူ့ကို ဆေးခန်းဝင်ပို့ရတဲ့အဖြစ်။

မထင်မှတ်တဲ့ ဖြစ်သွားတဲ့ ထိုအခြေအနေက မကြာခင် မုန်တိုင်းတစ်ခုလို ပြင်းထန်တဲ့ ရိုက်ခတ်မှု ဖြစ်နေလိမ့်မယ်လို့ ခရမ်းရော သူပါ ထင်မှတ်မထားပါ။

ထင်မှတ်မထားဘဲ ဖြစ်တည်လာတာက . . .။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ကတ္တီပါရေ့ ဟေ့ ကတ္တီပါ"

ချောစုရဲ့ခေါ်သံ ကြားရပေမယ့် ပန်းကတ္တီပါ မထူးဖြစ်ပါ။ ဆိုင်ထဲမှာ စက်ချုပ်နေတဲ့ သီရိပဲ ခေါင်းလေးထောင်ကာ . . .

"ရှူးတိုးတိုး"

ဟု လှမ်းပြော၏။ ချောစုက ဆိုင်ပေါ်တက်ရင်း မျက်စနဲ့ အသံတိတ်မေး၏။

"ကတ္တီပါရော"

"ရှိတယ်၊ အခန်းထဲမှာ"

"ဟွန်း . . . အခန်းထဲမှာ ဘာလုပ်နေတာလဲ"

"သိဘူးလေ"





သီရိ တိုးတိုးလေးပြောရင်း ထဘီတွေကို ချုပ်ရိုးအဖြောင့်ချုပ် နေလိုက်သည်။ ချောစုက မျက်မှောင်လေးကုတ်၍ . . .

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်မှန်းလည်း မသိဘူး၊ မှုန်ကုတ်နေတာပဲ၊ သီရိ မေးတော့လည်း မဖြေဘူး၊ ချုပ်စရာရှိတာတွေ ချုပ်ထားလို့ ပြောပြီး အခန်း အောင်းနေတော့တာပါပဲ"

"ဟွန်း ချောစုက အလှူသွားဖို့ လာခေါ်တာ"

"အလှူဆိုရင် သီရိလိုက်မယ်လေ"

"အငတ်မက တစ်မျိုး"

"အလှူစားချင်တာကို ချောစုရဲ့"

"အဲဒါဆိုလည်း ပြီးရော၊ ကတ္တီပါ့ကို ခေါ်လိုက်မယ်၊ ပြီးတော့ သုံးယောက်အတူတူ သွားကြတာပေါ့"

"အိုကေ ကတ္တီပါ့ကို ရအောင်ခေါ်လေ"

သီရိက အလှူဆိုလို့ စိတ်အားထက်သန်စွာ ပြောလေသည်။ နောက်ပြီး ကတ္တီပါ့စိတ်ထဲမှာ ဖြစ်တည်နေတဲ့ ခံစားချက်တစ်ခုခုကို ပြေလျော့သွားစေချင်တာလည်း ပါပါသည်။

ဒါကြောင့် ကတ္တီပါကိုပါ ရအောင်ခေါ်ဖို့ တွန်းအားပေးလိုက်လျှင် ချောစုကလည်း အားတက်သရောဖြစ်လှုပြီး အခန်းထဲ တန်းဝင်သွား၏။

"ကတ္တီပါရေ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းကတ္တီပါ မထူးပါ။ ခေါက်လက်စအကျီင်္ဖွေကို ဆက်ခေါက်၍ သေတ္တာထဲ ထည့်နေလိုက်သည်။

"ကတ္တီပါရယ် ဒီလောက်ခေါ်နေတာ မကြားဘူးလားကွယ်"

အခန်းဝမှာ ရပ်ရင်း ချောစု အလိုမကျစွာ မေး၏။ ကတ္တီပါက စိတ်မပါစွာ ပြော၏။

"ကြားတယ်"

"ကြားရင် ထူးမှပေါ့ ကတ္တီပါရဲ့"

"မထူးချင်လို့ မထူးတာ"

"ဘယ်လို . . . မထူးချင်လို့ ဟုတ်လား"

ပန်းကတ္တီပါ စိတ်မပါစွာ ခပ်ပြတ်ပြတ်ပြော၏။ ထိုအခါ ချောစုက တအံ့တသြဖြစ်သွားပြီး အဝတ်တွေခေါက်နေတဲ့ ပန်းကတ္တီပါရဲ့ခုတင်ပေါ်မှာ ဝင်ထိုင်၍ –

"ဘယ်လို၊ မထူးချင်လို့ ဟုတ်လား"

ချောစု ထပ်ဆင့်မေးလျှင် ပန်းကတ္တီပါ နှုတ်ဆိတ်နေလိုက်သည်။

"မထူးချင်ရအောင် ချောစုတို့က ရှင့်ကို ဘာလုပ်ထားလို့လဲ ပြောလေ ကတ္တီပါရဲ့"

"အိုး ချောစုနဲ့ မဆိုင်ပါဘူး၊ ပန်းစိတ်နဲ့ ပန်းပါ"

"ဘာ . . . ကတ္တီပါ့စိတ်နဲ့ ကတ္တီပါ ဟုတ်လား"

ပန်းကတ္တီပါ ခေါင်းလေးညိတ်ရင်း အဝတ်ပြည့်သွားတဲ့ သား





သေတ္တာငယ်လေးကို ဖစ်ဆွဲပိတ်၏။ ချောစုက ဘာမဆို တိတိကျကျ သိချင်သူမို့။

"ကတ္တီပါ . . . ရှင့်စိတ်ထဲမှာ ဘာဖြစ်နေလို့လဲ၊ နေပါဦး . . . ကတ္တီပါ့စိတ်မှာ တစ်ခုခုဖြစ်အောင် ဘယ်သူလုပ်တာလဲ"

ထိုမေးခွန်းလေးက ပန်းကတ္တီပါရင်ထဲ ဒိုင်းခနဲ ဝင်ဆောင့်သလို ခံစားရလေသည်။ ဟုတ်တယ်လေ။

"ပြောလေ ကတ္တီပါရဲ့၊ ရှင့်စိတ် ထိရှအောင် ဘယ်သူလုပ်တာလဲ၊ သန္တာလှိုင် မဟုတ်လား"

ဟိုတစ်နေ့က သန္တာလှိုင်ရောက်လာပြီး ဘာဘာညာညာ ပြောသွားတာ ချောစုတို့ သိထားပြီးသား။ ထိုစဉ်က ပန်းကတ္တီပါမျက်နှာလေး မာနနဲ့ မော့ထားနိုင်ခဲ့သည်။ ခုတော့ ထိုစဉ်ကလိုမဟုတ်။ မာနလေးနဲ့ မမော့မထားနိုင်။ မျက်နှာမှာလည်း ရှက်ရွံ့စိတ်နှင့် မလုံမလဲဖြစ်နေသလို နှုတ်ဆိတ်နေပြီး အခန်းအောင်းနေတာက အထူးခြားဆုံး ဖြစ်လေသည်။

"ပြောလေ သန္တာလှိုင်လား"

"မဟုတ်ပါဘူး၊ သန္တာလှိုင်ကို ဘာအရေးစိုက်စရာရှိလဲ"

"ဒါဆို ဘယ်သူလဲ"

"ဘယ်သူမှ မဟုတ်ပါဘူးဟာ"

ပန်းကတ္တီပါ ယတိပြတ်ပြောလိုက်တော့ ချောစုမျက်လုံးလေး မှိုသွား၏။ ချောစု သိချင်တာကို ပန်းကတ္တီပါ မရှင်းပြလိုတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် . . .

"ဒေါ်မိကြီးအိမ်က အလှူသွားမလို့ လာခေါ်တာ မဟုတ်လား"

"အေး ဟုတ်တယ်"

ချောစုလာရင်းကိစ္စက အလှူသွားကြဖို့ပါ။

"အဲဒါဆို သွားမယ်လေ"

"ဟင်"

ဒီတစ်ခါ အံ့ဩရတာ ချောစုရယ်ပါ။

"ဘာလဲ . . . ဟင်ခနဲ ပြုံးကြည့်နေတာ၊ အလှူသွားမယ်ဆို အတူတူသွားကြမှာပေါ့၊ လာလေ"

"အဟဲ အို"

ချောစု ဒီတစ်ခါ ပန်းကတ္တီပါကို တကယ်နားမလည်နိုင် ဖြစ်ရလေသည်။ ပန်းကတ္တီပါက အခန်းထဲ ဦးဆောင်ထွက်ခဲ့ပြီး . . .

"သီရိ လိုက်မလို့ မဟုတ်လား"

"လိုက်မှာပေါ့"

"အဲဒါဆို . . . လာ သွားကြမယ်"

ပန်းကတ္တီပါဘက်က ခုလို တက်ကြွနေတာ ပုံမှန်စိတ်နဲ့ မဟုတ်မှန်း ချောစု သိနေပေမယ့် မပြောလိုတဲ့ ပန်းကတ္တီပါကို ဖိအားပေးပြီး မမေးလိုတော့ပါ။ အချိန်စောင့်လိုက်တာ အကောင်းဆုံးပဲလို့ ချောစုထင်တာမို့။

✿ ✿ ✿

## အခန်း (၁၉)

"ဟင် မေမေ"

မေမေ့ကို ရုတ်တရက် မြင်လိုက်ရတော့ ပန်းကတ္တီပါ အံ့ဩဝမ်းသာသွား၏။

ချေးဆွဲခြင်းလေးကို ဆိုင်ရှေ့အုတ်ခုံပေါ်တင်၍ မေမေ့လက်ကလေးကို တယုတယ ဆွဲယူလိုက်၏။

"မေမေ ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"သိပ်မကြာသေးဘူး သမီးရဲ့"

"လာမယ်ဆိုလည်း ဖုန်းဆက်ပေါ့ မေမေ၊ ခုတော့ မေမေစောင့်နေတာ သမီး အားနာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ သမီးကို စောင့်နေရင်း ချောစုအမေနဲ့ စကားသွားပြောဖြစ်တယ်။ သမီး ဈေးကပြန်လာနေတာတွေ့လို့ သမီးအခန်းရှေ့က စောင့်နေတာ"

"လာ မေမေ"

ပန်းကတ္တီပါ ကမန်းကတန်းပင် အိမ်တံခါးသော့ကို ဖွင့်လေသည်။ ဒေါ်ကုံကော်က သမီးကိုကြည့်ရင်း ဝမ်းနည်းဝမ်းသာဖြစ်ရလေသည်။ ဝမ်းနည်းတာက သမီးပျိုလေးကို ရင်အုပ်မကွာ မစောင့်ရှောက်နိုင်တဲ့ အခြေအနေကြောင့်ပါ။

ဝမ်းသာတာက သမီးက သမီးဘဝကို ထူထောင်ပြီး ရပ်တည်နေနိုင်တဲ့ သမီးရဲ့ စိတ်ရင်းကို ချီးကျူးလို့ပါ။

"လာလေ မေမေ၊ ညီမလေး နေကောင်းလား။ ကျောင်းစာတွေ လိုက်နိုင်ရဲ့လား"

ဒေါ်ကုံကော် သမီးရဲ့အခန်းထဲ လှမ်းဝင်ရင်း . . .

"ဖြည်းဖြည်းမေးပါ သမီးရယ်"

"သိချင်လို့ပါ မေမေရဲ့၊ ညီမလေးအတွက် ဂါဝန်လှလှလေး သုံးထည် ချုပ်ထားတယ်"

ဒေါ်ကုံကော်ရင်ထဲမှာ ကြည်နူးသွားတာ မျက်ရည်လေး ဝဲရှာသည်။ သမီးက အဖေတူ ညီမလေးအပေါ် ခွဲခြားတာ၊ ငြိုငြင်တာမျိုး မရှိပါလားဆိုတဲ့ အသိနဲ့ပါ။





"ဒီမှာကြည့်လေ မေမေ . . . ညီမလေးနဲ့လိုက်မယ့်အရောင်လေးတွေ ရွေးဝယ်ပြီး ချုပ်ထားတာ။ လှတယ် မဟုတ်လား"

ပန်းကတ္တီပါက ပါကင်အိတ်နဲ့ သပ်သပ်ရပ်ရပ်ထည့်ထားတဲ့ ဂါဝန်လေးများကို ထုတ်ပြ၏။ ဖာနားသပ်ထားသော ပန်းနုရောင်ဂါဝန်တစ်ထည်၊ အနီရောင်ခါးစည်းကြိုးပါ ဂါဝန်နဲ့ တိမ်ပြာရောင်တစ်ထည်။

"လှတာပေါ့ သမီးရဲ့"

ထိုသုံးထည်ကိုကြည့်ရင်း ဒေါ်ကုံကော် သဘောတကျပြောလေသည်။ ထိုသုံးထည်စလုံးက သမီးငယ်လေးနဲ့ ကွက်တိပဲလေ။

"သမီးရဲ့ညီမလေး ဂါဝန်တွေမြင်တာနဲ့ ကောက်ဝတ်မှာ သေချာတယ်၊ ဒင်းလေးက အဝတ်သစ်ဆို အားကြီးကြိုက်တာ မဟုတ်လား"

"ဝတ်ပါစေ မေမေရယ်၊ အချိန်ရရင် သမီး ထပ်ချုပ်ပေးဦးမယ်၊ လောလောဆယ် ဒီသုံးထည်ယူသွား၊ ပြီးတော့ မေမေတို့ အဆင်ပြေရဲ့လား၊ ဦးလေးကော အလုပ်မြဲပြီလား"

ဒေါ်ကုံကော်က သိတတ်ရှာတဲ့ သမီးလေးကို စိုက်ကြည့်ရင်း

"မေမေတို့ အဆင်ပြေပါတယ် သမီးရယ်၊ သမီးဦးလေးလည်း အလုပ်မြဲနေပါပြီ၊ သူ့အရင်သူဌေးက စက်ရုံအသစ်ထောင်တော့ စက်ရုံသစ်မှာ မန်နေဂျာနေရာ ပြန်ပေးတယ်လေ၊ ဒါကြောင့် မေမေတို့ အဆင်ပြေပါတယ်၊ ဒါနဲ့ သမီးကော အဆင်ပြေလား"

"ပြေပါတယ် မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်လျက် ပြန်ပြောတဲ့ သမီးလေးကို ဒေါ်ကံ့ကော် ချစ်မြတ်နိုးစွာ ပွေ့ဖက်ထားလိုက်သည်။

"မေမေ အချိန်ရတယ် မဟုတ်လား"

"ရပါတယ် သမီးရဲ့၊ သမီးဦးလေး အလုပ်သွားတာ ညဥ့်နက်မှ အိမ်ပြန်ရောက်တယ်၊ သမီးညီမလေးက ကျောင်းသွားတယ်၊ ကျောင်းကနေ ကျူရှင်ဆက်သွားမယ်လေ၊ ကျူရှင်က ငါးနာရီမှ လွတ်မှာလေ၊ အဲဒီတော့မှ သမီးညီမလေးကို ကြိုပြီး မေမေ အိမ်ပြန်မယ်"

"အဲဒါဆို သမီးနဲ့ ဒီနေ့တစ်နေ့လုံး နေပေးလေ"

"နေပါ့မယ် သမီးရယ်"

"အိုကေ၊ အဲဒါဆို ဒီနေ့ မေမေ့ကို သမီး ထမင်းဟင်း ကောင်းကောင်းချက်ကျွေးမယ်"

"အမယ် . . . သမီးက အချက်အပြုတ် ကျွမ်းနေပြီပေါ့လေ"

"ကျွမ်းတယ်လို့တော့ မဟုတ်ဘူး မေမေရဲ့၊ သမီးတစ်ယောက်တည်းဆိုတော့ ဝယ်စားဖြစ်တာ များတယ်၊ ဝယ်မစားချင်ရင် ချောစုတို့ဆီက ယူစားလိုက်တယ်၊ တစ်ခါတလေတော့ ချက်စားပါတယ်၊ ဒီနေ့လည်း ချက်စားမယ်ဆိုပြီး ဈေးထွက်သွားတာ၊ ငါးသေးသေးလေးတွေ အိုးကပ်ချက်မယ်၊ ငါးပိရည်ဖျော်မယ်၊ ဝက်သားနဲ့သစ်တိုသီး ဆီပြန်ချက်မယ်ဆိုပြီး ဝယ်လာတာ၊ မေမေနဲ့သမီး ထမင်းလက်ဆုံစားကြတာပေါ့၊ လောလောဆယ် မေမေ ကော်ဖီသောက်၊ မုန့်စားပြီး စောင့်နေ၊ သမီးက





ချက်ပြုတ်မယ်"

ပန်းကန်ပြားပါက ပြောရင်းဆိုရင်း ဈေးခြင်းလေးယူပြီး မီးဖိုခန်းသွားၿပီ။ ခြင်းခြင်းထားပြီး အရင်ဆုံး ကော်ဖီဖျော်ကာ မုန့်ကြွတ်ကြွတ်လေးတွေ ပန်းကန်ထဲထည့်၍ ယူလာပေးသည်။

မအေကို စိတ်မနာတဲ့အပြင် ရောက်တုန်းရောက်ခိုက် ပြုစုနေရှာတဲ့ သမီးရဲ့အမူအရာလေးကို ဒေါ်ကံ့ကော် မျက်တောင်မခတ်တမ်းကြည့်နေမိသည်။

သမီးလေးက ဒီလောက်ထိ လိမ္မာရေးခြား ရှိနေသတဲ့လား။ ဒီလိုလိမ္မာမယ်မှန်းသိရင် ထိုစဉ်က သူ့ဖေဖေကို အရွဲ့တိုက်ပြီး ကိုတင်မောင်နဲ့ ယူဖြစ်ခဲ့မှာ မဟုတ်ဘူး။ ခုတော့ . . . နောက်ပြန်ဆုတ်လို့လည်း မရတဲ့အဖြစ်။ ကံတရားက သမီးအလိမ္မာလေးနဲ့ နီးနီးကပ်ကပ်နေခွင့်ရမယ့် အခြေအနေမပေးဘူးလို့ပဲ မှတ်ရရုံပေါ့။

သမီးလေးဆီ လာစဉ်က ပြောစရာရှိတဲ့စကားပြောပြီး ပြန်မလို့ပါ။ ခုတော့ ပြောရမယ့်စကားတွေ မေ့ကာ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ ချက်ပြုတ်နေတဲ့ သမီးလေးကိုပဲ တစိမ့်စိမ့်ကြည့်ရင်း . . .။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

''ဘုရားရေ''

ပန်းကတ္တီပါ တစ်ကိုယ်လုံး တဆတ်ဆတ်ဖြစ်ကာ ခရမ်းသွေး ကို မျက်လုံးပြူးလေးနဲ့ ကြည့်မိသွားသည်။

''ရပါတယ်၊ ခရမ်း နားလည်ပါတယ်''

ခရမ်းသွေး ခနဲ့သလိုပြောကာ မျက်နှာလေးမော့၍ ပန်းကတ္တီပါ ကိုကျော်၍ အခန်းတွင်းသို့ ချောင်းကြည့်၏။

ကိုကိုက မွေ့ရာပေါ် လှဲနေရာမှ ခေါင်းလေးထောင်ကြည့်၏။ ညီမဖြစ်သူကို ဘွားခနဲမြင်ရလျှင် ထိတ်ခနဲဖြစ်သွား၏။

''ခရမ်း၊ ညီမလေး''





''ပန်းကတ္တီပါ ဘာမှမပြောပါနဲ့၊ ခရမ်း နားလည်တယ်လို့ ပြောပြီးသား''

''ညီမလေး''

''ကိုကို ဘာမှမပြောနဲ့''

ခရမ်းသွေး မျက်နှာမဲ့လျက်ပြောပြီး ချာခနဲ ထွက်သွားလေ သည်။ ထိုအခါ ပန်းကတ္တီပါ မျက်ရည်လေးဝဲသည်အထိ ရှက်စိတ်ပိုကာ

''ခရမ်း''

ခရမ်းသွေး လှည့်မကြည့်ပါ။

အစ်ကိုဖြစ်သူရဲ့အခန်းကို ကျော်ခိုင်း၍ ဧည့်ခန်းကို ဖြတ်ကျော် သွား၏။ ထို့နောက် ပေါ်တီကိုအောက်မှာ ရပ်ထားတဲ့ သူ့မကားလေးပေါ် တက်၍ ဝူးခနဲ မောင်းထွက်သွားသည့်အသံ ကြားရလေသည်။

ပန်းကတ္တီပါ နောက်ဘက်လည်း လှည့်မကြည့်ရဲ။

သူ့အိပ်ခန်းအဝင်ဝမှာ အသက်မဲ့သလို ရပ်လျက်သားနဲ့ ရင်မှာ တဒုတ်ဒုတ်ခုန်နေသလို၊ ရှက်တာတွေပဲ လွှမ်းမိုးနေသည်။

''ဆောရီး ကတ္တီပါရယ်၊ ညီမလေး တစ်မျိုးထင်သွားတာ ကိုယ် စိတ်မကောင်းပါဘူး၊ ကတ္တီပါ့ကို ကိုယ် တောင်းပန်တယ်''

သူက မွေ့ရာပေါ် လှဲနေရာမှ ရှုန်းထ၍ အသံတိမ်တိမ်လေးနဲ့ ပြောရှာသည်။

''ရပါတယ်၊ ရှင် နေသာအောင်နေပါ၊ ပန်းကို ခွင့်ပြုဦး''



www.burmeseclassic.com

www.burmeseclassic.com



"နေ နေပါဦး"

"ဟင့်အင်း . . . တော်ကြာ ခရမ်း ပိုပြီး အထင်လွဲနေဦးမယ်၊ ပန်း သွားတော့မယ်"

ပန်းကတ္တီပါ ဗလုံးဗထွေးပြောရင်း လှည့်ထွက်ခဲ့တာ မပြယ်သေးတဲ့ ရှက်စိတ်နဲ့ပါ။ တကယ်ဆို ခရမ်းသွေး ထိုသို့မပြုမူသင့်ပါ။

ခရမ်းသွေးဖုန်းကို ပန်းကတ္တီပါ အကြိမ်ကြိမ် ခေါ်ဆိုပါသည်။ စက်ပိတ်ထားသည်ချည်း အကြောင်းပြန်သည်။

ဒါကြောင့် ဆက်ခေါ်ဖို့ လက်လျှော့ရလေသည်။

လောလောဆယ် သူက သွေးတိုးနေတာမို့ ဆရာဝန်မက သွေးကျဆေးထိုးပေး၏။ သွေးကျပြီး သက်သာတဲ့အထိ ပန်းကတ္တီပါ စောင့်ပေးခဲ့သည်က စေတနာပိုစွာ။

သူ သက်သာလာတော့မှ ဆေးခန်းက ပြန်ထွက်ခဲ့သည်။

"အမျိုးသားကို ဂရုစိုက်ပါဦး"

"အဲ"

ဆရာဝန်မက ပန်းကတ္တီပါနဲ့သူ့ကို ဘာထင်သည်မသိပါ။ ပန်းကတ္တီပါတို့မျက်နှာကို မကြည့်ဘဲ သောက်ဆေးစီစဉ်ပေးရင်း ပြောဆိုနေသည်။

"သွေးတိုးစာတွေ သိပ်မကျွေးပါနဲ့၊ အဆီ, အစိမ့်တွေ ရှောင်ကျွေး၊ ပြီးတော့ ဒီဆေးကတ်လေးဆောင်ထား၊ အိမ်ရောက်ရင် ဒီဆေးတစ်လုံး ထပ်တိုက်လိုက်"

ဆရာဝန်မ ပြောဆိုနေတာကို ပန်းကတ္တီပါ မျက်နှာမထားတတ်အောင် ဖြစ်ရသလို၊ ရှက်စိတ်နဲ့ပဲ ဘာမှပြန်မပြောမနေတော့ပါ။

သူကလည်း ရှင်းမပြတော့ပါ။ ရှင်းပြနေရင် ပေရှည်နေဦးမည်။ ဒါကြောင့် ဆရာဝန်က ပြောဆိုနေစဉ် သူက ရှေ့က ထွက်သွားလေသည်။

ဆေးဖိုးပိုက်ဆံ ကတ္တီပါ့ပိုက်ဆံအိတ်ထဲကပဲ ထုတ်ရှင်းကာ၊ ဆေးထုပ်လေးကိုင်ပြီး သူ့နောက်လိုက်ခဲ့ရသည်။

ထိုစဉ်ကလည်း သူ အားနာနေမှန်းသိသည်။ ကျေးဇူးလည်းတင်ရသည်။ တစ်ခါတလေတော့လည်း ခုလို နေထိုင်မကောင်းဖြစ်စဉ်မှာ အနီးနားမှာပြုစုမယ့် တစ်စုံတစ်ယောက်ကိုတော့ တမ်းတမိသည်။

ညီမလေးသာ သူ့အနားရှိနေရင် ဘယ်လောက်သင့်တော်မလဲ။ ခုတော့ ရှင်းပြနေရင်လည်း မထူး။

မပြောဘဲနေတော့လည်း တစ်မျိုးတမည် ခံစားရ၏၊ ပန်းကတ္တီပါကတော့ ထိုခံစားရတာတွေကို လျစ်လျူရှုရင်း ပြောရှာသည်။

"ရှင် ဆေးသောက်ရဦးမယ်၊ အိမ်ပြန်ပြီး နားလိုက်ပေါ့"

"ကျေးဇူးပဲ"

"ရပါတယ်"

"ကတ္တီပါသွားမယ့်နေရာ ကိုယ်လိုက်ပို့ပေးမယ်၊ ကတ္တီပါ ဘယ်သွားမလို့လဲ"





ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အိုး လိုက်မပို့နဲ့တော့၊ ရှင့်အိမ်အရောက် ကတ္တီပါ လိုက်ပို့ပေးမယ်၊ တော်ကြာ ... ရှင် ကားမောင်းရင်း တစ်ခုခုဖြစ်နေမှာစိုးတယ်၊ ကားကိုလည်း ဖြည်းဖြည်းမောင်းဦး"

ဒီလိုနဲ့ပဲ ကတ္တီပါ့အစီအစဉ်အတိုင်း သူ့ကားသူ ဖြည်းညင်းစွာမောင်း၍ အိမ်ပြန်ခဲ့ခြင်း။ သူတို့တိုက်ကြီးက မောင်နှမနှစ်ယောက်တည်းနေတာမို့ တစ်တိုက်လုံးက ဆိတ်ငြိမ်လျက်။

ပန်းကတ္တီပါက အဲဒါတွေကို သတိမထားမိပါဘူး။ သူ့ကျန်းမာရေးကိုပဲ အလေးထားနေတာမို့။

"ရှင် ဆေးသောက်ရဦးမယ်၊ တစ်ခုခု အရင်စားရင် ကောင်းမယ်"

"ပန်းကတ္တီပါ ကောင်းသလိုစီစဉ်ပါ၊ ကိုယ်တော့ လှဲနေချင်တယ်"

"ရတယ်လေ ... သွားလှဲနေ၊ ကတ္တီပါ မီးဖိုဆောင်သွားပြီး လွယ်တာလေး စီစဉ်ခဲ့မယ်"

ဒီလိုနဲ့ သူက သူ့အိပ်ခန်းထဲ တန်းဝင်သွား၏။ ပန်းကတ္တီပါက တစ်ခါသာရောက်ဖူးတဲ့ တိုက်ကြီးထဲမှာ မီးဖိုခန်းကို ရှာဖွေရင်း ...

ခေတ်မီတဲ့ သူတို့မီးဖိုဆောင်က တကယ်စိတ်ချမ်းသာစရာကောင်း၏။ အသုံးအဆောင်ပစ္စည်းတွေကအစ ခေတ်မီသလို ဒီဇိုင်းဆန်၏။ ရေခဲသေတ္တာတွေမှ သုံးလေးရုံ့ စီထား၏။





အသီးအရွက်က ရေခဲသေတ္တာတစ်လုံး။

အသားငါးက တစ်လုံး။

မုန့်မျိုးစုံ ထည့်ထားတာက တစ်လုံး။

မုန့်မျိုးစုံထည့်ထားတဲ့ ရေခဲသေတ္တာထဲက ချောကလက်ကိတ်မုန့်လေးတွေ ထုတ်၏။ ပြီးတော့ ကော်ဖီခါးခါးတစ်ခွက်ဖျော်ကာ သူ့အတွက် ယူပေးလိုက်သည်။

သူက အိပ်ခန်းထဲမှာမို့ ပန်းကတ္တီပါ ဘာကိုမှ ငဲ့ကွက်မနေဘဲ သူ့အခန်းထဲ တန်းဝင်ခဲ့သည်။

သူက မွေ့ရာထူထူပေါ် လှဲနေရာမှထပြီး ပန်းကတ္တီပါ စီစဉ်တဲ့အတိုင်း စားသောက်၏။ စားသောက်ပြီး ဆရာဝန်မတိုက်ခိုင်းတဲ့ ဆေးတစ်လုံးကို ကတ္တီပါကိုယ်တိုင် ဆေးကတ်ထဲက ထုတ်ယူ၍ သူ့လက်ပေါ် တင်ပေးလိုက်၏။

သူကလည်း ဆေးသောက်ပြီး ပြန်လှဲနေ၏။

"ကျေးဇူးပဲ ကတ္တီပါ"

"ရပါတယ်၊ ရှင် နားနေတော့ ကတ္တီပါ ပြန်မယ်၊ ခရမ်းဖုန်းလည်း ဘယ်အချိန်မှ စက်ဖွင့်မလည်း မသိဘူး။ ကတ္တီပါ ခေါ်ကြည့်နေမယ်"

"ကျေးဇူးပဲ ကတ္တီပါ"

"ရပါတယ်၊ သွားမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းကတ္တီပါ နှုတ်ဆက်တော့ သူလည်း ခေါင်းလေးဆတ်၏။ ထို့နောက် ပန်းကတ္တီပါ သူ့ကို ကျောခိုင်းထွက်ခဲ့၏။ ထိုစဉ် သူ့အခန်း၀ အရောက်မှာ ခရမ်းသွေးကို ဘွားခနဲ မြင်ရလေသည်။

ထိုအခါ ပန်းကတ္တီပါ လန့်ဖျပ်ကာ ရင်ဘတ်ဖိမိလေသည်။

ဘုရားရေ။

''ရပါတယ်၊ ခရမ်း နားလည်ပါတယ်''

ဆိုတဲ့ စကားက ပန်းကတ္တီပါ အရှက်သည်းအောင် ပြောလိုက်သည့် ခရမ်းသွေးရဲ့စကားလုံးက ခုချိန်ထိ ရင်ထဲမှာ ငြိနေဆဲ။

ခရမ်းရယ်။

ရှင် နားလည်နေတာ လွဲနေပါတယ်ကွယ်။

✿ ✿ ✿



## အခန်း (၂၁)

''သမီးဖေဖေက သမီးကို ပြောစရာရှိလို့တဲ့လေ''

ဒေါ်ဒေါ်ယုက ပြောဆိုရင်း အခန်းထဲ တန်းဝင်လာသည်။ ဖေဖေကလည်း နောက်က ပါလာသည်။

''လာလေ ဖေဖေ''

ပန်းကတ္တီပါ စက်ချုပ်ခုံမှ ချက်ချင်းထ၍ ဖေဖေ့အတွက် ထိုင်ခုံလေး ချပေးလိုက်သည်။

''ထိုင်လေ ဖေဖေ၊ ဒေါ်ဒေါ်ယုလည်း ထိုင်ဦးလေ''

ပန်းကတ္တီပါ ထိုင်ခုံတွေ ယူပေးရင်း ဖေဖေနဲ့ ဒေါ်ဒေါ်ယုကို အဝတ်ညှပ်တဲ့ လေးထောင့်စားပွဲမြင့်မှာ ထိုင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေတို့လာမယ်ဆို ဖုန်းဆက်ပါလား ဖေဖေရယ်"

"ရတယ် သမီး၊ သမီးကို တွေ့ချင်လို့ပါ"

"အဲလိုလည်း ဘယ်ဟုတ်မလဲ ဖေဖေရဲ့၊ ဖေဖေတို့လာမယ်ဆိုရင် ဖုန်းဆက်မှပေါ့၊ ဖေဖေတို့အတွက် ထမင်းဟင်းချက်ထားမှာပေါ့"

"ရပါတယ် သမီးရယ်"

ဒေါ်ဒေါ်ယုက အားနာသလိုပြော၏။

"ခဏလေး ဖေဖေ၊ သမီး ကော်ဖီဖျော်လိုက်မယ်"

ပန်းကတ္တီပါ ပြောဆိုရင်း မီးဖိုခန်းလေးထဲ ဝင်ပြီး ကော်ဖီနှစ်ခွက် ဖျော်လိုက်သည်။ ဂျုံကာမုန့်ကြွပ်သုံးလေးထုပ် လက်ကျန်ရှိနေတာနဲ့ အတော်ပဲ။

မုန့်ကြွပ်ချပ်လေးတွေကို ပန်းကန်ထဲထည့်၏။ ထို့နောက် ကော်ဖီနှစ်ခွက်နဲ့အတူ မုန့်ပန်းကန်ပင့်မှ၍ ဖေဖေတို့ရှေ့ စားပွဲပေါ်ချပေး၏။

"ဖေဖေနဲ့ဒေါ်ဒေါ် ကော်ဖီသောက်ပါဦး"

ဖေဖေက သမီးပြုမူလှုပ်ရှားတာလေးတွေကို မျက်တောင်မခတ်တမ်း စောင့်ကြည့်နေရင်း ရင်ထဲမှာ ဝမ်းသာသလိုလို ကြည်နူးသလိုလို ဖြစ်၏။

ခုချိန်ထိ ဖအေဆီက လက်ဖြန့်မတောင်းဘဲ ကိုယ့်ဒူးကိုယ်ချွန် ရှာဖွေစားသောက်နေတဲ့ သမီးအလိမ္မာလေးကို ခုချိန်မှာ ပို၍ ချစ်စိတ်နဲ့ ကြင်နာသနားနေမိသည်။





"ဖေဖေ ကော်ဖီသောက်လေ"

"သမီးလေးရယ် ... သမီးလေး ဘာကြောင့် ဒီလောက်လိမ္မာနေရတာလဲကွယ်"

"ဖေဖေကလည်း"

ဖေဖေမေးလျှင် ပန်းကတ္တီပါစိတ်မှာ မလုံသလိုဖြစ်ရလေသည်။ ဒေါ်ဒေါ်ယုကလည်း -

"ဟုတ်သားပဲ သမီးရယ်၊ သမီးက သမီးဖေဖေအပေါ် ခုချိန်ထိ ဖခင်တစ်ယောက်အဖြစ် လေးလေးစားစား ဆက်ဆံနေတော့ သမီးအဖေစိတ်မှာ ခံစားနေရတာလေ"

"အဲလိုလည်း မဟုတ်ပါဘူး။ သမီးက ဘယ်သူ့အပေါ်မှ မငြိုငြင်ပါဘူး၊ အခြေအနေအရပ်ရပ်ကြောင့် တစ်ယောက်တည်း နေရပေမယ့် သမီး ကျေနပ်ပါတယ်၊ သမီးကြောင့် ဖေဖေတို့နဲ့ မေမေတို့ကို စိတ်အနှောင့်အယှက်မဖြစ်စေချင်ဘူး။ အရေးကြီးတာက ဖေဖေတို့ စိတ်ချမ်းသာနေရင် သမီးလည်း စိတ်ချမ်းသာပါတယ်၊ ကော်ဖီသောက်ပါဦး ဖေဖေရဲ့"

ပြောဆိုရင်း ကော်ဖီပန်းကန်လေးပင့်မှ၍ ဖေဖေ့ကို ကတ္တီပါ ကမ်းပေးလိုက်သည်။ ဖေဖေက သမီးရဲ့စိတ်နေသဘောထားလေးကို ပို၍ ချစ်ကြင်နာလျက် သမီးလေး စိတ်ကျေနပ်အောင် ကော်ဖီခွက် ယူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်ယုလည်း ကော်ဖီသောက်ပါဦး"

တစ်ဖန် ဒေါ်ဒေါ်ယုကိုလည်း ပန်းကန်ပြားပါ ကမ်းပေး၏။ ဒေါ်ဒေါ်ယုက ကော်ဖီဗန်းယူ၍ . . .

"သမီးလေး အဆင်ပြေလား"

"ပြေပါတယ် ဒေါ်ဒေါ်ယုရဲ့၊ မုန့်လည်း စားပါဦး ဖေဖေ၊ သမီးမှာရှိတာလေး ကျွေးခွင့်ရလို့ပါ"

"အေးပါ သမီးရယ်"

သမီးလေး စိတ်ချမ်းသာအောင် လင်မယားနှစ်ယောက် ကော်ဖီသောက်ရင်း မုန့်တစ်ချပ်စားဖြစ်လေသည်။

"ဖေဖေတို့ကော အဆင်ပြေလားဟင်"

"ပြေပါတယ် . . . သမီးရဲ့ ပြေပါတယ်"

ဖေဖေက ကော်ဖီသောက်လက်စသတ်ရင်း လှိုက်လှိုက်လှဲလှဲ ပြောရှာသည်။

"ဝမ်းသာပါတယ် ဖေဖေ၊ ဖေဖေတို့ အဆင်ပြေသလို မေမေတို့လည်း အဆင်ပြေတယ်တဲ့၊ ဟိုတစ်ရက် မေမေ လာသွားသေးတယ်"

ပန်းကန်ပြားပါ ပြောလိုက်တော့ ဖေဖေ မျက်နှာလေး အရင်လို ရှုံ့မဲ့မဲ့ မဖြစ်တော့ပါ။ လေးလေးနက်နက်လေး ခေါင်းညိတ်၍

"ကောင်းပါတယ်လေ၊ သမီးမေမေ လာတော့ သမီး အားရှိတာပေါ့"





"ဖေဖေတို့ အခုလို လာလည်တာလည်း သမီးအတွက် တအားပါပဲ"

"ဒါနဲ့ သမီးကို သမီးမေမေ ဘာပြောသွားသေးလဲ"

ဒေါ်ဒေါ်ယုက သိချင်စိတ်နဲ့ မေးခြင်း။ ပန်းကန်ပြားပါ ခေါင်းလေး ခါ၍ . . .

"ဟင့်အင်း ဘာမှမပြောပါဘူး၊ ဘာဖြစ်လို့လဲ ဖေဖေ"

ဒေါ်ဒေါ်ယုနဲ့ဖေဖေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ခေါင်းလေးတညိတ်ညိတ်ပြု၏။

"အင်း . . . သမီးမေမေက သမီးလေးကို ပြောမထွက်လို့ထင်တယ်"

"ဘာကိုပြောမထွက်တာလဲ ဖေဖေ"

"ဒီလိုသမီးရဲ့"

ဖေဖေ့ကို ပန်းကန်ပြားပါမေးတာကို ဒေါ်ဒေါ်ယုက ဝင်ပြော၏။ ပန်းကန်ပြားပါ တအံ့တဩဖြစ်ကာ ဒေါ်ဒေါ်ယုပြောတာကို နားထောင်လိုက်သည်။

"ဒေါ်ဒေါ်ယုတို့က သမီးမေမေကို ပြောခိုင်းလိုက်တာပါ"

"ဘာကိစ္စလဲ ဒေါ်ဒေါ်ယု"

"သမီးလည်း သိမှာပါ၊ မေမိုးမိုးလေ"

"သိပါတယ် ဒေါ်ဒေါ်ယုရဲ့၊ မမမေမိုးမိုးက သမီး အားပြုနေရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဖောက်သည်ပဲ၊ ဘာဖြစ်လို့လဲဟင်"

"ဪ . . . မိုးမိုးက သမီးဖေဖေဆီမှာ လာပြီးခွင့်တောင်း တယ်လေ"

"ဘာကိစ္စလဲ ဖေဖေ"

ပန်းကတ္တီပါ ဖေဖေ့ကို လှည့်မေး၏။ ဖေဖေက . . .

"သမီးဒေါ်ဒေါ်ယု ပြောပါ့မယ်"

ဖေဖေက ဒေါ်ဒေါ်ယုဘက်ကို စကားလမ်းကြောင်း လွှဲပေး သည်။ ဒေါ်ဒေါ်ယုကလည်း ပန်းကတ္တီပါလက်မောင်းလေးကို ကြင်ကြင် နာနာ ဆုပ်ကိုင်၍ –

"ကိစ္စကတော့ သမီးရယ် . . . သမီးကို မေမိုးမိုးရဲ့မောင် ခေတ်ခါးခါးနဲ့ မင်္ဂလာဆောင်ပေးဖို့ သမီးဖေဖေဆီမှာ ခွင့်တောင်းတာပါ"

"ဟင်"

ပန်းကတ္တီပါ အံ့ဩကာ မျက်လွှာလေးချမိသွားသည်။

"ဟုတ်တယ် သမီးရဲ့၊ သမီးဖေဖေက သမီးမေမေကို ဒေါ်ဒေါ် ယုနဲ့ ပြောခိုင်းတယ်၊ သမီးကို ပြောပြဖို့၊ သမီးမေမေ သမီးဆီ ရောက် လာတာ အဲဒီကိစ္စ ပြောမလို့ပါ၊ သမီးမေမေက မပြောဖြစ်ခဲ့ဘူးပြောလို့ သမီးဖေဖေနဲ့ဒေါ်ဒေါ်ကိုယ်တိုင် လာခဲ့တာပါ"

ဒေါ်ဒေါ်ယုစကားအဆုံးမှာ ပန်းကတ္တီပါရဲ့ခေါင်းလေး ငိုက် ငုံ့ကျသွားသည်။





"သမီးလေး စဉ်းစားပါကွယ်"

ဖေဖေက ထိုသို့ပြော၏။

"မေမိုးမိုးတို့အကြောင်း သမီး သိနေတာပဲ၊ ပြီးတော့ ခေတ် ခါးခါးနဲ့လည်း သမီး ရင်းနှီးတယ်မဟုတ်လား။ သမီးဖေဖေက သမီးကို တင့်တောင့်တင့်တယ် ဖြစ်စေချင်တယ်၊ သမီးလေး တစ်ယောက်တည်း နေတာထက် သမီးကို မြတ်မြတ်နိုးနိုးရှိတဲ့သူနဲ့ လက်တွဲပြီး နေတာ သမီးအတွက် ပိုကောင်းမယ်လို့ ဒေါ်ဒေါ်တို့ ယူဆတယ်လေ"

ပန်းကတ္တီပါ သက်မရှည်ကြီး ချမိသည်။

ခုတလော မမမေမိုးမိုး အလာကျဲနေတာကို ပန်းကတ္တီပါ ဝမ်းသာနေသည်။ မမမေမိုးမိုးက ခေတ်ခါးခါးနဲ့ပါ အစွယ်တရားဟော နေတာ၊ နားငြီးသက်သာနေပြီလို့ ထင်တာ။

လက်စသတ်တော့ ဖေဖေ့တို့ဆီ သွားပြီး နားပူနားဆာလုပ်နေ မှန်း ခုမှ သိရတော့သည်။ သိရတော့လည်း ရင်ထဲ တစ်မျိုးကြီးဖြစ်နေ ပါသည်။

ဒါပြင် ခရမ်းသွေးနဲ့သူ့ကိုလည်း မဆီမဆိုင် ပြေးမြင်မိသည်။

"သမီးလေး စဉ်းစားပါကွယ်၊ ဖေဖေတို့ အတင်းအကျပ် မတိုက်တွန်းချင်ဘူး။ ဒါပေမဲ့ . . ."

ဖေဖေက စကားကို တိခနဲဖြတ်လိုက်ရင် ပန်းကတ္တီပါ မော့ ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးမေမေနဲ့သမီးဖေဖေက နောက်ခံပြည့်စုံတဲ့ ခေတ်ခါးခါး ကို သဘောကျတယ်တဲ့"

ဒေါ်ဒေါ်ယု ဝင်ပြောခြင်းပါ။

ထိုအခါ ပန်းကတ္တီပါ မျက်လွှာလေးချရပြန်သည်။ ဖေဖေနဲ့ မေမေက အတင်းအကျပ် ပြောနေခြင်းမဟုတ်ပေမယ့် ပန်းကတ္တီပါကို ခေတ်ခါးခါးနဲ့ အမြန်ဆုံး ဖြစ်စေချင်မှန်း သိသာနေသည်။

ဒါကြောင့် ပန်းကတ္တီပါ မလျှော့မတင်း ဖြေလိုက်မိသည်။

"သမီး စဉ်းစားပြီး အဖြေပေးပါ့မယ် ဖေဖေ"

"အေးပါ၊ သမီးလေး လိမ္မာပါတယ်၊ လိမ္မာလွန်းတဲ့ ဖေဖေ့ သမီးလေး တစ်သက်လုံး ကံကောင်းမှာပါကွယ်"

ဖေဖေ ထိုသို့ပြောဆိုပြီး ထွက်သွားလျှင် ပန်းကတ္တီပါ မလှုပ် မယှက် ထိုင်နေမိတာက အတန်ကြာ။

စိတ်ထဲမှာလည်း . . .

ခေတ်ခါးခါးရယ် . . .

ဘာကြောင့်များ ပန်းကို လိုချင်ရတာလဲလို့။

ထိုသို့ မေးမိလျှင်။

✿ ✿ ✿



# အခန်း (၂၂)

"ဟင့် ဟင့် ဟင့်"

မျက်နှာလေး တွန့်ပြီး ရယ်နေသည်က ခနဲ့သဲ့သဲ့ဖြစ်နေမှန်း သိသာလေသည်။ ထိုရယ်သံက ပန်းကတ္တီပါကို ထိပါးပုတ်ခတ်သလို ဖြစ်နေမှန်း ပန်းကတ္တီပါ ခံစားမိ၏။

ဘာဖြစ်လို့ ခနဲ့သလို ရယ်နေတာလဲ သန္တာလှိုင်ရယ်။

ပန်းကတ္တီပါရဲ့ခြေလှမ်းလေးမှာ တုံ့သွားသလို ရှိ၏။

"လာလေ ကတ္တီပါ"

ခေတ်ခါးခါးက လှိုက်လှိုက်လှဲလှဲ ခေါ်နေပါသည်။ ထိုအခါ ပန်းကတ္တီပါ ခြေလှမ်းလေး ဆက်လှမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ လျှော့မတွက်နဲ့ အယ်စတာရဲ့"

"ဟုတ်ပါ့ . . . ပုံပကြည့်တော့ ရိုးတာမှ ရိုးရိုးလေး"

"အေးနော်။ မထင်ရဘူး သန္တာရဲ့"

မိုမိုဆင့်ကလည်း ထောက်ခံသလို ဝင်ပြောခါ၏။

"ဟော့ ကတ္တီပါ . . . ရှင့်လူနဲ့လည်း မိတ်ဆက်ပေးဦးလေ"

ဆူဇီက တခြားစားပွဲဝိုင်းရှိသူများကို အားမနာဘဲ ပန်းကတ္တီပါကို လှမ်းပြောလေသည်။

ဒါ . . . တမင်သက်သက် ပန်းကို လူပုံကြားမှာ အရှက်ခွဲနေတာမျိုး။

"သူတို့ ဘယ်သူတွေလဲ"

ခေတ်ခါးခါး မေးလာသည်။ ရန်လိုသလို ပြောဆိုမေးမြန်းနေတာက ခေတ်ခါးခါးပင် အောက်တိအောက်သက်ဖြစ်ရလေသည်။

"ကျွတ် . . . ခရမ်းသူငယ်ချင်းတွေလေ"

"ခရမ်းသူငယ်ချင်း မဟုတ်ဘူးရှင့်၊ ရှင့်ရဲ့ပန်းကတ္တီပါက သန္တာရဲ့ပစ်မှတ်ကို အပိုင်တွယ်နေတာလေ"

"ရှင်"

ဖြိုးဖြိုးဝင်ပြောတော့ ပန်းကတ္တီပါ မျက်နှာလေး ရဲမှည့်သွားခါ၏။

"မဟုတ်လို့လား ကတ္တီပါရဲ့၊ ရှင်က ရိုးရိုးလေးနဲ့ ဟိုဘက်





လှည့်ဖန်၊ ဒီဖက်လှည့်ဖန်နဲ့ မသိလို့ရှိရင် ယင်ဖိုမသန်းသေးသလိုနဲ့ ခု တော့ တစ်ပွေနဲ့"

"ရှင်"

ပန်းကတ္တီပါ ခံပြင်းဒေါသလေး ဟုန်းခနဲထ,ကာ သန္တာလှိုင်တို့စားပွဲဆီ သုတ်ခနဲ ထသွားခါ၏။

မဆီမဆိုင်ပြောဆိုနေတဲ့ သန္တာလှိုင်ကို တစ်ခုခုလုပ်လိုက်မယ်ဆိုတဲ့ စိတ်နဲ့ပါ။

"ကတ္တီပါ . . . လာ"

ခေတ်ခါးခါး ပြင်းထန်နေတဲ့အခြေအနေကို ရင်မဆိုင်လိုပါ။ ဒါကြောင့် ကတ္တီပါ့လက်ကို ပိုင်ပိုင်နိုင်နိုင်ဆွဲကာ ရောင်နီဦး အသားကင်ဆိုင်ထဲမှ ဆွဲခေါ်ခဲ့လေသည်။

"ကျွတ် တော်တော်လူပါးဝတယ်"

ပန်းကတ္တီပါ ခံပြင်းစွာ ပြောလျှင် ၎င်းတို့ခါခနဲ့သော ရယ်မောသံတွေ ကျယ်ကျယ်လောင်လောင် ကြားရလေသည်။

"စိတ်လျှော့လိုက်ပါ ကတ္တီပါရယ်"

"စိတ်လျှော့စရာလား၊ သူတို့ သိပ်လွန်နေပြီ ခေတ်ရဲ့"

"ကဲပါ . . . ဘယ်သူလွန်လွန် လူအများကြားမှာ ရှက်ဖို့ ကောင်းပါတယ် ကတ္တီပါရယ်၊ တခြားဆိုင်သွားရအောင်"

"နေပါစေတော့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာပဲ ကတ္တီပါ၊ ဒီနေ့က ကတ္တီပါ့မွေးနေ့လေ၊ ကတ္တီပါ စိတ်အနှောင့်အယှက်ဖြစ်ရတာ ကိုယ် ဒီဆိုင်ကို ရွေးချယ်မိလို့ပါ၊ ဒါကြောင့် လူရှင်းတဲ့ဆိုင် ကိုယ်ရွေးမယ်၊ ကတ္တီပါ မငြင်းပါနဲ့ . . . လာပါ"

ခေတ်ခါးခါးက ပြောဆိုရင်း ကတ္တီပါကို မရအရ ခေါ်သွားသည်က လူရှင်းတဲ့ လက်မှာကော်ဖီဆိုင်။

အလှစိုက်ထားတဲ့ ရွှေဝါးပင်တန်းလေးတွေနဲ့မို့ လက်မှာကော်ဖီဆိုင်က စိတ်ဝင်စားစရာတော့ ကောင်းနေပါသည်။ လေပြည်လေးအသော့မှာ ဝါးရွက်ကလေး လှုပ်ခတ်သံက ဂီတသံနုနုလေးနှယ် နားဆင်ရသည်မှာ ရင်ခုန်စဖွယ်ကောင်း၏။

ဝါးရုံတန်းနောက်မှ သီးသန့်စားပိုင်လေးတွေ ချထားသည်က သဘာဝဆန်နေသည်။ စားသောက်သူလည်း ရှင်းလှတာမို့ ပန်းကတ္တီပါ မငြင်းသာတော့ပါ။

"လာ ကတ္တီပါ"

ခေတ်ခါးခါးကို အားနာလို့ လိုက်ခဲ့ရပေမယ့် ဒီတစ်ခါ ကြုံဆုံမှုက ပန်းကတ္တီပါရဲ့ နှလုံးသားကို ပြောင်းဆန်သွားလေပြီ။

"ဟင်"

ထိုစဉ် ဝါးရုံပင်တန်းနှင့် ကွယ်နေတဲ့ စားပိုင်းတစ်ခုမှ သူငယ်ချင်းတစ်ဦးနဲ့အတူ ထွက်လာတဲ့သူ။ ခေတ်ခါးခါးနဲ့ ကတ္တီပါကို ယှဉ်လျက်မြင်သွားလျှင် ပန်းကတ္တီပါ မျက်နှာလေးမထားတတ်အောင် ပျာသွား၏။





သူကလည်း အံ့ဩလွန်းပြီး စူးစူးလေး စိုက်ကြည့်၏။

"အို . . . ကိုသက်တန့်ဖုံ . . . သူက ကတ္တီပါ့သူငယ်ချင်း ခေတ်ခါးခါးပါ၊ ခရမ်းနဲ့လည်း သိပါတယ်၊ ခေတ် အဲဒါ ခရမ်းကိုကိုလေ"

ပန်းကတ္တီပါ မလုံမလဲနှင့် ကမန်းကတန်း မိတ်ဆက်ပေးနေမိသည်။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကိုယ့်ကို ခွင့်ပြုဦး"

သူ ဒါပဲပြောကာ ချက်ချင်းလှည့်ထွက်သွားလျှင် ပန်းကတ္တီပါမှာ နှလုံးသားမှာ တလှပ်လှပ်ခါလေသည်။

"လာလေ ကတ္တီပါ"

ခေတ်ခါးခါးခေါ်ကာမှ ကျောခိုင်းထွက်သွားတဲ့သူ့ကို ငေးကြည့်နေမိတဲ့ ပန်းကတ္တီပါရဲ့မြင်လွှာလေး ပြန်ရုပ်သိမ်းဖို့ သတိရလေသည်။

"ခရမ်းသွေးဆိုတာ ဟိုတစ်ခါ ကိုယ့်ကို နှင်ထုတ်တဲ့ ကတ္တီပါ့သူငယ်ချင်း မဟုတ်လား"

ပန်းကတ္တီပါ ခေါင်းလေး အသာညိတ်နိုင်တော့သည်။

"အဲဒီတုန်းက ကတ္တီပါ့ကို အားနာလို့ ကိုယ် လှည့်ပြန်ခဲ့တာ"

"ဆောရီးပါ၊ ကတ္တီပါ တောင်းပန်ပါတယ် ခေတ်ရယ်"

"ကိုယ် အပြစ်ပြောနေတာ မဟုတ်ဘူး၊ လူမှုရေး နားမလည်တဲ့ ခရမ်းကို အံ့ဩလွန်းတယ်၊ ပြီးတော့ . . . သူ့အစ်ကိုဆိုတဲ့ သူက



www.burmeseclassic.com

www.burmeseclassic.com



လည်း သူညီမအတိုင်းပဲ၊ တွေ့ရတာ ဝမ်းသာပါတယ်လို့သာ ပါးစပ်က ပြောတာ၊ မျက်လုံးက စိမ်းနေတယ်''

ပန်းကတ္တီပါ ဘာဖြေရှင်းချက်မှ မပေးသာတော့ပါ။

သူ့မျက်လုံး ဘာကြောင့် စိမ်းမှောင်နေရတာလဲဆိုတာ ပန်းကတ္တီပါ ခံစားတတ်ပါတယ်ကွယ်။

✿ ✿ ✿



## အခန်း (၂၃)

''ကတ္တီပါ . . . ကိုကို့ကို အသည်းကွဲအောင် မလုပ်ပါနဲ့''

ခရမ်းသွေးပြောလျှင် ပန်းကတ္တီပါ နားမလည်နိုင် ဖြစ်ကာ။ မျက်လုံးအစုံ တကယ်ပြူးကျယ်သွား၏။

''ဘယ် . . . ဘယ်လို ခရမ်းရဲ့''

''ကိုကို့အသည်း ကွဲအောင်မလုပ်ပါနဲ့လို့''

''ကိုကို့အသည်းကွဲအောင်''

''ဟုတ်တယ်လေ၊ ကိုကို့အသည်းက နုနုလေးရယ်၊ ဘာကြောင့် အထိအရှနိုင်တာ မဟုတ်ဘူး''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



ပန်းကတ္တီပါ ပြောနေရင်းနဲ့ ပိုပြီးနားမလည်နိုင်အောင် ဖြစ်ေ လေသည်။ ထို့ကြောင့် မျက်လုံးလေး ပြူးလျက်သားနဲ့ ပြန်မေးမိ၏။

"အထိအရှမခံဘူး ဟုတ်လား ခရမ်း"

"ဟုတ်တယ်လေ"

"နေစမ်းပါဦး ... ပန်းက ဘာလုပ်မိလို့လဲ"

"ရှင် မသိချင်ဟန်ဆောင်မနေပါနဲ့"

"အလို"

"ပန်းကတ္တီပါရယ် ခရမ်း ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ကိုကို ပန်း ဘာပဲဖြစ်ဖြစ် ခရမ်း နားလည်ပေးတယ်"

"နေပါဦး ခရမ်းရဲ့ ... ခရမ်းကိုကိုနဲ့ပန်းနဲ့ ဘာဖြစ်ဖြစ်ဆိုတာ က အဓိပ္ပာယ်လဲ"

ပန်းကတ္တီပါ ရှင်းရှင်းလင်းလင်း နားလည်အောင် ထုတ်မေး လိုက်တော့သည်။ ဟုတ်တယ်လေ။

ဘာပဲဖြစ်ဖြစ်ဆိုတာက အဓိပ္ပာယ်အမျိုးမျိုး သက်ရောက်ေ တယ်လို့ ပန်းကတ္တီပါ ခံစားရလေသည်။ ထိုအခါ ထိုင်ခုံမြင့်လေးေ ခရမ်းသွေး ထိုင်နေရာမှ အဝတ်ညှပ်နေတဲ့ စားပွဲနားဆီ အရောက်လာ ပြီး ပန်းကတ္တီပါကို ပြော၏။

"ဘာအဓိပ္ပာယ်ရမှာလဲ၊ ကတ္တီပါစိတ်နဲ့ ကတ္တီပါ ကိုကို့အခန်းထဲ ရောက်နေတဲ့ကိစ္စလေ"





"ဘုရားရေ"

ပန်းကတ္တီပါ ရှက်စိတ်လေးနဲ့ ဘုရားတလိုက်၏၊ ခရမ်းသွေးက အဓိပ္ပာယ်တစ်မျိုးဖြစ်သော ဟန်မူရာနှင့် ရယ်မောလိုက်၏။

"ဟင့် ဟင့် ဟင့်"

"ခရမ်း"

ပန်းကတ္တီပါ ခံပြင်းကာ အသားဆိုင်လေးများ တဖျစ်ဖျစ် ြည်ကုန်၏။ ထို့နောက်မှာ ကတုန်ကယင်နှင့် ခရမ်း နာမည်လေးကို ခေါ်လိုက်သည်။

ထိုအခါ ခရမ်းက ရယ်မောမပျက်ဘဲ ပန်းကတ္တီပါကိုယ်လေးနဲ့ ာပ်အောင် ရွှေ့ထိုင်သလို နောက်ကျောပေါ် အဖြောင့်အတိုင်းချထားတဲ့ ်န်းကတ္တီပါရဲ့ဆံဖျားလေးကို ပွတ်သပ်ရင်း ဆိုပါသည်။

"ကတ္တီပါရယ် ... ဒါ ရှက်စရာမှ မဟုတ်တာ၊ ကိုကို့အခန်းထဲ ာယ်မိန်းကလေးမှ ဝင်လို့ရတာ မဟုတ်ဘူး၊ ကတ္တီပါ တစ်ယောက် ာည်း ဝင်လို့ရတာလေ၊ ပြီးတော့ အဲလိုဝင်ခွင့်ရတာကလည်း ကိုကို့ ာက်က ကြည်ဖြူလို့လေ၊ ကိုကိုကြည်ဖြူသလို၊ ကတ္တီပါကလည်း ကျေ ာျနပ်နပ် ရှိတယ်ဆိုတော့"

"အိုး ခရမ်း ... ရှင်ထင်ရာတွေ လျှောက်ပြောမနေနဲ့"

"ဟင့် ဟင့် ဟင့် ... ထင်ရာလျှောက်ပြောသတဲ့လား ကတ္တီပါ ာယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိပါးပုတ်ခတ်တဲ့ဟန်မှုရာနဲ့ ခရမ်းသွေး ပြောလာသည်က ပန်းကတ္တီပါစိတ်ကို တကယ်ထိရှရလေသည်။

"ခရမ်းရယ် . . . ပန်း ပြောပြပါရစေ"

"မပြောပါနဲ့"

ခရမ်းသွေး ပိတ်ပြောသည်က အနိုင်ပိုင်းစိတ်နဲ့ဖြစ်မှန်း သိသာနေသည်။ ပန်းကတ္တီပါ နှုတ်ခမ်းသားလေး တဆတ်ဆတ်တုန်လျက် –

"ခရမ်းပြောနေတာတွေက ပန်းရဲ့သိက္ခာကို ဘယ်လောက် ထိရှစေလည်းဆိုတာ စဉ်းစားပါ ခရမ်းရယ်"

"ခရမ်းတို့က စဉ်းစားဉာဏ်နည်းပါတယ် ကတ္တီပါရဲ့၊ တွေ့တာ မြင်တာကိုပဲ ပြောတတ်တယ်၊ တွေ့တဲ့မြင်တဲ့အတိုင်းပဲ ထုတ်ပြော စိတ်ဝင်စားတယ်၊ ဒါကြောင့် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ကတ္တီပါ ကိုကို ဘယ်အခြေအနေပဲရောက်ရောက် ခရမ်း မကန့်ကွက်ပါဘူး ဘာဖြစ်လို့လဲဆိုတော့ ခရမ်းကိုယ်တိုင်က၊ ကတ္တီပါ့ကို ယောင်းမတော်ချင် တယ်၊ ဒါကြောင့် ကိုကို့ခါတ်ပုံလေးကို ကတ္တီပါ ဖုန်းပေးဂျာမှာ ထည့်ပေး တာလေ၊ ကတ္တီပါနဲ့ကိုကို ခုလိုအခြေအနေ အမြန်ဆုံးရောက်သွားတာ ခရမ်း ဝမ်းသာပါတယ်၊ ဒါကြောင့် . . . ကတ္တီပါ ကိုကို့ကို မျက်လှည့်ပြသလို မဆက်ဆံပါနဲ့၊ ကိုကို့အနားမှာ ကတ္တီပါ နေပေးပါ သူငယ်ချင်းရယ် ကိုကိုကလည်း ကတ္တီပါ့ကို ပိုင်ဆိုင်ချင်နေတယ်၊ အဲဒါကြောင့် ခရမ်း အားမနာဘဲ မေးတယ်လေ၊ ကတ္တီပါမှာ ရည်မှန်းထားတဲ့သူ ရှိလားတဲ့





ခရမ်းက မရှိဘူးပြောတော့ ကိုကို အရမ်းဝမ်းသာသွားတာ၊ အဲလိုဝမ်း သာနေတဲ့အချိန်မှာ ကတ္တီပါနဲ့ ခေတ်ကို တွဲလျက် တွေ့လိုက်တော့လေ"

"တော်ပါတော့"

"အိုး တော်လို့ရမတဲ့လား၊ ကတ္တီပါက ခေတ်နဲ့ တွဲနေတာ၊ ကိုကို့အသည်း ခွဲနေသလိုပဲလေ"

ပန်းကတ္တီပါ ခေါင်းရမ်း၍ –

"ခရမ်း အခုပြောနေတာတွေက တစ်ဖက်သတ်ချည်းပဲ၊ ခေတ် နဲ့ပန်း တွဲသွားတာက သူငယ်ချင်းအနေနဲ့ သွားလာတာမျိုး၊ ပန်းရဲ့မွေး နေ့ အထိမ်းအမှတ်နဲ့ သွားကြတာ၊ သွားကြတုန်းက ချောစုလည်း ပါတယ်၊ သီရိလည်း ပါတယ်၊ သီရိနဲ့ချောစုက သွားစရာရှိတယ်ဆိုပြီး ထမ်းခွဲသွားလို့ ခေတ်နဲ့ပန်း နှစ်ယောက်တည်း ဖြစ်သွားတာ"

"ဘာပဲဖြစ်ဖြစ်လေ . . . ကိုကိုနဲ့ကတ္တီပါ ဒီလောက်ငြိနေပြီးမှ"

"ရှင် အဲလိုမျိုးချည်း လွှန်လွှန်ကျူးကျူးမစွတ်စွဲပါနဲ့၊ အဲဒီနေ့ က ခရမ်းရဲ့ကိုကိုအခန်းထဲ ရောက်ရတာက"

"ယုံတမ်းစကားတွေ မပြောပါနဲ့ ကတ္တီပါရယ်"

ခရမ်းသွေး ယတိပြတ်ပြောလိုက်သည်က ပန်းကတ္တီပါရဲ့စကား ဆုံးတွေကို ပြတ်တောက်သွားစေသည်။

"ကိုကိုကလည်း ဝန်ခံတယ်လေ"

"ဘာရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းကတ္တီပါ မျက်လုံးလေး တကယ်ပြူးရှာသည်။

''ကဲပါ ကတ္တီပါရယ် . . . ခရမ်း ပေရှည်ပြီး မပြောချင်တော့ဘူး၊ ကတ္တီပါ ခေတ်နဲ့အဆက်ဖြတ်လိုက်စမ်းပါ၊ ပြီးတော့ ကိုကိုနဲ့ လက်တွဲဖို့ စဉ်းစားပါ၊ ဒီအခွင့်အရေးမျိုး ကတ္တီပါမို့လို့ ခရမ်း ပေးတာ၊ သန္တာလှိုင်တို့က အဲဒီအခွင့်အရေးရဖို့ မ,ချောင်းချောင်းနေတာလေ၊ ကိုကိုက သန္တာလှိုင့်ကို သောက်ဂရုမစိုက်လို့ သန္တာလှိုင် အခက်တွေ့နေတာ ကတ္တီပါရဲ့၊ ကိုကို့အခန်းထဲ ကတ္တီပါ့လို သန္တာလှိုင် ဝင်လို့ရလို့ကတော့ ကိုကို့အခန်းထဲ ဘုတ်နဲ့ ကလော်ထုတ်ရင်တောင် သန္တာလှိုင် ထွက်တော့မှာ မဟုတ်ဘူး၊ ကိုကိုက သန္တာလှိုင့်အကြိုက် ဘော်ဒီဖြောင့်တယ် မဟုတ်လား၊ ပြီးတော့ . . .''

ခရမ်းသွေး ပြောရင်းဆိုရင်း အဝတ်ညှပ်တဲ့ စားပွဲပေါ်ရှိနေသည့် ခရမ်းရဲ့လက်ကိုင်ဖုန်းလေးကို ကောက်ယူရင်း ဖွင့်ကြည့်၏။

ထိုအခါ –

သူ့ပုံလေး ဘွားခနဲ ပေါ်လာသည်။ ထိုပုံလေးကို ကတ္တီပါရှေ့ ထိုးပြရင်း ဆွဲဆောင်သလို တိုးတိုးပြော၏။

''ကျွတ်''

ပန်းကတ္တီပါ မျက်နှာလေး ရှက်စိတ်နဲ့ ရဲမှည့်သွား၏။

''ကတ္တီပါရယ် . . . ကတ္တီပါ့စိတ်၊ ကတ္တီပါ့ဘဝ၊ ကတ္တီပါ့ရဲ့အလှ တရားအားလုံးကို ကိုကိုက ကြွေနေတာပါ၊ ဒါကြောင့် . . . မငြင်းပါနဲ့ ကတ္တီပါ၊ ခေတ်နဲ့ကိုကိုက တခြားစီပါ၊ ခေတ်က ကိုကို့လောက် ယောက်ျား ပီသတဲ့ဟန် မရှိပါဘူး။ ကိုကိုကမှ တကယ်ဆွဲဆောင်အားရှိတဲ့ ယောက်ျား ပါ၊ ကတ္တီပါ စိတ်ကူးမလွဲပါနဲ့၊ ခရမ်းက ကတ္တီပါနဲ့ကိုကို့ကို ဖြစ်စေချင် တယ်၊ ဒါကြောင့် ခရမ်း စီစဉ်မယ်၊ ကတ္တီပါ မငြင်းနဲ့''

''ဘာ ဘာကိုစီစဉ်မှာလဲ''

''အိုး စောင့်ကြည့်လိုက်လေ''

''ခရမ်း . . . ရှင်''

''ခရမ်းကို မတားနဲ့၊ ခရမ်းက ဖြစ်ချင်တာကို ဖြစ်အောင်လုပ် လိုက်ရမှ၊ ကတ္တီပါကိုယ်တိုင်လည်း ကိုကို့ကို ကြွေတယ်မဟုတ်လား''

ကတ္တီပါ့မျက်နှာလေး မထားတတ်အောင် ဖရိုဖရဲဖြစ်လို့သွား သည်။ ဖြေရှင်းချက်ပေးလို့လည်း ရှင်းပြလို့လည်း မရဖြစ်နေတဲ့ အနေ အထားကနေ တစ်ဆင့်တက်ကာ သူနဲ့ မငြိ,ငြိအောင် အတင်းတွန်းပို့နေ တဲ့ ခရမ်းရဲ့ဇာတ်ညွှန်းကြားမှာ ပန်းကတ္တီပါ တုပ်နှောင်ခံရသလို ဖြစ်၏။

''ကဲပါ ကတ္တီပါရယ် . . . ကိုကို့အသည်းလေး ခံစားချက်အစစ် နဲ့ ပြည့်သွားအောင် ကတ္တီပါ့နှုတ်ခမ်းသားတံခါးလေး ဖွင့်ပေးလိုက်တော့နော် သူငယ်ချင်း''

ပန်းကတ္တီပါ ယောင်ယောင်နနနဲ့ ခေါင်းရမ်းလိုက်သော်လည်း

''နော် ကတ္တီပါ . . . ကိုကို့ပုံလေး သေချာကြည့်ပြီးမှ အဖြေ ပေး''







www.burmeseclassic.com

www.burmeseclassic.com



ခရမ်းသွေး ပြောလိုရာပြောပြီး ထထွက်သွားသည်က သူ့နှုတ်ခမ်းလေးကို ဖွင့်ထားလျက်နှင့် ...

ပေဂျာပေါ်မှ ပေါ်နေတဲ့ သူ့ပုံလေးက ... ဘုရားရေ။

သန်မာကျစ်လျစ်သော ခန္ဓာကိုယ်နှင့် ဆွဲဆောင်အားရှိသော ကြွက်သားဆိုင်တွေက အသည်းယားစရာ။

ပြီးတော့ ...။

✿ ✿ ✿



## အခန်း (၂၄)

"ဟယ် လှလိုက်တဲ့ ဇာပွင့်လေးပါလား"

"ဟုတ်တယ် ချောစုရဲ့၊ ဇာပွင့်လေးက အရမ်းလှတာပဲ၊ အဖြူရောင်အပွင့်မှာ ရွှေဝါရောင်အနားသတ်ရောင်ပြေးက တအားလှတယ်၊ အဝေးကြည့်လည်း ပေါ်တယ်၊ အနီးကပ်ကြည့်လည်း လှတယ်"

"အေးနော် ဝတ်တော် ဝတ်ချင်လာပြီ"

သီရိက သူမကိုယ်မှာ သူမ ကပ်ကြည့်ရင်း အားပါတရ ပြောသည်။

"ရှင်တို့ကလည်း သူများမင်္ဂလာဆောင်ဝတ်မယ့်ဇာကို ဘာဘာညာညာ မပြောပါနဲ့၊ ဒေါ်မမလေးက သူ့သမီး မင်္ဂလာဆောင်ဝတ်မယ့်



www.burmeseclassic.com

www.burmeseclassic.com



ဇာကို ဘယ်သူ့မှ ထုတ်မပြနဲ့လို့ အသေအချာ မှာသွားတာ၊ တော်ကြာ တွေ့သွားရင် မကောင်းဖြစ်နေလိမ့်မယ်''

ပန်းကတ္တီပါ ရှင်းပြလိုက်တော့ ချောစု နာခေါင်းရှုံ့၍ . . .

''ဟွန်း ကြီးကြီးကျယ်ကျယ်''

''အေးနော် . . . အဲဒီဒေါ်မမလေးဆိုတာက ဟိတ်ကြီးဟန်ကြီး နဲ့ စကားပြောရင် မိုးလား၊ကဲလား၊ သူ့သမီးဝတ်မယ့်ပွဲထိုင်ဇာကို ဘယ်သူ့မှ မပြရဘူးဆိုတော့ မလွန်လွန်းဘူးလား''

သီရိကလည်း ဝင်ပြောအံ၏။

''ဩော် . . . သူ့စိတ်နဲ့သူပေါ့၊ ထုတ်ပြလိုက်ရင် ရိုးသွားမယ် တဲ့၊ ညည်ခံပွဲနေ့မှ သူ့သမီးဝတ်တာ မြင်ရတော့ ဆန်းမှာပေါ့တဲ့၊ ဒါ ကြောင့်ပါ၊ ပေး . . . ဒီနေ့ မညှပ်သေးဘူး သိမ်းထားလိုက်မယ်၊ တော်ကြာ အဝတ်အပ်တဲ့သူတွေလာလို့ မြင်သွားရင်၊ တစ်ယောက်နား တစ်ယောက် ပေါက်ကြားရုံမက ဒေါ်မမလေးသိသွားရင်း ပန်းကို စိတ်ဆိုးနေဦးမယ်''

ပန်းကတ္တီပါက ပြောပြောဆိုဆို ဇာဝတ်စုံကို ဆွဲယူ၍ ပါကင် ထဲ ထည့်သိမ်းလိုက်၏။ ချောစုနဲ့သီရိက ဒေါ်မမလေးကို အမြင်ကတ်တဲ့ စိတ်နဲ့ မကြည်မလင်ဖြစ်လျက် –

''ဒီထက်လှတဲ့ဇာတွေ အပုံကြီးပါဟ''

''ဟုတ်သားပဲ၊ ဒါနဲ့ ပန်း''

''ဘာလဲ ချောစု''





''ပန်း မင်္ဂလာဆောင်ရင် ဒီထက် အပွင့်လှတဲ့ဇာမျိုး ချောစုတို့ တွေ ဝိုင်းရွေးပေးမယ်''

''ဟုတ်ပါ့''

''အလိုလေ''

ချောစု စကားအဆုံးသတ်မှာ ပန်းကတ္တီပါမျက်နှာလေး ရှက် ရိပ်နှင့်ပန်းရောင်ပြေးသွား၏။

''ဘာအလိုလေလဲ၊ ဒေါ်မမလေးသမီးရဲ့ဇာပွင့်မင်္ဂလာဝတ်စုံ ထက် ပန်းကတ္တီပါရဲ့ဇာပွင့်ဝတ်စုံက ပိုလှစေရမယ်၊ ပြီးတော့ . . . ပိုပြီး လည်း ဈေးကြီးစေရမယ်''

''ဟုတ်ပါ့ မမမေမိုးမိုးနဲ့ ဟိုတစ်ရက်က တွေ့သေးတယ်၊ မမမေမိုးမိုးက ခေတ်ကို မင်္ဂလာဆောင်ရင် မင်္ဂလာပစ္စည်းအားလုံးကို ဘန်ကောက်မှာ သွားဝယ်မှာတဲ့''

''ဟယ်တော်''

ပန်းကတ္တီပါ ဘာမှမသိရသေးပါ။ သီရိပြောကာမှ ပန်းကတ္တီပါ ဘအံ့သြဖြစ်ရ၏။

''ဟယ်တော့ . . . ဖြစ်မနေနဲ့ ပန်းရဲ့၊ ရှင့်မင်္ဂလာပွဲကတော့ ချောစုတို့ဝန်းကျင်မှာ အကောင်းဆုံးပွဲဖြစ်မှာ မြင်ယောင်သေးတယ်''

''မဟုတ်တာပဲ၊ ရှင်တို့ကို ဘယ်သူပြောလဲ''

''အမယ်လေး . . . သတင်းက ပျံ့နေပြီလေ၊ ရှင့်မိဘနှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ရှင့်မိတွေးနဲ့ပတွေးကပါ ပြောပြီးပြီ၊ တန်ဆောင်တိုင် ပွဲပြီးရင်တဲ့''

''တော်ပါတော့''

ချောစုစကားဆုံးအောင် ပြောခွင့်မရတော့ပါ။ ပန်းကတ္တီပါ မျက်နှာပျက်ပျက်နှင့် ဟန့်တားမိလေသည်။

''နေပါဦး၊ ကတ္တီပါက ခေတ်ကို ငြင်းချင်တာလား''

ချောစု အားမနာတမ်း မေးလေသည်။

''ခေတ်ကို မငြင်းလိုက်ပါနဲ့ ကတ္တီပါရယ်၊ ခေတ်က ကတ္တီပါကိုလည်း မြတ်နိုးတယ်၊ ခေတ်ရဲ့မောင်နှမတွေကလည်း သဘောကျတယ်၊ ပြီးတော့ ဂုဏ်သိက္ခာလည်း ရှိတယ်၊ ပစ္စည်းဥစ္စာနဲ့လည်း ပြည့်စုံတယ်၊ အဲသလိုလူကို ငြင်းလိုက်ရင် ကတ္တီပါ သိပ်မှားသွားမယ်၊ သီရိ အဲလိုပဲ ယူဆတယ်''

သီရိက ဒီတစ်ခါ အားမနာတမ်း ပြောလေသည်။ ချောစုကလည်း ခေါင်းလေးဆတ်၍ ထောက်ခံ၏။

''ဟုတ်တယ်၊ ခေတ်တို့မောင်နှမတွေက ဖြူဖြူစင်စင်ပဲ၊ ခရမ်းသွေးလို ပဟေဠိတွေနဲ့ မဟုတ်ဘူး''

''ခရမ်းသွေးနဲ့ ဘာဆိုင်လဲဟ''

မဆီမဆိုင် ခရမ်းသွေးကို ဆွဲပြောတဲ့ ချောစုကို ပန်းကတ္တီပါ ထိုသို့ပြောမိသွားသည်။

ထိုအခါ ချောစုက မျက်နှာလေး ရှုံ့မဲ့၍ –





''ခရမ်းသွေးနဲ့ ဘာဆိုင်လဲဆိုတော့ . . . ဆိုင်တာပေါ့လို့ ဖြေရမှာပဲ''

''ဘာဖြစ်လို့''

''ဘာဖြစ်ရမှာလဲ၊ ခရမ်းသွေး ရှင့်စိတ်ကို ဖျားယောင်နေတဲ့ကိစ္စ''

''ဘုရားရေ . . . ဖျားယောင်တယ်''

ပန်းကတ္တီပါ တအံ့တဩ မေးလိုက်မိသည်။ ချောစုက ခရမ်းသွေးနဲ့ ပတ်သက်ရင် ဘယ်တော့မှ ထိန်ချန်လေ့မရှိပါ။ ပြောစရာရှိတာကို ထုတ်ပြောဖို့ ဝန်မလေးသူပီပီ ထုတ်ပြောလေသည်။

''အဲဒါဖျားယောင်တာပေါ့ ပန်းကတ္တီပါရဲ့၊ သူ့ကိုကိုနဲ့ သူ အတင်းဆွယ်နေတဲ့စကားလုံးတွေက ဘယ်လောက်ထိ သောင်ကျော်နေသလဲဆိုတာ အသိသာကြီး''

''အို . . . ခရမ်းက သူ့အထင်နဲ့သူ ပြောနေတာလေ''

''ဟုတ်ပါတယ်၊ ခရမ်းသွေးရဲ့ အဲဒီအထင်က ရှင့်ကို လှုပ်လို့ရအောင် ချည်နှောင်လိုက်တဲ့သဘောပဲလေ . . . မဟုတ်ဘူးလား။ မသိရင် ရှင်နဲ့သူ့ကိုကို အခန်းထဲမှာ ဖြစ်ချင်တိုင်း ဖြစ်နေကြတယ်ဆိုတဲ့သဘောလေ''

''အို . . . အဖြစ်မှန်ကို ချောစုသိအောင် ပန်း ပြောပြသားပဲ''

''အေးလေ . . . ပန်းပြောပြတာကို ချောစု နားလည်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သဘောလည်း ပေါက်တယ်၊ ခရမ်းက ဘာလို့ နားမလည်ရတာလဲ၊ အဲလိုနားမလည်ရတာက နားမလည်ချင်ဟန်ဆောင်တာလည်း ဖြစ်နိုင်တယ်၊ နောက်ပြီး အဲဒီအခြေအနေပေါ်မှာ တစ်ခုခု အခွင့်အရေးယူချင်လို့လည်း ဖြစ်နိုင်တယ်''

''ဟင်''

''သေချာစဉ်းစား ပန်းရဲ့၊ ခရမ်းသွေးအကြောင်း ရှင် ဘယ်လောက်သိလို့လဲ၊ သန္တာလှိုင် သူ့ကိုကိုကို ကြွေနေမှန်း သိတယ်၊ သူ့ကိုကိုနား သန္တာလှိုင် တိုးကပ်လာမှာစိုးလို့ ဘာလုပ်လိုက်တယ် ထင်သလဲ''

''ဘာ ဘာလုပ်လိုက်လဲ''

''အမယ်လေး ... ရှင် မသိသေးတာ အံ့ပါ့ဟယ်''

''တကယ်မသိလို့ပါ ချောစုရဲ့၊ သန္တာကို ဘာလုပ်လိုက်လဲ''

ချောစုက သိရကောင်းလားဆိုပြီး ပန်းကို မျက်စောင်းထိုးကြည့်ပြီး ပြော၏။

''ဘာလုပ်လိုက်လဲဆိုတော့ဟာ ... သူတို့ကလပ်သွားရင်းခင်မင်နေတဲ့ ခပ်ပွေပွေတစ်ယောက်ကို ခရမ်းသွေး ပေးကမ်းပြီး ပေါင်းထားတယ်၊ သန္တာလှိုင်တို့ မူးမူးရူးရူးနဲ့ ကခုန်ပျော်နေချိန်မှာ အဲဒီငနဲနဲ့ မဖွယ်မရာဖြစ်အောင် ဖန်တီးယူလိုက်တယ်၊ အဲဒီပုံတွေကို ခရမ်းသွေးက ယူထားလိုက်တယ်၊ သူ့ကိုကိုနားကပ်ဖို့ သန္တာလှိုင် ခြေလှမ်းပြင်တာနဲ့ ခရမ်းက အဲဒီပုံတွေ ထုတ်ပြလိုက်တော့ သန္တာလှိုင် အသက်မဲ့သလိုဖြစ်သွားတာပေါ့ဟာ၊ အဲဒီတော့ သန္တာလှိုင်က ခရမ်းကို အခဲမကြေဖြစ်ရုံမက ရှင့်ကိုပါ ပတ်သက်ပြီး ပြောလားဆိုလားနဲ့ ရန်ရှာတယ် မဟုတ်လား''

ချောစု ရှည်လျားစွာ ရှင်းပြလျှင် ပန်းကတ္တီပါ သက်မရှည်ကြီး ချရလေသည်။ ခေတ်နဲ့ပန်းကို အသားကင်ဆိုင်မှာ အဖွဲ့လိုက် ထိပါးတဲ့စကားနဲ့ ပြောဆိုကြတာ။ ထိုဖြစ်စဉ်ရဲ့နောက်ဆက်တွဲဖြစ်မှန်း ပန်းကတ္တီပါ ခုမှပဲ နားလည်တော့သည်။

''ရှင် ခရမ်းသွေးကို လျှော့မတွက်နဲ့ ပန်း၊ သူ့ကိုကိုနဲ့ ပန်းကို ဆွယ်တဲ့ကိစ္စက ရိုးရိုးသားသား မဖြစ်နိုင်ဘူးဆိုတာ အစကတည်းက ချောစု ပြောဖူးသားပဲ၊ ခုနောက်ပိုင်း သူ့ကိုကိုအခန်းထဲ ပန်းရောက်တဲ့ကိစ္စကို ဘာဘာညာညာနဲ့ အသေဆွဲကိုင်ပြီး ချည်နှောင်သလိုလို ဖျားယောင်လာတာ ပိုပြီးမရိုးသားဘူး၊ သေချာတယ်၊ သူ့ကိုကိုဆီကဖြစ်ဖြစ်၊ ပန်းဆီကဖြစ်ဖြစ် ခရမ်းသိပ်မက်မောတဲ့ တစ်စုံတစ်ရာ ရှိလိမ့်မယ်၊ အဲဒီတစ်စုံတစ်ရာအတွက် ခရမ်းသွေးဆောင်နေတဲ့သဘောပဲ ပန်းရဲ့''

ချောစု ပြောစကားတွေက ပန်းကတ္တီပါကို တွေခနဲ ဖြစ်သွားစေသည်။

''သေချာစဉ်းစားကြည့်ပေါ့ ပန်းရဲ့၊ သူ့ကိုကိုက ပန်းကို တကယ်လိုချင်တယ်ဆိုရင် ပန်းနဲ့ ဆက်သွယ်မယ်၊ ပန်းဆီ လာမယ်လေ၊ ခုတော့ သူ့ကိုကို သူ့ဘာသူ နောက်မှာနေပြီး ခရမ်းသွေးက ရှေ့ထွက်ပြီး




www.burmeseclassic.com

www.burmeseclassic.com



ဖြားယောင်းနေတာ၊ ဘယ်နည်းနဲ့မှ မရိုးသားတာ သေချာတယ်''

သီရိကလည်း ဖြစ်စဉ်အားလုံးကို သိနေသူပီပီ အားမနာတမ်း ပြောလေသည်။

ထိုစကားတွေနောက်မှာ ပန်းကတ္တီပါ တွေဝေငေးမောရလေပြီ။ သီရိပြောသလို သူ့ကိုကိုက ရှေ့တိုးလာရင် ပန်းကတ္တီပါ နှလုံးသားလေး သူ့ဆီ ဆီမျှောသွားတာ ကြာပြီပေါ့။

ဟုတ်တယ်လေ။

ပန်းက သူ့ကိုကိုကို တွေ့လိုက်ကတည်းက ရင်ခုန်နေတာ။ အထူးသဖြင့် စေတနာဖြူဖြူလက်ဝတ်ရတနာအရောင်းခန်းမထဲက ထွက်သွားတာ မြင်လိုက်တော့ ပန်းကတ္တီပါ အငေးသားကြည့်နေလိုက်တာ မိနစ်ပေါင်းများစွာ။

နောက်ပြီး ခရမ်းမွေးနေ့မှာ နီးနီးကပ်ကပ် မြင်လိုက်ရတော့ ကတ္တီပါ့ရင်ခုန်သံတွေကို ကတ္တီပါ ခံစားသိနှင့် သိနှင့်နေပါသည်။

ပန်းကတ္တီပါ သူ့ကို ချစ်မိပြီဆိုတာပေါ့။

ဒါကြောင့် သူနဲ့ပတ်သက်ရင် ကတ္တီပါ ဘာမှမစဉ်းစားနိုင်တော့ဘူး။ သူ အဆင်ပြေအောင် သူ့အလိုကျ လုပ်ပေးနေတာတွေက သက်သေခံတယ်လေ။

ကတ္တီပါရဲ့ချစ်စိတ်တိမ်းညွတ်မှုနဲ့ ခရမ်းသွေးရဲ့ ဖြားယောင်းမှုတွေနောက်မှာ ပန်းကတ္တီပါ သူ့ကို တကယ်စွဲစွဲလမ်းလမ်း ဖြစ်နေခဲ့တယ်





ဆိုတာ ခုမှ ပိုသိသာလာသည်။

ပန်းရဲ့စွဲလမ်းစိတ်ဟာ ခရမ်းအတွက် ဘာတွေများ အသုံးချစရာဖြစ်နေမလဲ။

အဲဒါကိုလည်း ပန်းကတ္တီပါ အလေးအနက် တွေးမိပြန်သည်။

“ကဲပါ ... သိပ်လည်း ဟိုတွေး ဒီတွေးနဲ့ ဖြစ်မနေနဲ့၊ အရေးကြီးတာက စဉ်းစားချင့်ချိန်ဖို့''

“ဟုတ်တယ်၊ ခေတ်နဲ့ မင်္ဂလာဆောင်ဖို့ပဲ တွေးစမ်းပါ၊ သီရိတို့ ရှင့်မင်္ဂလာပွဲလေး နွှဲချင်ပြီရှင့်၊ ပြီးတော့ ရှင့်မိဘတွေလည်း စိတ်ချမ်းသာအောင်လေ''

သီရိ ရွှင်ရွှင်လေး ပြောနေလေ ပန်းကတ္တီပါ ပို၍ မနေတတ် မထိုင်တတ်ဖြစ်လေ။

ထို့ကြောင့် သူငယ်ချင်းနှစ်ယောက်ကို ဘာမှပြန်မပြောသာ။

ဒေါ်မမလေးသမီးရဲ့ မင်္ဂလာဝတ်စုံပါကင်လေးကို ပင့်မရင်း သူငယ်ချင်းနှစ်ယောက် ရှေ့မှ ရှောင်ထွက်ခဲ့သည်က မလုံတဲ့စိတ်တွေနဲ့။

ခရမ်းရယ် ...

ပန်းရဲ့ခံစားချက်တွေကို အသုံးမချပါနဲ့

ပန်းကလေ ... ပန်းက ...!

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၂၅)

လေပြေလေးက သာသည်။

နေရောင်ဖျော့ဖျော့လေးကလည်း အရာရာတိုင်းကို ပို၍လှနေအောင် ဆွတ်ဖြန်းထားသလိုရှိ၏။

စကြိန်လမ်းလေးတစ်လျှောက် အလှစိုက်ထားတဲ့ ပန်းပွင့်ကလေးများမှာ လေပြေနမ်းရှိုက်သမျှ ကျေကျေနပ်နပ်လက်ခံရင်း နွဲ့နွဲ့လေး ယိမ်းလှုပ်နေသည်မှာ တိမ်းညွှတ်ဖွယ်ကောင်းနေပါသည်။

ဒါ့ပြင် ရောင်စုံလိပ်ပြာလေးများက ပန်းအလှလေးပေါ် နားလိုက်၊ ပျံသန်းလိုက် ပြုနေကြသည်က ချစ်သည့်စိတ်ဖြင့် ကြည်စယ်နေကြသလို ဖြစ်တည်စေသည်။





ထိုအခါ ...

ပန်းကတ္တီပါ နှလုံးသားမှာ နူးညံ့သောခံစားမှုတို့ စီးမျောသလို ခံစားရလေပြီ။

"ကတ္တီပါ"

နူးညံ့တဲ့သူ့ခေါ်သံလေး ကတ္တီပါ ကြားရ၏။

ထိုခေါ်သံလေးက နားဝင်မှာ စွဲနေသလို ရင်ခုန်လှိုင်းကို သိမ့်သိမ့်ကလေး လှုပ်နှဲ့စေတာမို့ ပန်းကတ္တီပါ မျက်လွှာလေး ချထားမိ၏။

"ကတ္တီပါ"

ပို၍နူးညံ့တိုးလျစွာ သူ ခေါ်သလို ထိုခေါ်သံလေး အဆုံးသတ်၌ ကတ္တီပါ့အပါး ခန္ဓာကိုယ်ချင်း ထိကပ်မတတ် သူ ထိုင်ချသလို ခံစားရ၏။

"အို"

ပန်းကတ္တီပါ လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားသော်လည်း သူ့ရင်ထဲက ရုန်းဖယ်ဖို့ ခွန်အားတွေ မဲ့လျ၏။

"ကတ္တီပါ့ကို ကိုယ်ချစ်တယ်"

ထိုစကားလုံးလေးက ကတ္တီပါ့နှလုံးသားမှာ အိစိမ့်စိမ့်လေး ခံရသည်။ ထို့ပြင် သူ့ရင်ခွင်မှာ နစ်မြုပ်မတတ် ကတ္တီပါ့ကိုယ်လုံးလေးကို ကြည့်တွေးထားရင်း ...

"ကတ္တီပါ ကိုယ့်ကိုချစ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါမျက်နှာလေးကို သူ့ရင်ခွင်ထဲမှာ ဆွဲယူ၍ ရွှန်းရွှန်း
ဝင့်လေးကြည့်၏။ ကတ္တီပါ မျက်လွှာစင်းလျက်။ သန်မာသော ကြွက်သား
တွေနဲ့ တည်ဆောက်ထားတဲ့ သူ့လက်မောင်းကို အသာလေးတွန်း
လျက် ကတ္တီပါ မျက်နှာလေး ရှောင်လွှဲဖို့ ကြိုးစား၏။

ထိုအခါ သူက ရှောင်လွှဲဖို့ထက် ရှေ့တိုးဖို့သာ တာဆူလျ
ဆွဲယူပင့် မော့ထားကာ ကတ္တီပါ့မျက်နှာလေးကို သူ့မျက်နှာနှင့် ဆွဲကပ်
ပါးချင်းကပ်လိုက်တဲ့နောက်မှာ ကတ္တီပါ့နှုတ်ခမ်းလေး အနွေးလှိုင်း
တဝဲဝဲလည်လည် ပါတော်မူလေပြီ။ ထိုအခါ ကတ္တီပါ အသက်ရှူဖို့
လျော့ကာ ကြည်ကြည်နူးနူး ဖြစ်တည်သွား၏။

ထိုခံစားမှုလေးကို ပန်းကတ္တီပါ တွယ်ငြိတာလား။ သူက
တွယ်ငြိအောင် ပြုစားနေသလား . . . မသိတော့ပါ။

နှုတ်ခမ်းနှစ်လွှာရဲ့ဆုံမှတ်တွေနောက်မှာ ရင်ခုန်သံစဉ်လေး
ထွက်လျက် –

ထိုသံစဉ်နောက်မှာ ပန်းကတ္တီပါ အသက်ရှူရခက်သလို ဖြ
သွားတာမို့ မသိမသာ ဖယ်ရှားလိုက်သည်။ သို့သော်လည်း ကတ္တီပါ့ကို
လေးကို သူ့ရင်ခွင်ကျယ်ကြီးထဲ မြှုပ်သွားအောင် ပြုလေသည်။

ထိုနောက်မှာ ရင်ခုန်နေတဲ့ ကတ္တီပါ့ကိုယ်လေး လွန့်လူး
ကာ သူ့လက်မောင်းနှစ်ဖက်ကို အားကိုးတကြီး ဆုပ်ကိုင်ရင်း ပျော်
သလို ဖြစ်သွားသည်။





"မောင့်ကို ကတ္တီပါ ချစ်ပါတယ်"

ရင်ထဲမှာ တိုးတိုးလေးမှ တိုးတိုးလေးပဲ ကတ္တီပါ ပြောမိသွား
သည်။ ပန်းတွေကပဲ နူးညံ့တာလား။

လေပြည်ကပဲ တယုတယ နှဲ့လှုပ်နေသလား မပြောတော့ပါ။

ခံစားနေရသည်က အချစ်စိတ်ဆောင်ယူသော ခံစားမှုလှိုင်း
ဆွေအကြားမှာ ကတ္တီပါ့ချစ်ခြင်းတွေ မျောမျောလေး ပါတော်မူလျက်။

ပန်းပွင့်လေးပေါ် ပျံလိုက် နားခိုလိုက်နှင့် ဟန်မိုက်နေသော
ပျားပိတုန်းလေးနဲ့ ပန်းပွင့်လေးနှယ်။

"အို"

လိုက်မောဖွယ် ခံစားမှုတွေနောက်မှာ ပန်းကတ္တီပါ နှလုံးသား
လေးက အစွမ်းကုန်ပွင့်နေတဲ့ ပန်းလေးနှယ် ဖြစ်ရချေပြီ။ ဒါ့ပြင် လေပြေ
ညင်းလေး အသောမတတ် ပြောပြောနေသည်က –

'ချစ်တယ်၊ ချစ်တယ်' တဲ့။

ချစ်တယ်ဆိုတာက ခဏတာလား။ တစ်သက်တာလား။ ရှင်းရှင်း
လင်းလင်းပြောပါ မောင်ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"မမ"

"အဲ"

ပန်းကတ္တီပါ လန့်လန့်ဖျပ်ဖျပ်လေး ထူးလိုက်သည်။

"မမ ဘာငေးနေတာလဲ"

ညီမငယ်လေးက ကတ္တီပါ့လက်မောင်းလေးကို ဖျစ်ကိုင်ရင်း လှုပ်ခါမေးလေသည်။ ထိုအခါ ကတ္တီပါ နှလုံးသားလေး လွင့်မျောနေရာမှ အသိဝင်လာသည်။

"မမ ညီမလေး မေးနေတာ ဖြေဦးလေ"

"ဩော် အေး၊ ငေး ငေး မနေပါဘူး၊ ညီမလေးရဲ့"





"ညီမလေး ပန်းခင်းထဲမှာ လိပ်ပြာလေးတွေ လိုက်ဖမ်းသလို ဆော့ကစားနေတာကို မမ ကြည့်နေတာပါ ညီမလေးရဲ့"

"အိုး အဲဒါဆို ညီမလေးကို မြင်မှာပေါ့"

"မြင်တာပေါ့ ညီမလေးရဲ့"

"ဟုတ်ဘူး။ မမ ညာတာ"

"အလို"

"ဟုတ်တယ်လေ . . . မမက ညီမလေးကို မမြင်ဘူး၊ ပန်းတွေနဲ့လိပ်ပြာတွေကိုပဲ ငေးနေတာ၊ ငေးပြီး တွေးနေတာ"

"ဩော် . . . ညီမလေးကလည်း။ လာပါ ညီမရယ်၊ ညီမလေး ဆော့ပြီးရင်း မမ မုန့်ဝယ်ကျွေးမယ် ပြောထားတယ်လေ၊ လာ ရေခဲမုန့် သွားဝယ်ကြမယ်"

စကားတတ်လွန်းတဲ့ ညီမလေးကို ကတ္တီပါ ဖြေရှင်းချက် ပေးမနေတော့ပါ။

ညီမလေးကို ပွေ့ဖက်ချော့မော့ရလေသည်။ ညီမလေးက ရေခဲမုန့်ဝယ်မယ်ဆိုတဲ့ အသံလေးကြားတော့ မြူးကြွသွားလေသည်။

"အေး . . . ဝယ်ဝယ် မမရဲ့၊ ညီမလေးက ရေခဲမုန့် သိပ်သိပ်ကြိုက်"

"သိပါတယ်၊ ညီမလေး ရေခဲမုန့်ကြိုက်တယ်ဆိုတာ"

"ညီမလေးကို တကယ်ဝယ်ကျွေးနော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ"

ညီမလေးကို ပန်းကတ္တီပါ အလိုလိုက် အကြိုက်ဆောင်ရလေပြီ။ အလိုမလိုက်၊ အကြိုက်မဆောင်လို့လည်း မရ။ ညီမလေးက အရွယ်နဲ့ မမျှအောင် အကင်းပါးသူလေးပါ။

ကြည့်ပါလား။

ပန်းကတ္တီပါရဲ့ချစ်စိတ်တွေ နယ်ကျော်ပယ်ကျော်အောင် အတွေးလွန်ပြီး ခံစားနေမိတာလေ။ ညီမလေးက ရိပ်မိသလိုလို မေးလာတာ။ ကတ္တီပါ ပြန်မဖြေနိုင်ဖြစ်ရလေသည်။

"မမ ဟိုမှန်လုံဆိုင်ကြီးထဲက ရေခဲမုန့်ကျွေးနော်"

"အေးပါ ညီမလေးရဲ့"

"ညီမလေးက မြှောက်ကြွကြွလေးဖြစ်ကာ မှန်ခန်းထဲရောင်းထဲ အဆင့်မြင့်ဆိုင်ကြီးထဲ အပြေးကလေး လှမ်းဝင်သွားသည်။

ပန်းကတ္တီပါကလည်း ညီမလေး အလိုကျရယ်ပါ။

ထိုဆိုင်ကြီးထဲ တန်းဝင်ခဲ့တယ်။

ဆိုင်ဝင်ပေါက်နှင့် ဘေးတိုက်ကျကျ စားပွဲမှာပဲ ညီအစ်မနှစ်ယောက် နေရာယူပြီး ညီမလေးအတွက် ရေခဲမုန့်နှစ်ပွဲ တစ်ပြိုင်နက်မှာပေးလိုက်သည်။

"မမလည်း မှာလေ၊ မမလည်း ရေခဲမုန့် ကြိုက်တယ်မဟုတ်လား"





အေးပါ ညီမလေးရဲ့"

ညီမလေးက မြှောက်ကြွကြွလေးဖြစ်ကာ မှန်ခန်းထဲရောင်းထဲ အဆင့်မြင့်ဆိုင်ကြီးထဲ အပြေးကလေး လှမ်းဝင်သွားသည်။

ပန်းကတ္တီပါကလည်း ညီမလေးအလိုကျရယ်ပါ။

ထိုဆိုင်ကြီးထဲ တန်းဝင်ခဲ့တယ်။

ဆိုင်ဝင်ပေါက်နှင့် ဘေးတိုက်ကျကျ စားပွဲမှာပဲ ညီအစ်မနှစ်ယောက်နေရာယူပြီး ညီမလေးအတွက် ရေခဲမုန့်နှစ်ပွဲ တစ်ပြိုင်နက်မှာပေးလိုက်သည်။

"မမလည်းမှာလေ၊ မမလည်း ရေခဲမုန့်ကြိုက်တယ် မဟုတ်လား"

"အေးပါ"

ညီမလေးအလိုကျ သူမလည်း ရေခဲမုန့်တစ်ပွဲ မှာ၏။ ရေခဲမုန့်သုံးပွဲလုံး ပြိုင်တူရောက်လာလျှင် ညီမလေးက နှစ်ပွဲကို သူမရှေ့ဆွဲပြီး တစ်ပွဲပြီးတစ်ပွဲစား၏။

ပန်းကတ္တီပါ ညီမလေးရဲ့ သွက်လက်မြူးကြွမှုကို ကြည့်နူးနေမိပါသည်။

ထိုစဉ် ...

ပန်းကတ္တီပါရဲ့မြင်ကွင်းထဲ သီးသန့်စားသောက်ခန်းထဲမှ ထွက်လာတဲ့ စုံတွဲတစ်တွဲကို ဖျတ်ခနဲမြင်လိုက်၏။ ထိုစုံတွဲကိုမြင်လိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းကတ္တီပါ မျက်လုံးလေးပြူးကာ မယုံနိုင်အောင် စိုက်ကြည့်မိသွား၏။

နှုတ်ကလည်း . . .

"ခရမ်း"

"ခေတ်"

ဆိုပြီး လေသံလေး ထွက်သွား၏။

ကြည့်စမ်း။ ခရမ်းသွေးနဲ့ခေတ်ခါးခါး။

ခရမ်းက ခေတ်ခါးခါးကို ဖက်ထားသလို ခေတ်ခါးခါးက ခရမ်းရဲ့ပခုံးစွန်းလေးကို သိုင်းဖက်လျက်။ နှစ်ယောက်သား အကြည့်စိုက်လျက် ထွက်လာတာက တစ်လောကလုံးမှာ နှစ်ယောက်တည်းရှိနှင့်သလို။

ဘုရားရေ။

ပန်းကတ္တီပါ မယုံနိုင်ပါ။

တစ်ယောက်ယောက်က ပြောတယ်ဆိုရင် ပန်းကတ္တီပါ ယုံမှာ မဟုတ်ပါဘူး။ မျက်စိနဲ့တပ်အပ်မြင်နေတာတောင် မယုံချင်စိတ်ဖြစ်နေမိသည်။

ခရမ်းနဲ့ခေတ်က ဘယ်လိုဖြစ်ပြီး တွဲမိတာလဲ။

ခေတ်ကို အရမ်းကြည်လင်ခဲ့တာ မဟုတ်ပါ။ ကတ္တီပါနဲ့ပတ်သက်ပြီး မကြည်မလင်ဖြစ်နေတဲ့ ခရမ်းက ခေတ်ကို ဘာကြောင့် ခုလို တွဲရတဲ့အထိ ဖြစ်တာလဲ။

တစ်ဖက်ကလည်း ကတ္တီပါ့ကို ခေတ်နဲ့အဆက်ပြတ်နိုင်းပြီး





မောင် . . . အဲ သူကိုကိုနဲ့ ဆွယ်တရားဟော။ တစ်ဖက်ကလည်း ခေတ်နဲ့ ကတ္တီပါမမြင်ကွယ်ရာမှာ တွဲခုတ်နေသည်။

ဒါ ဘာကြောင့်လဲ။

ချော့စုတို့ပြောသလို ရိုးရိုးသားသားစိတ်နဲ့ မဟုတ်ဘူးဆိုတာက ခရမ်းရဲ့ ထိုအပြုအမူတွေကြောင့်လား။

ပန်းကတ္တီပါအပေါ်မှာရော တကယ်ရိုးသားတဲ့စိတ်ဆိုတာ ဟုတ်နိုင်ပါ့မလား။

ပန်းကတ္တီပါ အတွေးလည်းတွေးရင်း ထိုစုံတွဲမြင်ကွင်းထဲက ပျောက်ကွယ်တဲ့အထိ ငေးနေမိသည်။

"မမ"

"အဲ"

ညီမလေးက ပန်းကတ္တီပါငေးနေတာကို ရေခဲမုန့်စားရင်း သတိထားမိသွားပြီထင်သည်။ ကတ္တီပါ့လက်ကို ပုတ်ရင်းခေါ်ပြန်သည်။

"ညီမလေး"

"မမ ဘာငေးနေတာလဲ"

"မမ မငေးပါဘူး"

"ဟွန်း ဘာလို့မငေးရမှာလဲ၊ ဟိုအဲ့ပြင်ဘက်ထွက်သွားတဲ့သူတွေကို ငေးပြီး တွေးနေတာလေ၊ညီမလေးသိတာပေါ့"

"ဟိုလေ မမက သူတို့ဝတ်ထားတဲ့ အင်္ကျီပုံဒီဇိုင်းကိုကြည့်တာပါ



www.burmeseclassic.com

www.burmeseclassic.com



ညီမရဲ့ ...ဟင့်ဟင့်ဟင့် ...ညီမလေး စားလေ"

"ကုန်ပြီလေ"

"အဲဒါဆိုလည်း နောက်တစ်ပွဲမှာဦးပေါ့"

"နေပါစေတော့ မမစားနေတာ မကုန်ရင်ပေး၊ ညီမလေးပဲ ကူပြီးစားပေးမယ်"

ပန်းကတ္တီပါ သက်မရှည်လေးချရင်း တစ်ဖွန်းသာစားရသေးတဲ့ ရေခဲမုန့်ခွက်ကို ညီမလေးကို ပေးလိုက်လေသည်။

ညီမလေးရယ်။

ညီမလေးက မမဒေးဝိုင်း သတိထားနေတာ ဘာကြောင့်လဲ ကွယ်။

ခက်တာက မမက မတွေးဘဲမဒေးဘဲဖြစ်နေရတာ၊ ဘာ အကြောင်းကြောင့်လဲဆိုတာ ညီမလေး နားလည်ရင် သိပ်ကောင်းမှာပဲ။

✿ ✿ ✿



## အခန်း (၂၇)

"ပန်းကို စဉ်းစားချိန်ပေးပါဦး မမမိုးရယ်"

"အလိုလေး စဉ်းစားဦးမယ် ဟုတ်လား ပန်းရဲ့"

"ဟုတ် ... စဉ်းစားပါရစေ"

ပန်းကတ္တီပါ ခပ်တိုးတိုးပဲ ပြောလိုက်မိသည်။

"ဘာစဉ်းစားစရာရှိလဲ ပန်းလေးရဲ့"

မမနေနိုးနိုးက အားမလိုအားမရ ဝင်မေးလေသည်။ ပန်းကတ္တီပါ အကြည့်လွှဲရင် မမမေမိုးမိုးက ကတ္တီပါ့အနား တိုးကပ်လာသလို ကတ္တီပါ့ လက်မောင်းလေးကိုလည်း လှုပ်ခါ၍ပြောတယ်။

"ပြောလေ ပန်းရဲ့၊ မမမိုးတို့အကြောင်း ကတ္တီပါ သိနေပြီပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မမမိုးတို့ ဘယ်လိုစိတ်သဘောရှိတယ်၊ ကတ္တီပါ့ပေါ် ဘယ်လိုခံမင်ထား လဲဆိုတာ သိနှင့်လျက်ကွယ်''

''နေပါဦး ... ကတ္တီပါ စဉ်းစားဦးမယ်ဆိုတာက ခေတ်အပေါ် မှာ တစ်ခုခုကို မကျေမနပ်ဖြစ်စရာမျိုး မြင်နေလို့လား''

နေနိုးနိုးက ခပ်သွက်သွက်လေး မေးခြင်း၊ ပန်းကတ္တီပါ ခေါင်း လေးခါလျက် –

''မရှိပါဘူး မမရယ်''

''အိုး မရှိတဲ့ဆိုရင် ဘာကိုစဉ်းစားနေစရာလိုလို့လဲ ကတ္တီပါရဲ့''

''ဟိုလေ ကတ္တီပါ စဉ်းစားမယ်ဆိုတဲ့က''

ပန်းကတ္တီပါ ဘာပြောလို့ ပြောရမှန်းမသိဖြစ်ကာ ပြောစကား လေး တစ်ဝက်တစ်ပျက်မှာ တန့်သွားလေသည်။

''ပြောလေ ... ဘာကိုစဉ်းစားမှာလဲလို့''

မမနေနိုးနိုးနဲ့မမမေမိုးမိုး ပြိုင်တူမေးလေသည်။ ပန်းကတ္တီပါ ဖြေရခက်ခက်ဖြစ်ကာ နှုတ်ခမ်းလေးကို ကိုက်လိုက် ဖြေလွှတ်လိုက်နှင့် ကတ္တီပါ့ကိုယ်ကတ္တီပါ အားမလို အားမရဖြစ်နေလေသည်။

''ဘာလဲ ... ခေတ်ထက်သာတဲ့ တစ်ယောက်ယောက်ကို''

''အိုး မဟုတ်တာပဲ မမနိုးရယ်''

ပန်းကတ္တီပါ ကမန်းကတန်းဖြေရှင်းချက်ပေးလိုက်လေသည်။ ထိုအခါ နေနိုးနိုး အားတက်သလိုဖြစ်ကာ ...





''အဲဒါဆိုလည်း ဘာမှမစဉ်းစားနဲ့တော့၊ မမနိုးတို့ စီစဉ်စရာရှိ တာ စီစဉ်လိုက်တော့မယ်''

''အိုး ဟို ဟို မမမေတို့နဲ့ ကတ္တီပါ မတိုင်ပင်ရသေးလို့ပါ''

ပန်းကတ္တီပါ ထွက်သလို ပြောလိုက်မိသည်။ ထိုအခါ ညီအစ်မ နှစ်ယောက် သဘောကျမလို ရယ်မောလေပြီ။

''ကတ္တီပါရယ် ... ကတ္တီပါ့မေမေတို့ ဖေဖေတို့က ကတ္တီပါ ခေါင်းညိတ်ရင် ပြီးပြီတဲ့၊ ကဲပါ ခေါင်းညိတ်လိုက်ပါတော့ ရွှေယောင်းမ လေးရယ်''

မမမိုးက ကတ္တီပါ့ကို ခေါင်းညိတ်လိုက်ဖို့ နားချလေသည်။ ကတ္တီပါ ခေါင်းညိတ်လိုက်ရင် ...

အလို ...

ကတ္တီပါ့နှလုံးသားလေး လှုပ်ရမ်းသွား၏။

''ကဲပါ ကတ္တီပါလေးရယ် ... မမမိုးတို့ စီစဉ်တာ အလိုက်သင့် လေး နာခံလိုက်ပါကွယ်''

''ဟိုလေ ကတ္တီပါက ခေတ်နဲ့ ဆွေးနွေးပါဦးမယ်''

''အမယ်လေး မောင်လေးက အခုချက်ချင်းတောင် မင်္ဂလာ ဆောင်ချင်နေတာပါအေ''

''ဘာပဲဖြစ်ဖြစ် ... ကတ္တီပါ ခေတ်နဲ့ တွေ့ချင်သေးတယ်၊ သဘောထားတွေ ငြိချင်သေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



ပန်းကတ္တီပါ ဒါပဲ ဖိပြောနေလိုက်သည်။ ထိုအခါ ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး လျော့ပေါ့လိုက်ဟန်တူပါသည်။

"အေးလေ ... ကတ္တီပါက ခေတ်နဲ့ ဆွေးနွေးချင်သေးတယ်ဆိုရင် ဆွေးနွေးလိုက်လေ၊ မောင်လေးကို လွှတ်ပေးလိုက်မယ်"

"ရပါတယ် မမမို။ ကတ္တီပါ့ဘာသာ ဖုန်းဆက်ပါ့မယ်"

"အချိန်တော့ မဆွဲနဲ့နော် ပန်းလေး"

မမနေနိုးနိုးက အနားကပ်ပြီး ပြော၏။ ထိုအခါ ပန်းကတ္တီပါ ခေါင်းညိတ်ရလေသည်။

"ဟုတ်ကဲ့"

"ဒါနဲ့ ပြောရဦးမယ် ကတ္တီပါရဲ့"

နေနိုးနိုးက ပြောသင့် မပြောသင့် စဉ်းစားရင်း စကားရပ်လိုက်၏။

"ဘာပြောမလို့လဲ မမနိုးနိုးရဲ့"

ပန်းကတ္တီပါ စကားဆုံးလျှင် နေနိုးနိုးက အစ်မဖြစ်သူမေမိုးမိုးကို မျက်စလေးနဲ့ အသံတိတ်ပြောလျှင် မေမိုးမိုး သဘောပေါက်ဟန်ထိုင်ရာမှထ၍ ...

"ကဲ ပြောစရာရှိတာ မြန်မြန်ပြောပြီး လာခဲ့ မမမိုး ကားပေါ်မှာစောင့်နေမယ်"





ထိုသို့ပြောရင်း မမမေမိုးမိုး ရှောင်သွားလေသည်။ မမမေမိုးမိုး ကတ္တီပါတို့ရဲ့ဆိုင်ခန်းအပြင်ရောက်သွားမှ နေနိုးနိုးက ကတ္တီပါ့ပခုံးလေးကို ဖက်ကာ ရင်းရင်းနှီးနှီးပြောလေသည်။

"ဒီလို ကတ္တီပါရဲ့၊ ခေတ်နဲ့တွေ့ရင် ကတ္တီပါ့ပုံစံလေးက အေးတိအေးစက် ဖြစ်မနေနဲ့၊ ကိုယ်ရည်ရွယ်ထားတဲ့ ယောကျာ်းလေးနဲ့ တွေ့ဆာပဲ မြူးမြူးလေး တွေ့စမ်းပါ၊ ယောကျာ်းလေးတွေဆိုတာ မြူးမြူးကြွကြွနဲ့ ပူးပူးကပ်ကပ်နေမှ သဘောကျတာမျိုး မဟုတ်လား"

"အိုး ...မမနိုးနိုးကလဲ"

"ဟဲ့ ... ဒါ ရှက်စရာမဟုတ်ဘူး ကတ္တီပါရဲ့၊ ကြည်နူးစရာ၊ ကျေနပ်စရာလေ၊ ကတ္တီပါက ရှောင်ဖယ်နေရင် ခေတ်က တစ်မျိုးဖြစ်မှာပေါ့၊ ပြီးတော့ ခုခေတ် ကောင်မလေးတွေက ရဲရဲသွက်သွက်တွေ ရဲရဲ သွက်သွက်တွေနဲ့ ခေတ် ဆုံဖူးထားရင်း ကတ္တီပါ့လို ရိုးရိုးတုံးတုံးလေးအပေါ် မသာမယာဖြစ်ပြီး သွေးအေး ဘာအေး ဖြစ်နေမှာစိုးလို့၊ ပြီးတော့ ပွင့်ပွင့်လင်းလင်းပြောရရင် မောင်လေး ခုတလော ခြေသိပ်မငြိမ်ဘူး"

"ဘယ်လို"

ပန်းကတ္တီပါ စိတ်ဝင်တစား မေးလိုက်တော့ နေနိုးနိုး ပို၍အားတက်ကာ သွက်သွက်ကလေး ပြောလေသည်။

"ဒီလို ကတ္တီပါရဲ့ ... ခေတ်က ခပ်ဟော့ဟော့ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ တွဲနေသတဲ့၊ အဲဒါကြောင့် မမနိုးတို့ စိတ်ပူနေတာလေ၊ ဒါကြောင့် ကတ္တီပါ့ကို အားကိုးနေရတာ၊ ခေတ်ကို တခြားဘယ်မိန်းကလေး လက်ထဲမှ အပ်မခံနိုင်ဘူး ကတ္တီပါရဲ့၊ ကတ္တီပါလို အယိမ်မှာ အိမ်ပါ ယောင်းမနဲ့ပဲ ဖြစ်စေချင်တာလေ၊ ဒါကြောင့် မမနိုးနိုး ပြောရတာပါ၊ နော် ယောင်းမ၊ ယောင်းမမှာလည်း ဆွဲဆောင်အား ရှိတယ်ဆိုတာ ပြမှုပြလိုက်စမ်းပါ၊ ကတ္တီပါရင်ခွင်ထဲ မောင်လေး ဝေါက်ခနဲ ပါလာအောင် လေ''

ပန်းကတ္တီပါ သက်မပဲ ချရမလို၊ တစ်ခုခုပဲ ပြောရမလိုလိုနှင့် ရင်ထဲမှာ မငြိမ်မသက် ဖြစ်လို့သွားသည်။

''ကဲ ... ရွှေယောင်းမလေး ကြိုးစားပေတော့''

ပန်းကတ္တီပါ ခေါင်းမညိတ်မိပါ။

ခေတ်နဲ့တွဲနေတဲ့တစ်ယောက်က ဘယ်သူဆိုတာ ကတ္တီပါ သိ ပါသည်။ သို့သော်လည်း ပန်းကတ္တီပါ ဘယ်ဘက်ယိမ်းရပါ့မလဲ။ မမ နေနိုးနိုး နှုတ်ဆက်ထွက်သွားတော့ ပန်းကတ္တီပါကိုယ် ပန်းကတ္တီပါ မေး နေမိသည်။

ဟုတ်တယ်လေ။ ခရမ်းသွေး ဖြားယောင်းတဲ့ဘက် ပါရမလား။ မမနေနိုးနိုးတို့ညီအစ်မ တွန်းအားပေးတဲ့ဘက်ကို ရွေ့ရမလား။

ပြောပါ မောင်ရယ်။

✿ ✿ ✿



## အခန်း (၂၀)

''ဟော့ ကတ္တီပါ''

ပန်းကတ္တီပါ ဘတ်စ်ကားမှတ်တိုင်ဘက် လမ်းကူးမလို့ပြင်စဉ်။ လမ်းတစ်ဖက်ရှိ ကားမှတ်တိုင်ဘက်ခြမ်းမှ လှမ်းခေါ်တဲ့ ခရမ်းသွေး၏ အသံလောင်သောခေါ်သံ ကြားရ၏။

ကတ္တီပါ လမ်းမကူးဖြစ်ဘဲ ကြည့်လိုက်တော့ ...

''နေဦး ... ခရမ်း လာခဲ့မယ်''

ခရမ်းသွေးအသံက တက်ကြွရွှင်မြူးနေသည်။ မှတ်တိုင်ဘက် ခြမ်းမှ ခရမ်းသွေး ကားလေးကိုကွေ့၍ ကတ္တီပါရှိတဲ့လမ်းဘက်သို့ ဆည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကတ္တီပါ ရပ်နေရင်း ခရမ်းကားလေး ဘေးနားရပ်တာကို ငေးကြည့်နေလိုက်သည်။

''လာ ကတ္တီပါ''

ကားတံခါးပါ တစ်ဆက်တည်း ဖွင့်ပေးရင်း ခရမ်း လှိုက်လှိုက် လှဲလှဲ ခေါ်၏။

''ဘယ်သွားမလို့လဲ''

''ဘယ်ပဲသွားသွားပေါ့ ကတ္တီပါရယ်၊ လာစမ်းပါ . . . ကတ္တီပါ့ကို တွေ့ချင်လို့ ခရမ်း လိုက်လာခဲ့တာ၊ သီရိက ကတ္တီပါ့မေမေဆီ သွားတယ် ဆိုလို့လေ ကတ္တီပါတို့မေမေ့အိမ်မသိတာနဲ့ ကတ္တီပါ ကားစီးနေကျ မှတ်တိုင်နားက လာပြီးစောင့်နေတာ''

ပန်းကတ္တီပါစိတ်မှာ ခရမ်းကို အရင်လို ခင်မင်လိုစိတ်မရှိသည်ကို ခံစားရလေသည်။ ဒါကြောင့် . . .

''ဟုတ်တယ် . . . မေမေ့ဆီလာတာ၊ ကတ္တီပါ အခု ပြန်တော့ မလို့''

''သိပါတယ်၊ ဒါကြောင့် မှတ်တိုင်နားကနေ ခရမ်းကို အဆင် သင့်လာစောင့်နေတာပေါ့၊ လာပါ ကတ္တီပါရဲ့''

ခရမ်းသွေးက မရအရခေါ်နေသည်။ ခရမ်းစိတ်ကို ပန်းကတ္တီပါ နားမလည်နိုင်တာမို့ ခေါင်းလေး အသာရမ်း၍ . . .

''နေပါစေ . . . ကတ္တီပါ ဘတ်စ်ကားနဲ့ပဲ သွားလိုက်မယ်၊ ဒီ





ဈေးတန်းမှာ ဈေးဝယ်စရာရှိသေးတယ်''

''အိုး . . . ကတ္တီပါကလည်း ခရမ်း ပါနေပြီပဲ၊ ကတ္တီပါ သွား ချင်တဲ့ညဈေးတန်းကိုလည်း ခရမ်း လိုက်ပို့ပေးပါ့မယ်၊ ခုချိန်ကလည်း ကားက ကျပ်နေတာ၊ ကြည့်ပါဦး''

''ရပါတယ်''

''ရပါတယ် လုပ်မနေနဲ့၊ လာပါ''

ခရမ်းက ပြောရင်းဆိုရင်း ကားပေါ်က ဆင်းလာပြီး ကတ္တီပါ့ကို မရအရ ကားပေါ်ဆွဲတင်လေသည်။ ထိုအခါ ကတ္တီပါ ငြင်းရအခက် ဖြစ်ကာ။

''ဘာလုပ်ဖို့လဲ ခရမ်းရယ်''

''ဘာလုပ်ရမှာလဲ၊ ကတ္တီပါနဲ့ အတူတူ စကားတွေပြောချင် တယ်၊ ပြီးတော့ ညစာအတူတူစားကြမယ်၊ ညဈေးတန်းလျှောက်ကြ မယ်လေ''

''အိုး ကတ္တီပါ အဲလောက်အချိန် မရပါဘူး၊ မင်္ဂလာဝတ်စုံ အစ်စုံ မနက်ဖြန် ပေးရမှာလေ၊ အဲဒါ ဒီည လက်စသတ်ရဦးမယ်''

''ရှင်ကလည်း ဆင်ခြေတွေ ပေးနေပြန်ပြီ''

ခရမ်းသွေးက အရင်ကထက် ဖွတ်တရွှတ်ဆန်နေတာ ထူးခြား နေသည်ဟု ကတ္တီပါ ခံစားမိ၏။

''ကဲ . . . ကားပေါ်တက်စမ်းပါ၊ ကတ္တီပါ့အလုပ်တွေ ကတ္တီပါ



www.burmeseclassic.com

www.burmeseclassic.com



ဆက်လုပ်လို့ရမှာပါ၊ သိပ်မကြာဘူး သူငယ်ချင်းရဲ့''

ပြောရင်းဆိုရင်း ကတ္တီပါ့ကို အတင်းဆွဲတင်နေတာမို့ ပန်းကတ္တီပါ ကားပေါ်တက်လိုက်ရသည်။ ကတ္တီပါ ကားပေါ်တက်လိုက်တော့ ခရမ်းသွေး ပို့ရှမြူးသွားကာ ကားကို တစ်ရှိန်ထိုးမောင်းထွက်ခဲ့၏။

ပန်းကတ္တီပါ သက်မလေးချရင်း ခရမ်းသွေးကို စိတ်ကုန်စွာ ကြည့်လိုက်မိသည်။

ခရမ်းသွေးကတော့ . . .။

✿ ✿ ✿



## အခန်း (၂၉)

''ဒင် ဒင် ဒင်''

ညဆယ်နာရီထိုးတဲ့အထိ ပန်းကတ္တီပါ ရောက်မလာသေး။ ထိုအခါ ချောစုစိတ်မှာ ပူပန်စဖြစ်လာပြီး . . .

ညနေကတည်းက ကတ္တီပါက သူမမိခင် ဒေါ်ကံ့ကော်ဆီ သွားတာလေ။ ဒေါ်ဒေါ့်ဆီမှာပဲ ညအိပ်သလား။ အိုး အိပ်မှာမဟုတ်ဘူး။

ချောစု သိပါတယ်လေ။ ကတ္တီပါ့ဖေဖေနဲ့ ကတ္တီပါ့ပထွေး ပြုံးသနားတက်အောင် ကတ္တီပါ ဘာမှလုပ်မှာမဟုတ်ပါဘူး။ ချောစု သိတာပေါ့။ ဒေါ်ဒေါ်တို့ဆီ သွားတာ အလွန်ဆုံး နောက်ကျရင် ညရှစ်နာရီပေါ့။ ဟုတ်တယ်။ ခုက ညဆယ်နာရီထိုးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါ့ဖုန်းကို ဒေါ်တာ ဆယ့်ငါးကြိမ်မကတော့ဘူး။ ဖုန်းက စက်ပိတ်ထားသတဲ့။ ကတ္တီပါ ဘယ်တုန်းကမှ ဖုန်းကို စက်ပိတ်ထားလေ့ မရှိပါဘူး။ ခုမှ စက်ပိတ်ထားတာ ထူးခြားနေသည်။

စက်ပိတ်ထားတော့ ဘယ်ရောက်နေလဲ၊ ဘာညာအကျိုးအကြောင်း မေးခွင့်မသာတော့ စိတ်ပူရသည်က အရင်။ ကတ္တီပါ ဘယ်သွားသွား ချောစုကို ပြောနေကျပါ။ ခုတော့ ကြည့်စမ်း ... ညဆယ်နာရီ ကျော်နေပြီ။ ဒါကြောင့် ချောစု စိတ်မပူဘဲမနေသာ။ ဒေါ်ကံ့ကော်ဆီ ဖုန်းဆက်ကြည့်ရင် ကောင်းမလား။ ထိုသို့တွေးမိတဲ့အတိုင်း ဖုန်းခေါ်လိုက်မိသည်က အရင်။

"ဟဲလို"

ဖုန်းထူးတဲ့ ဒေါ်ကံ့ကော်အသံ ကြားရ၏။ ချောစုက ...

"ဒေါ်ဒေါ် နေကောင်းလား"

"ကောင်းပါတယ် ချောစုရဲ့၊ ချောစု ဖုန်းဆက်လာတာနဲ့ အတော်ပဲ၊ ဒေါ်ဒေါ် ပြောရဦးမယ်"

"ဘာများလဲ ဒေါ်ဒေါ်"

"ချောစုသူငယ်ချင်းပေါ့ ချောစုရယ်"

"ကတ္တီပါ ... ကတ္တီပါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲကွယ်၊ ခေတ်နဲ့ မင်္ဂလာဆောင်ကိစ္စ ဒေါ်ဒေါ် ပြောရုံပဲ ရှိသေးတယ်၊ ခေါင်းကိုက်နေလို့ဆိုပြီး ထပြန်သွားတယ်လေ"





"ဟင်"

"ဟုတ်တယ်၊ ဘယ်လိုမှ တားလို့မရဘူး၊ ချောစုသူငယ်ချင်းကို ချောစု စည်းရုံးပါဦး"

"ဟုတ် ... ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ဒါနဲ့ ဒေါ်ဒေါ် ချောစု ဘယ်အချိန်က ပြန်တာလဲ"

"အိုအေ ... ရောက်ပြီး ဘာကြာတာမှတ်လို့၊ အငယ်မလေးကို ကျူရှင်အတူတူကြိုပြီး မကြာဘူး၊ ပြန်မယ်ဆိုပြီး ထပြန်သွားတာလေ"

"ဘုရားရေ"

ချောစု ကမန်းကတန်း ပါးစပ်ပိတ်လိုက်သည်။ ဒါပြင် ဖုန်းကိုလည်း ပိတ်မိသွားလေသည်။ ဒေါ်ဒေါ့်ပြောပုံအရ ကတ္တီပါ ပြန်ပြီးဆိုပဲ။ ဒေါ်ဒေါ့်ဆီက ပြန်တဲ့ ကတ္တီပါက ဘာဖြစ်လို့ ခုချိန်ထိ ပြန်မရောက်သေးတာလဲ။ ချောစု စဉ်းစားရင်း ရင်တွေပိုပူနေသည်။

ရင်ပူပူနဲ့ပင် စောင့်နေတာ အချိန်တွေက စက္ကန့်မိနစ်မှသည် ညဉ့်က ကြာလေ နက်လေဖြစ်ရလေပြီ။

ကတ္တီပါရေ ... ရှင် ဘယ်မှာလဲလို့ ချောစု အသံကုန်အော်ဟစ်မေးလိုက်ချင်တော့သည်။ ခုတော့ ... ပတ်ဝန်းကျင်က မသိအောင် ငုံထားရင်း ကတ္တီပါ ဘယ်အချိန်ပြန်လာမလဲဆိုတာ တစောင့်တည်း စောင့်နေရတဲ့အဖြစ်။ စောင့်ရတာ ရယ်မောရတယ် ကတ္တီပါရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဟင့် ဟင့် ဟင့်"

တဟင့်ဟင့်နဲ့ ရှိုက်သံသဲ့သဲ့ ကြားရလျှင် ချောစု အသိဝင်လာသည်။

"ဟင့် ဟင့် ဟင့်"

တိတ်ဆိတ်နေတဲ့ညမို့ ရှိုက်သံက ပိုပြီးကျယ်လာသလို ခံစားရ၏။ ချောစု ခေါင်းအုံးပေါ်မှာ မှေးနေရင်း ဒီအတိုင်း အိပ်ပျော်သွားတာ အတန်ကြာပါပြီ။

ထိုရှိုက်သံကြောင့် အသိဝင်လာသည်နှင့် တစ်ပြိုင်နက် ဝေါကနဲ ထ၏။ ထိုရှိုက်သံက ...





ကတ္တီပါ။

ချောစု လွတ်ခနဲခေါ်ဆိုလိုက်၏။ ကတ္တီပါ ထူးသံမကြားရပေမယ့် ရှိုက်သံလေး တိမ်ဝင်သွား၏။

"ကတ္တီပါ"

ချောစု ကမန်းကတန်း အိပ်ရာပေါ်မှထ၍ အိမ်ရှေ့ခန်းကို ထွက်ခဲ့၏။

"ဟင်"

ချောစုမျက်လုံးလေး တကယ်ပြူးသွား၏။

ကတ္တီပါမှ ကတ္တီပါအစစ်ရယ်လေ။

စက်ချုပ်ခုံမှာထိုင်ရင်း တရှုံ့ရှုံ့ရှိုက်ငိုနေပါသည်။ ထို့ပြင် ငိုနေရင်းနဲ့ ဒေါ်မမလေးသမီးအမင်္ဂလာဝတ်စုံကို စီးကွန်းလေးတွေ ထိုးလျက်။

"ကတ္တီပါ ... ရှင် ဘာဖြစ်နေတာလဲ"

ချောစု လှမ်းမေးရင်း အနားသွားပြီး အကဲခတ်ကြည့်၏။ ကြည့်စမ်း ... မျက်နှာတစ်ခုလုံး ရဲမှည့်နေကာ ငိုရှိုက်နဲ့ မျက်လုံးတွေ မို့အစ်နေသည်။

"ကတ္တီပါရယ် ... ရှင့်ကို ချောစု တစ်ညလုံး စောင့်နေတာ၊ စောင့်ရင်း အိပ်ပျော်သွားတာ၊ ရှင် အခုပြန်လာတာ ဘယ်အချိန်ရှိပြီလဲ၊ ကြည့်စမ်း မိုးလင်းတော့မယ်၊ တစ်ညလုံး ရှင် ဘယ်တွေလျှောက်သွားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ချောစု သိချင်တာတွေ စွတ်မေးလျှင် ကတ္တီပါ မျက်နှာလွှဲ၍ မျက်ရည်တွေ သုတ်၏။ ပြီးတော့ ခေါင်းတခါခါနှင့် စီကွန့်တွေ ထိုးသိ နေသည်။

"ကတ္တီပါ"

"အဟင့်"

ပန်းကတ္တီပါ တစ်ချက်ရှိုက်၍ ...

"ကတ္တီပါကို ဘာမှမမေးပါနဲ့လား သူငယ်ချင်းရယ်"

ရှိုက်သံလေးစွက်၍ ပြောနေတဲ့ စကားသံလေးက ကြေကွဲမှု အတိပြင့်။ ဘုရားရေ ... ချောစုသေချာကြည့်မှ ပန်းကတ္တီပါက အရင်လို မဟုတ်။

ဖရိုဖရဲပုံစံလေးနှင့်။

"ဘာဖြစ်လာတာလဲ"

တစ်ယောက်ယောက်များ ကတ္တီပါ့ကို မဖွယ်မရာ လုပ်လိုက် သလား။ ဘုရားရေ ... တွေးရင်း ပို၍ရင်မောရ၏။

"နေပါဦး ကတ္တီပါရဲ့"

"မမေးပါနဲ့၊ ကတ္တီပါ ဒီဝတ်စုံလေးအပြီးလုပ်ထားမယ်၊ မနက် ကျရင် ဒေါ်မမလေးလာယူရင် ပေးလိုက်နော်"

"ဟဲ့ ပေးလိုက်ဆိုတော့ ရှင်က ဘယ်သွားမလို့လဲ"

"ဟင့်အင်း"





ပန်းကတ္တီပါ မဖြေ။ စိမ့်ထွက်လာတဲ့ မျက်ရည်တွေကို ပွတ် သုတ်ရင်း ဖန်သီးလေးတွေကို အပွင့်အနားပေါ်တင်နေလိုက်သည်။

ချောစု အငေးသားကြည့်ရင်း ဘာမှပြန်မမေးသာ။ အံ့ဩရင်း အသံတိတ်ကြည့်နေလိုက်သည်။

ကတ္တီပါက ဝတ်စုံတစ်စုံကို စီးကွန့်ထိုးပြီးတာနဲ့ ဝတ်စုံကို ပါကင်ထဲထည့်ကာ ချောစုရင်ခွင်ထဲ ထိုးထည့်ပေး၏။

ထို့နောက် အိပ်ခန်းထဲ တန်းဝင်သွားလေသည်။

ချောစုခမျာ အံ့ဩပြီးရင်း အံ့ဩရင်း ကတ္တီပါ့ကိုသာ စောင့် ကြည့်လျက် ပုပင်လှိုင်းတို့ ထန်နေပါသည်။

ကတ္တီပါရယ် ...

ဘာဖြစ်လာတယ်၊ ဘာညာ ပြောပြမှပေါ့။ ခုတော့ မပြောမဆို တဲ့အပြင် တကျိတ်တည်းကျိတ်ပြီး ငိုနေတာ။ ချောစုရင်မှာ မချိလိုက် တာကွယ်။

အရှက်သည်းနေသလိုလို ထိရှကြေကွဲနေသလိုလိုနှင့်။ ဒါ့ပြင် ယူကျုံးမရဖြစ်တည်နေတဲ့ ခံစားချက်တွေနဲ့ တစ်ကိုယ်တည်း ခံစားနေတဲ့ ပုံဟန်ရဲ့အဖြေက ဘာလဲ။

ည။ ဒီတစ်ညက ချောစုကို ရင်ပူစေတဲ့ည။

နောက်ပြီး ကတ္တီပါ့ကို။ တော်ပြီ ... မတွေးတော့ပါဘူးကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ကတ္တီပါ"

ခေါ်သံလေးနဲ့အတူ ကတ္တီပါ့အိမ်ခန်းလေးပေါ် တက်သွားတဲ့ သက်တန့်ဖုံ။ ချောစု တအံ့တသြကြည့်မိသွားသည်။

"ကတ္တီပါ"

အိမ်ခန်းလေးထဲမှ ထူးသံ ထွက်မလာတော့။ ဒုတိယအကြိမ် သက်တန့်ဖုံခေါ်ပြန်သည်။ ခေါ်သံက ယူကျုံးမရဖြစ်ခြင်းတွေနဲ့ လှိုက်ခါနေမှန်း ချောစု အကဲခတ်သိ၏။

ချောစုက ဒေါ်မမလေးဆီ ဝတ်စုံသွားပို့ပြီး ပြန်အလာ။ ကတ္တီပါ အိမ်ခန်းရှေ့မှာ ဖိနပ်ခံကားကြီး ရပ်ထားတာမြင်လို့ အံ့သြနေခြင်း။





အိမ်ခန်းလေးထဲ ချောင်းကြည့်ကာမှ သက်တန့်ဖုံကို မြင်ရခြင်းဖြစ်သည်။

ဒေါ်မမလေးကို သွားပို့ဆိုတာနဲ့ ချောစု မင်္ဂလာဝတ်စုံလေး အမြန်သွားပို့ခြင်းပါ။ ခေါ်နေသူက ခေါ်နေပေမယ့် ထူးသံမကြားရတော့ ချောစု ပိုအံ့သြတာပေ့ါ။

ချောစု ထွက်သွားတာ နာရီဝက် မကြာပါ။

"ကတ္တီပါရော"

ထူးသံမကြားလို့ သက်တန့်ဖုံနောက် ပြန်လှည့်လျှင် ချောစုနဲ့ တန်းဆုံသည်။

"အခန်းထဲမှာလေ"

"မရှိဘူး"

"သေချာလို့လား"

"သေချာပါတယ်၊ မယုံရင် ချောစု လိုက်ကြည့်"

သက်တန့်ဖုံပြောလျှင် ချောစု ကမန်းကတန်း ဝင်ကြည့်၏။ ချောစု ထွက်သွားစဉ်က ကတ္တီပါ အခန်းထဲမှာ ကျန်ခဲ့တယ် မဟုတ်လား။

ကတ္တီပါ ရှိမနေတာတွေ့ရတော့ ချောစုမျက်လုံးလေး တကယ် ပြူးရလေသည်။

"ဟင်"

တကယ်ပါပဲ။ ကတ္တီပါတစ်ယောက် မိနစ်ပိုင်းအတွင်း ဘယ် သွားတာလဲ။ မေးခွန်းလေးမေးရင်း ချောစု အံ့သြရသလို။



www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်အောင်လည်း ဖြစ်ရ၏။

"ကတ္တီပါ ဘယ်သွားလဲ"

သက်တန့်ဖုံ စိတ်လှုပ်ရှားစွာ မေးလေသည်။

"မသိဘူးလေ၊ ချောစု အပြင်သွားတုန်းက ကတ္တီပါ ရှိနေတာပဲ၊ နေပါဦး ... ရှင်က ကတ္တီပါ့ကို ဘာလုပ်ဖို့လဲ"

ချောစုမေးလိုက်တော့ သူ့မျက်နှာလေး ချက်ချင်း လွှဲလိုက်သည်က ဖြေရှင်းချက်ပေးရမှာ ရှက်ရွံ့စွာနှင့် –

ထိုအခါ –

ချောစု ပို၍ မျက်မှောင်လေး ကြုတ်မိသွားသည်။ ကတ္တီပါ့ပုံစံကလည်း ပုံမှန်မဟုတ်။ သက်တန့်ဖုံကလည်း တည်တည်ငြိမ်ငြိမ်မဖြစ်မနေ။ ထိုနှစ်ယောက် အမူအရာတွေ ပြောင်းလဲနေတာ မဟုတ်မှလွဲရော။

ဘုရားရေ။

ညက။

ဟာင်။

ချောစု တွေးမိရင်း ပို၍ခေါင်းကြီးသွားသလို ကတ္တီပါ့ကိုလည်း အော်ခေါ်မိသည်။

"ချောစု ကိုယ့်ကို ကူညီဗျာ၊ ကတ္တီပါ့ကို ..."

သက်တန့်ဖုံ ပြောမထွက်တော့ပါ။ ပြီးတော့လည်း ရင်မဆိုင်ရဲဖြစ်ကာ အိမ်ခန်းလေးမှဆင်းသွားလေသည်။ ထိုအခါ ချောစုက ပါးစပ်





အဟောင်းသားနဲ့ သက်တန့်ဖုံကို မျက်တောင်မခတ်တမ်း ကြည့်နေလိုက်သည်။

"ကတ္တီပါ့မိဘတွေ ဘယ်မှာနေလဲ"

ကားပေါ်မတက်ခင် သူလှမ်းမေး၏။ ချောစုက ကတ္တီပါမေမေနဲ့ မေမေရှိတဲ့ ရပ်ကွက်လေးကို ပြောပြလိုက်ပြီး ...

"နေပါဦး ... ရှင် ဘာသွားလုပ်မှာလဲ"

သက်တန့်ဖုံ မဖြေ။ ကားပေါ် လွှားတက်လိုက်သည်။

"ကတ္တီပါ့ကိုတွေ့ရင် ကိုယ့်ဆီ ဖုန်းဆက်ပေးပါ ချောစု"

သက်တန့်ဖုံပြောရင်း ကားမောင်းထွက်သွားသည်က ကတ္တီပါ့မိဘဆီပဲ ထင်ရဲ့။

"ကတ္တီပါ"

ချောစု အိမ်နောက်ဖေးမီးဖိုဆောင်အထိ ဆင်းသွားပြီး တွေ့လိုတွေ့ငြား ကတ္တီပါ့ကို တကြော်ကြော်ခေါ်နေမိသည်။ ကတ္တီပါ့ကို မတွေ့ရလျှင် ချောစု ပိုပြီး ရင်ပူရ၏။

သက်တန့်ဖုံနဲ့ကတ္တီပါ။

နေဦး။ ဒီကိစ္စ ရိုးရိုးသားသား မဖြစ်နိုင်။ ချောစု ချက်ချင်းပဲ ခရမ်းသွေးကို ဖုန်းခေါ်လိုက်၏။

"ခရမ်း ... ငါ ချောစုပဲ"

"ချောစု ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အစ်ကို ကဗ္ဗီပို့ကို လာရှာနေတယ်၊ အဲဒါ ဘာသဘော
လဲ"

"ဟွန်း ဘာသဘောရမလဲ၊ ကိုကိုက တွေ့ချင်လို့ဖြစ်မှာပ
အဲဒါ ရှင်နဲ့ ဘာဆိုင်လဲ"

"ဘာဆိုင်လဲ ... မမေးပါနဲ့၊ ဒီကိစ္စ ရှင်နဲ့ ပတ်သက်နေတယ်
မဟုတ်လား"

"အိုး ... ပတ်သက်တယ်၊ ဟင့် ဟင့် ဟင့် ... ချောစုရယ်
ရှင်ဟာလေး သိပ်တုံးတာပဲ၊ ကိုကိုနဲ့ကဗ္ဗီပါ နှစ်ပင်လိမ်ဖက်ထ
ဖြစ်နေတာ၊ သူတို့ဘာသာ သူတို့တွေကြတာ ခရမ်းနဲ့ ဘာဆိုင်လို့လဲ"

"ရှင် မညာနဲ့နော်"

"အို့ ဟို့ ညာစရာလား၊ ကဗ္ဗီပါလို အခြေအမြစ်မရှိတဲ့ မိ
ကလေးနဲ့ ငြိနေတဲ့ကိစ္စ၊ ခရမ်းကသာ ကိုကို့ကို နှမြောရမှာလေ၊ ဘယ
နယ် မဆီမဆိုင် ရှင်က ခရမ်းကို စွပ်စွဲနေရတာလဲ"

"ကျွတ်"

ချောစု ခံရခက်ခက် ဖြစ်သွား၏။

"နေပါဦး ... ကဗ္ဗီပါ ဘယ်အမြေအနေဆိုတာ သိသိကြီး
ရှင်က ဘာလို့ ရှင့်အစ်ကိုနဲ့ ဖြားယောင်းဆွဲဆောင်ရတာလဲ၊ ပြီးတော
ကဗ္ဗီပို့ကို လိုချင်နေတဲ့ ခေတ်နဲ့လည်း ရှင်တွဲတယ်၊ အဲဒါတွေ
ဘာရည်ရွယ်ချက်နဲ့လဲ"





"..."

"တောက်"

ချောစုစကားမဆုံးသေးခင် ခရမ်းသွေး ဖုန်းပိတ်ပစ်၏။ ထိုအခါ
ချောစု ပို၍ခံရခက်၏။

ဒီကိစ္စက ခရမ်းသွေးပယောဂမကင်းဘူးဆိုတာ ချောစု တွေးဆ
လို့ရသွား၏။

နေဦး။

တွေးဆလို့ရဟာက နောက်မှာထား။

ခုလောလောဆယ် ကဗ္ဗီပါကို တွေ့ရဖို့ အရေးကြီးတယ်။

ဟုတ်တယ်။

ကဗ္ဗီပို့ကို တွေ့ဖို့ လိုအပ်တယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဟင်"

ဖိမ်ခံကားကြီး အိမ်ရှေ့လာရပ်ကတည်းက ဒေါ်ပန်းကုံ့ကော် အံ့ဩနေသည်။ ထိုကားပေါ်မှ အရပ်မြင့်မြင့် လူရွယ်တစ်ဦး ဆင်းလာတော့ ပိုအံ့ဩကာ။ အံ့ဩတာတွေရဲ့နောက်မှာ ဒေါ်ပန်းကုံ့ကော်နဲ့အတူ ဦးတင်မောင်လည်း မျက်မှောင်ကြုတ်ကြည့်မိလေသည်။

ထိုလူရွယ်က အိမ်ဝိုင်းလေးထဲ တန်းဝင်ပြီး ဟန်မဆောင်နိုင်တမ်း မေး၏။

"ကတ္တီပါ့မေမေနဲ့ဦးလေး ထင်ပါတယ်"

"ဟုတ်တယ်၊ ဘာကိစ္စလဲ"





ဒေါ်ပန်းကုံ့ကော်က ခပ်သွက်သွက်မေးလေသည်။ ထိုလူရွယ် မျက်လွှာလေးစင်းချ၍ ...

"ကျွန်တော် သက်တန့်ဖုံပါ"

"သက်တန့်ဖုံ"

ဦးတင်မောင်နဲ့ဒေါ်ပန်းကုံ့ကော် တအံ့တဩ ဖြစ်ရပြန်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော် သက်တန့်ဖုံပါ"

"သက်တန့်ဖုံ၊ မောင်ရင့်ကို ဦးတို့မသိဘူး"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း ဦးတို့ကို မသိပါဘူး။ ဒါပေမဲ့ ချောစုကို မေးပြီး လာခဲ့တာပါ"

ချောစုကိုမေးပြီး လာခဲ့တာတဲ့။ ချောစုဆိုတာ သမီးရဲ့သူငယ်ချင်းဆိုတော့ ဒေါ်ပန်းကုံ့ကော်တို့ စိတ်ဝင်စား၏။ ထို့ကြောင့် မေးရလေသည်။

"ဘာကိစ္စလည်း သက်တန့်ဖုံ"

"ကတ္တီပါ့ကို တွေ့ချင်လို့ပါ"

"သမီးကို"

ဒေါ်ပန်းကုံ့ကော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ထိုလူရွယ်ကို စူးစူးစမ်းစမ်း စိုက်ကြည့်ကြလေသည်။

အိမ်လေးရဲ့ဝဲစက်မြိတ်အောက်မှာရပ်လျက် လူရွယ်က ခေါင်းလေးညိတ်၏။ ဝရန်တာမှာထိုင်ရင်း လင်မယားနှစ်ယောက် ဝယ်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ အိမ်သုံးပစ္စည်းတွေကို ပြန်စစ်နေတဲ့ အလုပ်ကို ရပ်တန့်ကာ-

ထိုလူရွယ်ကို ပို၍ စူးစူးစမ်းစမ်းကြည့်ရင်း ဒေါ်ပန်းကုံ့ကော် စိတ်လှုပ်ရှားစွာ မေးလေသည်။

"သမီးကို တွေ့ချင်တယ်ဆိုတာ ဘာကိစ္စလဲ"

ထိုလူရွယ်ခေါင်းလေး ပို၍ ငုံ့ကျသွားသည်။

"ပြောလေကွာ၊ သမီးကို တွေ့ချင်တယ်လို့ ပြောရအောင် သမီးနဲ့မင်းနဲ့ ဘာပတ်သက်လဲ"

ဦးတင်မောင်က သိလိုတာကို ဒက်ခနဲ မေးလေ၏။ ဘာဖြစ်လို့လဲဆိုတော့ ပန်းကတ္တီပါဟာ သူ့သွေးသား သမီးရင်းမဟုတ်ပေမယ့် သမီးရင်းလို သူ တန်ဖိုးထားပါသည်။

ဒါကြောင့် ရှင်းရှင်းလင်းလင်း သိရအောင် မေးလိုက်ခြင်း ဖြစ်သည်။ ထိုအခါ လူရွယ်က ပြောရဆိုရမှာ အားနာဟန်နှင့် အမူအရာတွေ မငြိမ်မသက် ဖြစ်တည်သွားလေသည်။

"ပြောလေကွာ၊ သမီးနဲ့ ဘယ်လိုပတ်သက်လဲ"

"ချစ်သူ"

"ဘာ"

သူ တိုးတိုးလေး ပြောလိုက်ပေမယ့် အသံနှစ်သံက ကျယ်လွင်သွား၏။

"သမီးရဲ့ချစ်သူ ဟုတ် . . . ဟုတ်လား"





သူ ခေါင်းပဲညိတ်လိုက်တော့သည်။

ထိုအခါ ဦးတင်မောင်နဲ့ဒေါ်ပန်းကုံ့ကော် မယုံနိုင်ပါ။ ထို့ကြောင့် မြင်တူလိုလို ခေါင်းရမ်းလိုက်၏။

ဘာဖြစ်လို့လဲဆိုတော့ သမီးမှာ ချစ်သူမရှိတာ သူတို့သိနေသည်။ သမီးကို လိုက်လိုက်လှဲလှဲ လိုချင်နေသော ခေတ်ခါးခါး ရှိနေမှန်း သိသိ၏။

ခုမှ ဝုန်းဒိုင်းနဲ့ သမီးရဲ့ချစ်သူပါလို့ လာပြောနေတာက ဘယ်နည်းနဲ့မှ လက်မခံနိုင်တာမို့။

"ဦးတို့ မယုံဘူးကွ"

ဦးတင်မောင် ခပ်ပြတ်ပြတ်ပြောလျှင် သူ့ခေါင်းလေး ရိုကျိုးဟန် ဖြင့်သာ မော့လာပြီး –

"ယုံကြည်ပေးပါ ဦးလေး။ ကျွန်တော် တကယ်မညာပါဘူးဗျာ၊ မယုံရင် ကတ္တီပါ့ကို မေးကြည့်ပါ"

"သမီးကို မေးရအောင် သမီးက ဒီမှာမနေဘူး။ သမီးဘာသာ ချောစုတို့ရပ်ကွက်မှာ သီခြားနေတာကွဲ့"

"ကျွန်တော် သိပါတယ်။ ချောစုတို့ အခန်းတွဲအိမ်လေးမှာလည်း ကတ္တီပါ မရှိဘူး။ ဦးလေးတို့ဆီ ရောက်လာသလားလို့ လာမေးတာပါ၊ ပြီးတော့ ကတ္တီပါနဲ့တွေ့မှ ဖြစ်မှာမို့ပါ"

"ကျွတ် . . . မောင်ရင်ပြောနေတာတွေ ဒေါ်ဒေါ်တို့ နားမလည်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ဘူး၊ သမီးက ဘာလို ချောစုတို့ အခန်းတွဲမှာ ရှိနေရမှာလဲ မနေ့ညနေကပဲ ဒေါ်ဒေါ်ဆီကနေ သမီး ပြန်သွားတာ၊ နေဦး ချောစုကို မေးမယ်''

ဒေါ်ပန်းကုံ့ကော်က ပြောဆိုရင်း ချောစုဖုန်းကို ခေါ်ပြီးမေး လေသည်။

ထိုလူရွယ်က မျက်နှာလွှဲရင်း သက်မချ၏။ ဦးတင်မောင်က ထိုလူရွယ်ကိုကြည့်ရင်း တစ်ခုခုကို နားလည်နေသယောင်ယောင် ဖြစ် လာသည်။

''ဘယ်လို ... သမီးက ညက ပြန်မရောက်ဘူး ဟုတ်လား''

ဒေါ်ပန်းကုံ့ကော် တအံ့တသြရုံမက စိုးရိမ်တကြီး မေး၏။ ထို့ပြင် လူရွယ်ကို မော့ကြည့်သည်က ဘယ်လိုရှုပ်ထွေးမှုတွေဖြစ်ပြီးလဲ ဆိုတဲ့ မေးခွန်းများနှင့်။

လူရွယ်က ချက်ချင်းဆိုသလို မြေပြင်ပေါ်မှာ ဒူးထောက်ထိုင် ချလျှင် လင်မယားနှစ်ယောက် ပို၍ တုန်လှုပ်သွား၏။

''ကျွန်တော့်ကို ခွင့်လွှတ်ပါ''

''ဘာ''

''ဘာပြောတယ်ကွ''

''ခွင့်လွှတ်ပါ၊ ကတ္တီပါ ခုလိုရှောင်နေရတာ ကျွန်တော့်ကြောင့် ပါ၊ အဲဒီအတွက် အနူးအညွတ်တောင်းပန်ပါတယ်၊ အဲဒီအတွက်





ကတ္တီပါကို မိသားဖသားပီပီ ကျွန်တော် မင်္ဂလာဆောင်ပါ့မယ်''

''ဘာ''

လင်မယားနှစ်ယောက် မယုံနိုင်စွာ။ နားကြားလွဲတာလား၊ ဘာလားနှင့် ခေါင်းတရမ်းရမ်း ဖြစ်ကုန်သည်။ ဒါ့ပြင့် ဦးတင်မောင်က ဟုန်းခနဲ ဒေါသထွက်ကာ –

''မင်း ... မင်း ... သမီးလေးကို ယုတ်မာလိုက်ပြီပေါ့ ဟုတ် လား သက်တန့်ဖုံ''

ထိုမေးခွန်းကို သူ ဘယ်လိုဖြေရမလဲ။

''ပြောလေကွာ''

ဦးတင်မောင် အိမ်ရှေ့ကပြင်ပေါ် ထိုင်နေရာမှ ဂုန်းဆို ဆင်းကာ သက်တန့်ဖုံခေါင်းကို လက်နဲ့ပင့်မော့ရင်း မေး၏။

''ပြောလေကွာ၊ မင်း သမီးလေးကို ယုတ်မာလိုက်တယ်ပေါ့၊ ဟုတ်လားကွ''

ယုတ်မာတယ်ဆိုလည်း ယုတ်မာတယ်ပေါ့။ ဒီစကားလုံးကို သူ မချေပလိုတော့ပါ။ ဒါကြောင့် ခေါင်းညိတ်လိုက်၏။

ထိုအခါ ...

''ဟာ''

ဦးတင်မောင် စိတ်မထိန်းနိုင်တော့ပါ။

ဒီလောက် လိမ္မာရေးခြားရှိတဲ့ မိန်းကလေးကိုမှ ကြံစည်ရက်



www.burmeseclassic.com

www.burmeseclassic.com



လေခြင်းလို့ ခံစားရလျှင် ဦးတင်မောင်စိတ်က သမီးဖောနဲ့ တကယ် ပေါက်ကွဲသွား၏။

"ယုတ်မာဦးကွာ"

ဦးတင်မောင် လက်သီးဆုပ် တကယ်မြှောက်တက်သွားသလို ထိုလက်သီးနဲ့ ထိုးချလိုက်သည်က တအားဖြစ်၏။

"ခွပ်"

"အား"

နာကျင်ပေမယ့် သူ့မျက်လုံး စုံမှိတ်ထားလိုက်၏။

"ဘုရားရေ"

ဒေါ်ပန်းကုံ့ကော် ရုတ်ခြည်းရူးသွားချင်လောက်အောင် ထိထိ ရှရှ ခံစားရလေသည်။ သမီးလေးကို စော်ကားတဲ့သူက စော်ကား ပေါက်ကွဲပြီး ထိုးတဲ့သူက ထိုးနဲ့။

"ထိုးပါ၊ ဦးလေးကျေနပ်တဲ့အထိ ကျွန်တော့်ကို ထိုးပါ၊ ဒါပေမဲ့ . . . အဲဒီအတွက် ကျွန်တော့်ကို နားလည်ပေးပါ၊ ကတ္တီပါနဲ့ တွေ့ခွင့်ပေး ပါ၊ ကျွန်တော် တကယ်တောင်းပန်တယ်ဗျာ"

"ကဲကွာ"

"ကိုတင်မောင် တော်တော့"

ဒေါသနဲ့ ပေါက်ကွဲနေတဲ့ ခင်ပွန်းဖြစ်သူကို ဒေါ်ပန်းကုံ့ကော် ကမန်းကတန်း ဆွဲတားလိုက်ရသည်။ ထိုးတာကို မရှောင်ဘဲ ငြိမ်ခံနေ





တဲ့ ထိုလူရွယ်ကိုလည်း ဒေါ်ပန်းကုံ့ကော် သနားနေမိသည်။

"တော်ပါတော့၊ မောင်ရင်လည်း ပြန်ပါတော့၊ ဒီကိစ္စ သမီး ဖေဖေသိရင် ဒီထက်ပြဿနာပိုကြီးလိမ့်မယ်၊ မောင်ရင် ပြန်ပါတော့ ကွယ်၊ ဒေါ်ဒေါ်ပြောတာကို နားထောင်ပြီး ပြန်ပါတော့"

ဒေါ်ပန်းကုံ့ကော်က၊ ထိုလူရွယ်ကိုလည်း အတင်းနှင်ထုတ်၏။

"တောက်၊ တော်တော်လူပါးဝတဲ့ကောင်၊ မိမဆုံးမ ဖမဆုံးမ သား၊ မင်းကို ငါကိုယ်တိုင် သံတိုင်နောက် ထည့်မယ်ကွ"

"တော်ပါတော့ ကိုတင်မောင်ရယ်၊ အရှက်တွေ ကွဲကုန်ပါပြီ၊ ဟင့် ဟင့် ဟင့်"

ဒေါ်ပန်းကုံ့ကော် ခင်ပွန်းသည်ကို တားရင်း အရှက်သည်းစွာ ငိုချ၏။

"ဟင့် ဟင့် ဟင့် . . . သွားပါတော့၊ ရှင်လည်း တော်ပါတော့"

ထင်မှတ်မထားဘဲ ပြင်းထန်သွားတဲ့ ထိုအခြေအနေကို ဘယ်လို ဖြေရှင်းရမလဲ။

"ဒေါ်ဒေါ် . . . ကျွန်တော့်ကို ကြိုက်တဲ့အပြစ်ပေးပါ၊ ကျွန်တော် ကျေနပ်ပါတယ်၊ ဒါပေမဲ့ . . . ကတ္တီပါနဲ့တွေ့ခွင့်ပေးပါ၊ ကတ္တီပါ ကျေနပ် အောင် ကျွန်တော် တောင်းပန်ပါ့မယ်"

"ဟေ့ကောင် . . . မင်း ထွက်သွားကွ"

ဦးတင်မောင်က ပြောဆိုရင်း အိမ်အောက်က အုတ်ကျွတ်တန်း



www.burmeseclassic.com

www.burmeseclassic.com



ဆွဲ၊ ဘာဆွဲနှင့် ထိုလူရွယ်ကို ရိုက်ပြုဖို့အထိ တာရှေ့သွားချေ။

ဒေါ်ပန်းကုံ့ကော်က ထိုလူရွယ် အတင်းတွန်းဖယ်ပစ်သည်က ခြံပြင်အရောက်။

"သွားတော့၊ မြန်မြန်သွား"

ပြောဆိုနှင်ထုတ်သံ။ တားဆီးသံနောက်မှာ ဒေါ်ပန်းကုံ့ကော်၏ ငိုသံကြီး လွှမ်းမိုးသွားချေ။

"ဟီး"

✿ ✿ ✿



## အခန်း (၃၃)

"ကျွတ်"

သက်တန့်ရဲ့ မျက်လုံးစုံမှိတ်ကာ ခေါင်းရမ်းရင်း တစ်ဆက်တည်း လည်း အံတစ်ချက်ကြိတ်မိသွားသည်။ လက်သီးရှိန်ကြောင့် နှုတ်ခမ်းကွဲပြီး နာကြင်တာက နှလုံးသားထဲအထိ ရောက်၏။

ထို့ပြင် ရင်ထဲမှာလည်း ခံပြင်းခြင်းတွေ တဖွားဖွားဖြစ်လျက်။

သူ ဒီလိုကောင်မျိုး မဟုတ်ပါ။

လူတကာရှေ့မှာ ခေါင်းမော့ပြီး နေလာသူဖြစ်သည်။ သူ ဘာမှ မသိလိုက်ရဘဲ မှားသွားတဲ့အမှားတစ်ခုက လူယုတ်မာဆိုတဲ့ ခေါင်းစဉ်အောက် ရောက်သွားရတဲ့အဖြစ်ဆိုး။

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



တွေးမိရင်း ဒေါသက ပြေးပြေးဆောင့်လျှင် မျက်ဝန်းအရောင်ပါ ပြာတောက်သွား၏။ ဒါ့ပြင် ကွင်းကွင်းကွက်ကွက် ဖြစ်လာသည်။

ပန်းကတ္တီပါ။

ပွင့်ပွင့်လင်းလင်းဝန်ခံရင် ညီမလေးမွေးနေ့ပွဲမှာ စမြင်ဖူးပေမယ့် မြင်မြင်ချင်း သူ့စိတ် လှုပ်ရှားခဲ့ရသည်။

ညီမလေးရဲ့ဘယ်သူငယ်ချင်းမှမတူတဲ့ ကတ္တီပါရဲ့ဟန်မူရာလေးက သူ့ရင်မှာ တကယ်ငြိတွယ်စေသည်။

အထူးသဖြင့် ... အမှတ်မထင် သူ ခေါင်းမူးစဉ် အဖြစ်အပျက်လေးက သူ့ ဘဝကို အတော်လေး စိုးမိုးနိုင်စွမ်းခဲ့သည်။

ဘယ်မိန်းကလေးကိုမှ အာရုံမညွတ်ခဲ့ဖူးတဲ့ သူ့နှလုံးသား သူမလေးရဲ့အပြုအမူလေးတွေကို တစ်သက်လုံး ခံစားချင်စိတ်တို့ ဖြစ်တည်ကာ။

သို့သော် ... ထိုဖြည့်တည်မှုကို အဆိပ်အဖြစ်ပြောင်းလဲသွားစေတဲ့ ဖြစ်စဉ်တစ်ခု။ သူနဲ့သူ့ညီမကြား ဖြစ်ပျက်ခဲ့သည်က မယုံနိုင်စရာကောင်းလှသည်။

"ဘာ ... အန်တီတို့က ကိုကို့ကို ရိုးတယ်လို့ ထင်နေတယ်ပေါ့၊ အဲ့ပါရဲ့ အန်တီရယ်၊ ကိုကိုက အန်တီတို့ထင်သလို ရဟန္တာစိတ်ပေါက်နေတာ မဟုတ်ဘူး။ ခရမ်းမသိအောင် ခရမ်းသူငယ်ချင်းကို၊ ကိုကို့က ကိုကို့အိပ်ခန်းထဲ ..."





"ခရမ်းလေး"

သူ ဖိခေါ်လိုက်လျှင် ခရမ်းသွေးကိုယ်လေး တွန့်ခနဲဖြစ်ကာ အန်တီနဲ့ ဖုန်းပြောနေတဲ့ ခရမ်းသွေးလက်ထဲက ဖုန်းခွက်လေး ချလျက်သား ဖြစ်သွားသည်။

ခရမ်းသွေးဆီကို သူ ခြေလှမ်းကြဲကြဲ လှမ်းသွားပြီး ...

"ခရမ်းလေး ... ခရမ်းလေး ဘာတွေပြောနေတာလဲ"

သူ့ညီမ သူ့အကြောင်း ထိုသို့လိုက်ဖွနေလိမ့်မယ်လို့ သူ လုံးဝမထင်မှတ်ထားပါ။ ခုလို နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတော့ သည်းမခံနိုင်အောင် ဖြစ်ရလေသည်။

ဖြစ်ရုံမက စူးစူးရဲရဲကြည့်ပြီး မေးလိုက်မိသည်။ ခရမ်းသွေးကိုယ်လေး တွန့်ခနဲဖြစ်ပေမယ့် ဣန္ဒြေဆည်၍ မျက်နှာလေးမော့ပြီး ကိုကို့ကို ထိမထင်ကြည့်၏။

"ပြော ... ပြောလေကွာ၊ အန်တီတို့ကို ဘာတွေလျှောက်ပြောနေတာလဲ"

"ဘာမှမပြောပါဘူး ကိုကိုရဲ့၊ ကိုကို့အိပ်ခန်းထဲ ကတ္တီပါရောက်တဲ့အကြောင်း ပြောပြနေတာလေ"

"ဟာ ... ခရမ်းလေး ကိုကို့ကို အရှက်ခွဲနေတာလား"

"အမှန်အတိုင်း ပြောနေတာလေ"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



သက်တန့်ရုံ မျက်လုံးကြီးပြူးသွား၏။ ညီမဖြစ်သူကိုလည်း မယုံနိုင်အောင် စိုက်ကြည့်မိ၏။

ခရမ်းသွေးက သူ့မျက်နှာကို ရွှတ်ရွှတ်ချွဲချွဲ ကြည့်ရင်း …

"ကိုကိုက ဘာရှက်စရာရှိလဲ"

"ဟာ … ခရမ်းပြောနေတဲ့စကားက ဘယ်မျက်နှာနဲ့ ခွေမျိုးတွေကြားထဲ ကိုကို သွားလာလို့ရမလဲ၊ စဉ်းစားကြည့်စမ်း၊ နေပါဦး … ဒီအကြောင်းတွေ ဘယ်သူ့တွေဆီ လျှောက်ပြောပြီးပြီလဲ"

"ဒီနေ့မှ အန်တီသက်ကို ပြောပြတာ၊ အန်တီသက်ကို ပြောပြီးရင် အန်တီသွေးတို့၊ အန်တီမိတို့ကို ပြောမှာလေ"

"နေပါဦး … အဲဒီကိစ္စ ခရမ်းကို ကိုကိုပြောပြီးပြီပဲ၊ ကိုကို ရုတ်တရက်နေမကောင်းဖြစ်လို့ ကတ္တီပါက ပြုစုတာပါလို့၊ ဘာဖြစ်လို့ ကိုကိုပြောတာကို မယုံတဲ့ ဘာဘာညာညာ ပြောရတာလဲ … ခရမ်းလေးရယ်၊ မဟုတ်က ဟုတ်က ပြောပြီး ကိုကို့ကို ဘာဖြစ်လို့ အရှက်ခွဲရတာလဲ ညီမလေး"

"အရှက်ခွဲတယ်ထင်ရင် ထင်ပေါ့ ကိုကိုရဲ့"

"တောက်"

သူ့ခံပြင်းသွားကာ လက်တစ်ဖက်မြှောက်တက်သွား၏။ ခရမ်းက မျက်နှာကို မော့ထားလျက်နဲ့ …

"ကိုကိုက ခရမ်းကို ရိုက်ဖို့လား၊ ရိုက်ရဲ ရိုက်ကြည့်လေ





ကိုကို့အကြောင်း ဖွပစ်လိုက်မယ်"

"ဟာ"

သက်တန့်ရုံညီမဖြစ်သူကို မမြင်ဖူးသူတစ်ယောက်လို စိမ်းစိမ်းကြီး ကြည့်မိသည်။ ခရမ်းသွေးဟာ သူ့ညီမအရင်းဖြစ်လျက် ဘာကြောင့် ဒီလိုဖြစ်နေရတာလဲ။

ပက်ခနဲပြန်ပြောတဲ့ ညီမဖြစ်သူရဲ့စကားနောက်မှာ မြှောက်ထားတဲ့သူ့လက်တစ်ဖက် အလိုလို ပြန်ကျသွား၏။

သူ့ညီမပုံစံက အရင်လို အလိုလိုက်စရာ သိပ်ကောင်းတဲ့ ညီမအဖြစ် သူ ခံစားလို့မရတော့ပါ။

သူ့ဘဝ၊ သူ့အရှက်သိက္ခာကို ခွဲဖြပစ်ဖို့ အဆင်သင့်ဖြစ်နေတဲ့ ရန်သူတစ်ဦးလို မြင်ယောင်လာသည်။

"ခရမ်းသွေး"

"ခရမ်းကို ရင့်ရင့်သီးသီး မခေါ်ပါနဲ့ ကိုကို၊ ခရမ်းက ကိုကို့ထက် ငယ်တယ်၊ ဘာဘာညာညာ မစဉ်းစားတတ်ဘူး၊ မြင်တဲ့အတိုင်း ပြောမယ်ဆိုမယ်လေ၊ အဲဒါကိုမှ ကိုကို မကျေနပ်ရင် မတတ်နိုင်ဘူး၊ အေး … တစ်ခုတော့ရှိတယ်၊ အဲဒီကိစ္စ ကိုကို့ဘက်က ထုတ်မပြောစေချင်ရင် ခရမ်း ထုတ်မပြောဘူး"

သူ့ရင်မှာ လှိုက်ခနဲ ဝမ်းသာသွားကာ အားရပါးရ ပြောမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်တယ် ညီမလေးရယ်"

"အိုး ... ကျေးဇူးတင်ရုံနဲ့ မရဘူး၊ ကိုကို တစ်ခုခုတော့ ပြန်ပေးရမှာပေါ့"

"ဟင်"

သက်တန့်ဖုံ ပို၍နားမလည်တော့ပါ။

ခရမ်းသွေးက ဘာကိုမှမကြည့်ပါ။ ဖြစ်ချင်တာ၊ လိုချင်တာ ကသာ သူမရဲ့ရှင်သန်ရာ ဖြစ်သည်မဟုတ်လား။

ဒါကြောင့် ရဲရဲကြီးပဲ တောင်းဆိုလိုက်သည်။

"ခရမ်းတောင်းဆိုမယ် ကိုကိုပေးရင် ခရမ်း ဘယ်သူ့ကို ဒီအကြောင်း ထုတ်မပြောတော့ဘူး"

သူ့နှုတ်က ဆွံ့အသလို ဖြစ်သွား၏။

သူ့ညီမက ရန်သူနှယ် အပေးအယူပုံစံမျိုးနဲ့ အနိုင်ပိုင်း ကြိုးစားနေသည်မှာ အံ့ဩဖွယ်ထက် အံ့ဩဖွယ်ကောင်းလှသည်။

ပြီးတော့ ... ခနီးခနဲ့ ရယ်မောရင်း ခရမ်းသွေး တောင်းဆို သည်က ...

"မန်နေဂျာနဲ့လွဲထားတဲ့ ကိုကို့ရဲ့ စေတနာဖြူဖြူရတနာ အရောင်းစင်တာကို ညီမလေးကို လွှဲပေးရမယ်"

"ဟင်"

ညီမလေးရဲ့တောင်းဆိုမှုက ရင်အုံကို ဆောင့်တွန်းခံရသလိုပြ ကာ သူ့ကိုယ်ကြီး နောက်ပြန်ကျမတတ် ဖြစ်ရလေသည်။





သူ့ဂုဏ်သိက္ခာနဲ့ သူ့လုပ်ငန်းတစ်ခုကို သူ့ညီမလုပ်သူက အနုကြမ်းစီးသလို တောင်းဆိုနေတဲ့အဖြစ်။

"ဘာဆိုင်လဲ ညီမလေးရယ်"

"ဆိုင်,မဆိုင် ကိုကို့ဘာသာ ဆုံးဖြတ်ပါ၊ ကိုကို လွှဲပေးရင်"

"တော်တော့"

"ရတယ်လေ၊ ကိုကိုက ဂုဏ်သိက္ခာကို မမက်ဘူးဆိုမှတော့ ခရမ်းလည်း ..."

"မိခရမ်းသွေး"

သူ အားကုန်ဖိအော်လျှင် ခရမ်းသွေး ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။ ထိုရယ်မောသံက သူ့အရှက်သိက္ခာကို တစ်စစီ ဆွဲဖြဲ တော့မယ်ဆိုတဲ့သဘော။

သူ တစ်သက်လုံး ပြုစုပျိုးထောင်လာတဲ့ ဒီညီမက သူ့အတွက် ပြစ်ကင်းသန့်ပြီး မွှေးမြတဲ့ ချစ်စရာပန်းကလေးတစ်ပွင့် မဟုတ်တော့ ။ သူ နားလည်သွား၏။

ဒါကြောင့် ...

"ကောင်းပြီလေ ... ဖေဖေ မေမေ ဆုံးပါးပြီးကတည်းက ညီမလေးကို ကိုကို ပြုစုပျိုးထောင်လာခဲ့တဲ့ ကျေးဇူးတရားကို ညီမလေး သိမရှိရင်နေပါ၊ ဒါပေမဲ့ ... ကိုကို့ဂုဏ်သိက္ခာကိုတော့ ကိုကို အဆုံး ခံနိုင်ဘူး ညီမလေး။ ညီမလေး လိုချင်တယ်ဆိုမှတော့ ယူလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်နဲ့ပြောရုံနဲ့ မရဘူးနော် ကိုကို"

သူ့နှလုံးသားကို အချုပ်ကြိုးနဲ့ အတိုးခံရသလို နာကြင်ရပါသည်။ ထို့ကြောင့် သူ့မန်နေဂျာ ဦးထွန်းခကို ချက်ချင်းလှမ်းခေါ်လိုက်ပြီး ညီမလေးလက်ထဲကို စေတနာဖြူဖြူရတနာဆိုင်ရဲ့သော့ကို အပ်ပေးလိုက်ရသည်။

ထိုအဖြစ်က သူ့ရင်ထဲမှာ တစိမ့်စိမ့်စူးမျက်နေသလို ပန်းကတ္တီပါကိုလည်း ပုံစံတစ်မျိုးဖြင့် မြင်ယောင်လာသည်။

အကြောင်းက ...။

✿ ✿ ✿



## အခန်း (၃၄)

"မင်းညီမစိတ်ဓာတ်က ဘာလဲ"

သက်ကို မေးတာကို ပြန်ဖြေဖို့ သူ့မှာ ခွန်အားမရှိသလိုဖြစ်ရလေသည်။ ညီမလေးစိတ်ဓာတ်က ဘာလဲတဲ့။ ဖြေဖို့ ခွန်အားမရှိတာသက် မဖြေလိုတာမို့ ခေါင်းရမ်းပြလျှင် သက်ကိုက ထင်မြင်ချက်ပေးသလို ပြောဖ၏။

"သိပ်မရိုးသားတာထက် ပိုနေမလား သူငယ်ချင်း"

"ဘယ်လိုပိုတာလဲ"

"အရင်တုန်းက အဲလိုအခွင့်အရေးတောင်းဆိုတာမျိုး မရှိဘူးသူ။ ခုမှ ခုမှ တောင်းဆိုတာ ဘာကြောင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းက သူ့ကို တွေခနဲဖြစ်သွားစေသည်။

"ဟုတ်တယ်ကွ၊ ဒါ . . . အရေးတကြီး စဉ်းစားဖို့ လိုနေပြီကွ"

တိတ်ဆိတ်စွာ နားထောင်နေတဲ့ မေးခွန်းကလည်း ဝင်ပြော၏။ သူ တွေ့ခနဲဖြစ်နေရာမှ သက်ကို့ကို ငုံကြည့်ရင်း မေးဖြစ်၏။

"မင်းဆိုလိုတာက"

"ပူးပေါင်းကြံစည်တာ ဖြစ်နိုင်တဲ့သဘောမျိုးကွ"

သူ မျက်မှောင်ကြုတ်လျက် . . .

"ပူးပေါင်းကြံစည်တာ"

"ဟုတ်တယ်၊ ကိုယ့်အထင်ပြောရရင် ပူးပေါင်းကြံစည်တာမျိုး"

"ဘယ်သူနဲ့ ပူးပေါင်းကြံစည်မှာလဲ"

"ပန်းကတ္တီပါနဲ့"

"ဟင်"

သူ မျက်လုံးပြူးသွားသည်က လက်မခံနိုင်စွာ။ ထို့ကြောင့် ခေါင်းပါ တစ်ဆက်တည်း ရမ်းပြီး . . .

"မဖြစ်နိုင်တာကွာ"

"လျှော့မတွက်နဲ့ သက်တန့်၊ တချို့မိန်းကလေးတွေက ဒီလို ကြံတတ်တယ်"

"ဖြစ်နိုင်တယ်ကွ၊ ပြောရမယ်ဆိုရင် ခရမ်းကံ သူ့ဘာသာ





သုံးဟယ်၊ ဖြုန်းဟယ်နဲ့ ဇိမ်ကျပျော်ရွှင်ရွှင်နေတတ်တာကလွဲရင် အဲလို လုပ်တာ မရှိခဲ့ဖူးဘူး၊ နောက်ပြီး တခြားသူငယ်ချင်းတွေထက် ပန်းကတ္တီပါကိုမှ ဘာလို့ ဒီလောက်မျက်နှာသာပေးရလဲ၊ ပန်းကတ္တီပါကရော ခရမ်းသဘောအတိုင်း လိုက်လျောညီထွေ ဘာကြောင့် ရှိနေရတာလဲ၊ အဲဒီ အချိတ်အဆက်အားလုံးဟာ မင်းကို ခုတုံးလုပ်ဖို့ စနစ်တကျ ကြိုတင် ကြံစည်ထားတာမျိုး ဖြစ်ရမယ်"

"အဲဒီနေ့က ကိုယ် တကယ်ခေါင်းမူးခဲ့တာ၊ ကိုယ် ဟန်ဆောင်တာ မဟုတ်ဘူး၊ တကယ်ဖြစ်ခဲ့တာကွ"

"ဘာပဲဖြစ်ဖြစ်လေ၊ သူတို့ ကြိုတင်ကြံစည်တဲ့ အစီအစဉ် ရှိမယ်၊ မထင်မှတ်ဘဲဖြစ်လာတဲ့ အခြေအနေကို သူတို့ဘက်က ဒက်ခနဲ ဆုပ်ကိုင်လိုက်တာမျိုးပဲ၊ ဒါကြောင့်လည်း ပန်းကတ္တီပါက အပျိုလေးတန်မဲ့ အခန်းထဲ မဆင်မခြင်ဝင်တာ၊ ပြီးတော့ မင်းညီမက အမိဖမ်းတာ၊ အားလုံး သူတို့စာတ်တိုက်ထားတဲ့အတိုင်း ဇာတ်ကွက်နင်းသွားတာမျိုး"

သူ့သူငယ်ချင်းနှစ်ယောက် ဖြစ်နိုင်ချေတွေ ရှင်းပြနေပေမယ့် သူ လက်မခံနိုင်ပါ။

သူ ခေါင်းရမ်းရင်း . . .

"ကတ္တီပါကို မင်းတို့ယူဆသလို ကိုယ် မယူဆရက်ဘူး။ ဒါပေမဲ့ ကိုယ့်ညီမ ကိုယ့်ကို ဘာကြောင့် ဒီလိုလုပ်ရတာလဲဆိုတာကို စဉ်းစားလို့ ကို မရဘူး။ ရတနာစင်တာလွှဲပေးရလို့ နှမြောတာထက် အဲဒီတောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



မှုကို တောင်းဆိုရဲတာကို အံ့ဩတယ်၊ တကယ်ဆို ဒီရတနာဆိုင်စင်တာ သာမက ကိုယ်ပိုင်သမျှက ညီမလေး ပိုင်တာပဲ''

''ဒါလည်း သူ့အကြောင်းနဲ့သူ ရှိမှာပဲ၊ ဘာပဲဖြစ်ဖြစ် ကဗ္ဗီး ကို မင်းဘက်က သံသယမရှိဘူးဆိုရင်တောင် သတိထားရတော့မယ့် အခြေအနေ၊ ပြီးတော့ မင်းညီမကိုလည်း အရင်လို လွှတ်မထားနဲ့တော့ မင်းလည်း သတိနဲ့နေ''

သူငယ်ချင်းတွေ ပြောတာကို သူလက်မခံပေမယ့် သတိတော့ ထားနေရသည်။ ညီမလေးက ရတနာစင်တာကို ရသွားပြီးကတည်းက အရင်ကထက် ပိုမြူးနေသည်။

ရတနာစင်တာကို နေ့တိုင်းသွားပြီး ပစ္စည်းစာရင်းတွေ စစ်၊ ဘာညာစစ်နဲ့ အလုပ်ရှုပ်နေသည်ဟု သူ့မန်နေဂျာ ဦးထွန်းခ ပြောသည်။

သူ ဝင်မစွက်ဖက်တော့ပါ။ ရတနာလုပ်ငန်းကို ညီမလေး နားလည်သွားတော့လည်း တစ်မျိုးကောင်းတာပဲလို့ ဖြေတွေးနေခဲ့သည်။

ဒီလိုနဲ့ ...

တစ်ည ...။ ထိုညက ...။

✿ ✿ ✿



## အခန်း (၃၅)

ရောထွန်းနဲ့ သူ့ဇနီးတို့ရဲ့ ငါးနှစ်ပြည့်မင်္ဂလာအထိမ်းအမှတ်ည။ သူငယ်ချင်းအားလုံး စုံညီကြတာမို့ ပျော်လည်း ပျော်ကာ။

ဘယ်လောက်တောင် သူ သောက်စားဖြစ်သည်ကို မခန့်မှန်းတတ်တော့ပါ။ အမူးလွန်နေတဲ့သူကို သူငယ်ချင်းတွေ လိုက်ပို့တာကို သူ ခပ်ရေးရေးသာ သိ၏။

ထို့နောက်မှာ သူ့စိတ်အစဉ်က သတိလက်လွှတ် မျောပါနေခဲ့၏။ ဘယ်ဆီမျောပါနေတာလည်း သူ မသိပါ။

မျောတာတော့ မျောနေပါသည်။

ထိုမျောပါမှုတွေနောက်မှာ သူ့ခရီးသူ သွားနေခဲ့သည်၊ ထိုခရီးက



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားစရာကောင်းနေခဲ့သည်။

အထူးသဖြင့် . . . နွေးအိသော အတွေ့နှင့် တစ်ကိုယ်လုံး ဖိုလှိုက်ကာ။ လိုက်မမှီ အောင် မြန်ဆန်နေသော ခံစားမှုတွေက ရေလှိုင်းတွေနှယ်။

တလှုပ်လှုပ် ရုန်းကြွလှုပ်ရှားတာတွေနောက် မျောပါသွားသည်က သူ့ဘက်က ရပ်တန့်ပစ်ရန် ခက်ခဲနေသည်။

ဒါ ဘာခံစားမှုတွေလဲ။ တစ်ခါမှ မခံစားဖူးတဲ့ လှုပ်ရှားမှုတွေနောက်မှာ။ သူ့အသိတရား ကင်းမဲ့စွာ။

ဒါ အိပ်မက်လား။ ဘာလား။

ဒီခံစားမှုတွေ သူ့ရင်ခွင်ထဲ တိုးခွေ့ဝင်ရောက်လာတာ ဘာကြောင့်လဲ။ မျောပါနေတဲ့ သူ့စိတ်ကို သူ ကမန်းကတန်း ဖမ်းဆုပ်နိုင်အောင် ကြိုးစားရင်း သူ့ရင်ခွင်ထဲမှာ ငြိတွယ်သလို လှုပ်ဝပ်နေတဲ့ အတွေ့နွေးလေးဟာ ဘာလဲ။ သတိကြီးစွာ စူးစမ်းကြည့်လိုက်လျှင် –

"ဟင်"

သူ့ကိုယ်ကြီး လန့်လန့်ဖျပ်ဖျပ် ပြူဆင်းသွားပေ၏။ ရင်ထဲမှာလည်း နာမည်တစ်ခု လှိုက်ခါသွားလေသည်။

"ကတ္တီပါ"

မြတ်စွာဘုရား။

သူ့ဆံပင်တွေ ထောင်ထကုန်ပြီ။





သူ့မွေ့ရာပေါ် ပန်းကတ္တီပါ ဘယ်လိုရောက် ရောက်နေတာလဲ၊ ထိုမေးခွန်းနောက်မှာ သူ့စိတ်အစဉ် ပေါက်ကွဲသွား၏။

"မင်း"

ပန်းကတ္တီပါရဲ့လက်မောင်းနုစ်ဖက်ကို ဆုပ်ကိုင်လှုပ်ခါရင်း . . .

"မင်း အကျင့်ယုတ်လှချည်းလား ပန်းကတ္တီပါ"

ပြောဆိုရင်း ဆောင့်တွန်းပစ်လိုက်လျှင် နံရံထောင့်မှာ ပန်းကတ္တီပါကိုယ်လေး ခွေကျသွား၏။

သူ နောက်ပြန်လှည့်မကြည့်တော့။

"ထွက်သွား။ မင်းဟာ ငါ့ဘဝကို အနှောက်ယှက်ပေးတဲ့ မိန်းမ၊ တောက် သွား သွား။ သွား"

အရူးတစ်ယောက်လို သူ အော်ဟစ်မောင်းထုတ်နေမိသည်က အကြိမ်ပေါင်းများစွာ။

နောက်ဆုံးမှာ ဒေါသကြောင့် သူ့ကိုယ်ကြီး ပုံကျသွား၏။

သူ့ဘဝ၊ သူ့သိက္ခာ။

မျောသွားပြီကွာ။

တောက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ဘာ မြန်မြန်ပြောစမ်း သန္တာ"

"ကိုကို့ညီမက ကတ္တီပါ့ကို တစ်ခုခုကြံစည်နေတယ်လို့ သန္တာ ထင်တယ်"

သူ ဖုန်းခွက်ကို မြဲနေအောင် ကိုင်ထားရင်း ချက်ချင်းမေး လိုက်သည်။

"ဟုတ်တယ် ကိုကို၊ ခရမ်းက ကတ္တီပါ့ကို တစ်ခုခုကြံစည်နေ တာ သိပ်သိသာတယ်၊ ကတ္တီပါ့ကို ကြွေနေတဲ့ ခေတ်ခါးခါးနဲ့ အဆက် ဖြတ်ဖို့ပြောပြီး ခရမ်းက ခေတ်ခါးခါးနဲ့ တွဲတယ်၊ ပြီးတော့ ကတ္တီပါ့ကို ကိုကို့နဲ့ ခွဲယ်တာ၊ ဒါ . . . ဘာကြောင့်လဲ၊ သန္တာမသိပေမယ့် ညတုန်းက





ကတ္တီပါ့ကို ခေါ်သွားပြီး ခရမ်းက ပျော်ကြရအောင်၊ မြူးမြူးလေးကကြ ရအောင်ဆိုပြီး ဘီယာအပြင်းစားကို အချိုရည်ဆိုပြီး အတင်းညာတိုက် တော့တယ်၊ ကတ္တီပါ ငြင်းလို့မရအောင် တိုက်လိုက်တာ၊ ကတ္တီပါ ဘာမှန်း မသိတော့ဘူး၊ အဲဒါနဲ့ ကတ္တီပါ့ကို ပြန်ပို့ပေးမယ်ဆိုပြီး ခေါ်ထုတ်သွား တာ ညဉ့်နက်နေပြီ"

"ဟင်"

"ဟုတ်တယ် ကိုကို၊ သန္တာတို့လည်း ခရမ်းနဲ့ အစေးမကပ်တော့ လို့ လိုက်မသွားဘူး၊ ကတ္တီပါ့ကို တကယ်ပြန်ပို့လား၊ မပို့လား၊ ဒါမှမဟုတ် ပြန်ပို့မယ်ဆိုပြီး ခေါ်ထုတ်သွားပြီး ဘာကြံစည်မလဲဆိုတာ သန္တာတို့ တွေးမိသေးတယ်၊ အဲလိုလုပ်တာက ကတ္တီပါ့ကို တစ်ခုခုကြံစည်ချင်တဲ့ စိတ်ရှိလို့ဆိုတာ သန္တာကြုံဖူးလို့ သန္တာ သိနေတယ်၊ အဲဒီအကြောင်း ကိုကို့ကို ပြောသင့်၊မပြောသင့် စဉ်းစားရင်း ပြောသင့်တယ်ထင်လို့ ခုလို ဖုန်းဆက်ပြောမိတာ၊ အဲဒီအတွက် သန္တာကို စိတ်မဆိုးပါနဲ့၊ ကိုကို့ညီမ စရိုက်ကို ကိုကို သတိထားနိုင်အောင် သန္တာ ပြောပြတာပါ၊ သန္တာပြော တာကို ကိုကို ယုံလားဟင်"

"တောက်"

သက်တန့်ရုံ သတိလက်လွတ်ဖြစ်ကာ ခံပြင်းစွာ တောက်ခတ် မိသွား၏။ သန္တာက လန့်လန့်ဖျပ်ဖျပ်လေး ဖြစ်လျက်။

"ကိုကို့ညီမအကြောင်း ပြောပြလို့ ကိုကိုက သန္တာကို မရော့



www.burmeseclassic.com

www.burmeseclassic.com



နှစ်တာလားဟင်''

''မ မဟုတ်ဘူး၊ ဆောရီး သန္တာ ...ဆောရီး၊ သန္တာ့ကို ကိုကို ကျေးဇူးတင်ပါတယ်၊ တကယ်ကျေးဇူးတင်ပါတယ်''

''ကျေးဇူးတင်စရာ မလိုပါဘူး ကိုကို၊ သန္တာက ခရမ်းရဲ့အကျင့်ဆိုးကို ကိုကိုသိအောင် စေတနာနဲ့ ပြောတဲ့သဘောပဲ၊ ဒါပါပဲ ကိုကို''

သန္တာလှိုင်ပြောပြီး ဖုန်းချသွားလျှင် သက်တန့်မှာ ငူငူကြီးထိုင်နေရာမှ ဝုန်းခနဲ ထမိသွားသည်။

ခရမ်းသွေးရဲ့အကျင့်ဆိုး။

ထိုအကျင့်ဆိုးက ကဗ္ဗီပို့ါဘဝကို ပျက်စီးစေသလို၊ သူ့ဆီက ပိုင်ဆိုင်မှုတွေကို အကျပ်ကိုင် တောင်းဆိုခြင်းနဲ့ ခရမ်းသွေးစိတ်ဓာတ်က အတော်ဆိုးဝါးနေမှန်း သိလိုက်ရတဲ့အချိန်မှာ အရာရာ လွန်ကုန်ပါပြီ။

အထူးသဖြင့် ...

သူ့ကြောင့် ကဗ္ဗီပို့ါရဲ့အပျိုစင်ဘဝလေး ဆုံးရှုံးရရုံမက သူကိုယ်တိုင် သံသယစိတ်နဲ့ နှင်ထုတ်မိတဲ့ဖြစ်စဉ်က ကဗ္ဗီပို့ါစိတ် ဘယ်သို့ဖြစ်စေမလဲ။

ထိုမေးခွန်းထက် သူ့ကိုယ်သူ နောင်တတွေ ရနေမိသည်။

တကယ်ဆိုရင် ကဗ္ဗီပို့ါကို သူ့ဘက်က ပွင့်ပွင့်လင်းလင်း ထုတ်မေးခဲ့ဖို့ ကောင်းပါသည်။

ခုတော့ ...။ ညီမဖြစ်သူကို ချစ်ခင်လို့မရအောင် ခံစားရသလို





ကဗ္ဗီပို့ါကိုလည်း အစွမ်းကုန် သနားနေမိသည်။

ထို့ကြောင့် ...

ကဗ္ဗီပို့ါကို တောင်းပန်လိုဇောနှင့် ဝုန်းခနဲ ထမိတဲ့ သူ့ကိုယ်ကြီးက ဒရောသောပါသွားသည်က ကဗ္ဗီပို့ါအိပ်ခန်းလေးအရောက်။

ထိုမှတစ်ဆင့် ကဗ္ဗီပို့ါမိဘ။

ကဗ္ဗီပါ ဘယ်မှာလဲ။

တွေ့လိုဇောက ပြင်းနေပေမယ့် တွေ့ခွင့်မရရုံမက အထိုးခံခဲ့ရတာ အရင်။

အထိုးခံရလို့ နာတာထက် လူယုတ်မာလို့ အစွပ်စွဲခံရတာက ပိုဆိုးသေး။

ဒါ့ပြင် သူ့အမှားအတွက် ဒူးထောက်တောင်းပန်တာကို လက်ခံတဲ့အပြင် နှင်ထုတ်ခံရတော့ သူ့ဒေါသက ရင်ထဲမှ ခုန်ထွက်ကာ တစ်ဟုန်ထိုး ပြေးလွှားသွားသည်က ခရမ်းသွေးဆီ။

တွေ့ကြသေးတာပေါ့ မိခရမ်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"မင်းက"

မြို့ပြင်မှာ ကားတစ်စီးနဲ့ ယောက်ယက်ခတ်နေတဲ့ လူရွယ်။ ခြံထဲချောင်းကြည့်ရင်း ဗျာများသလို ဖြစ်နေတာကို သက်တန့်ဖုံ မြင်လေသည်။

ထိုအခါ

သက်တန့်ဖုံ ကားကို ထိုလူရွယ်နား ကပ်ရပ်၍ မေးလိုက်သည်။ လူရွယ်က သူ့ဘက် လှည့်ကြည့်ရင်း . . .

"ခရမ်းကို စောင့်နေတာပါ"

"ခရမ်းကို စောင့်နေတယ်ဆိုတော့ မင်းက ဘယ်သူလဲ၊





ခေတ်ခါးခါးလား"

"ဟုတ်တယ် အစ်ကို၊ အစ်ကိုနဲ့ခရမ်းက ဘာတော်လဲ"

ခေတ်ခါးခါးက ခေါင်းလေးညိတ်ရင်း မေးလိုက်သည်။ သက်တန့်ဖုံ ပြန်မဖြေ။ ခြံတံခါးကို ရီမုနဲ့ဖွင့်ပြီး ကားကို ခြံထဲမောင်းသွင်းကာ တံခါးကို ရီမုနဲ့ ပြန်ပိတ်လိုက်၏။

ခေတ်ခါးခါးက ခေါင်းလေးကုတ်ရင်း ကျန်ခဲ့ကာ ခြံဝင်းထဲပဲ ချောင်းကြည့်ရင်း ခရမ်းအလာကို မျှော်နေလိုက်သည်။

သက်တန့်ဖုံ ကားကို ပေါ်တီကိုအောက်မှာ ရပ်ပြီး တိုက်ထဲ အခန်းဝင်သွားသည်။

အရင်ဆုံး သူ့ညီမအခန်းရှိရာ အပေါ်ထပ်တက်သွားသည်။ ခရမ်းအခန်းတံခါးကို ဖွင့်ကြည့်၏။ အခန်းထဲမှာ ခရမ်းကို မတွေ့ရပါ။ အခန်းထဲ ဗီရိုအားလုံး ဟင်းလင်းပွင့်နေသော်လည်း အဝတ်တစ်စုံမှ ရှိမနေပါ။

ဒါ ထူးခြားနေသည်။

ချက်ချင်း အောက်ထပ်ဆင်းကာ အခန်းတစ်ခန်းပြီးတစ်ခန်း ကြည့်၏။ အောက်ထပ်မှာ အိပ်ခန်းလေးခန်းတိတိ ရှိသည်။

အရင်က သူ့မိဘနှစ်ပါးနေတဲ့အခန်း။ ပြီးတော့ သူ့အခန်း။ သူ့မိဘဆုံးပြီးနောက်မှာ သူ့အခန်းနဲ့ သူ့မိဘအခန်းကိုပေါင်းကာ အခန်းကျယ်ကြီးပြင်ဆင်၍ သူနေခဲ့တာ ယခုချိန်ထိ။



www.burmeseclassic.com

www.burmeseclassic.com



အခြားအခန်းနှစ်ခုမှာ ခရမ်းကိုမတွေ့တော့။ သက်တန့်
သူ့အခန်းကို လှမ်းခနဲသွား၏။

အခန်းဝရပ်ရင်း နားစွင့်လျှင် သူ့အခန်းထဲက လှုပ်ရှားသံ
ကြားရ၏။ ထိုအခါ သက်တန့်ဖုံနား တိုးကပ်၍ ဟဟလေး ပွင့်ရုံပွင့်နေ
အပေါက်ကနေ ချောင်းကြည့်လိုက်၏။

"ဟာ"

သက်တန့်ဖုံ နှုတ်ခမ်းလေး အံ့ဩလွန်းကာ ပွင့်ဟသွားသ
မျက်လုံးအစုံလည်း တကယ်ပြူး၏။

ကြည့်စမ်း ...

နံရံမှုပ် ရတနာဗီရိုကြီးကိုဖွင့်ကာ အဆင့်လိုက်ထည့်ထား
ရတနာတွေကို အဝတ်အိတ်ထဲ ကျုံးထည့်နေသည့် ခရမ်းသွေး။

ဒီရတနာတွေက မာမီတို့ဘိုးဘွားလက်ထက်မှ ပိုင်လာ
ရတနာတွေ။ နောက်ပြီး မာမီက ရတနာချစ်သူ။ ရွှေ၊ စိန်၊ ပတ္တမြား
နီလာ၊ ဥဿဖရား စသည်ဖြင့် ရတနာမှန်သမျှ ကြိုက်နှစ်သက်သ
အမျိုးမျိုး ဒီဇိုင်းထွင်ပြီး ဝတ်ဆင်တတ်သူ။

အိမ်နေရင်းတောင် အလှပြင်ပြီး ရတနာဆင်မြန်းကာ ကြေ
အောင် နေလာသူ။

ထို့ကြောင့် မာမီ့ရဲ့လက်ဝတ်ရတနာဟာ တင်းတောင်းကြီး
ခပ်သိုန်လို့ရအောင် များပြားလှသည်။





ထိုရတနာအထည်တွေကိုလည်း အကန့်လိုက်စီခြယ်ထားသည်
မာမီရဲ့လက်ရာအတိုင်း မပျက်ယွင်းအောင် သူမြတ်မြတ်နိုးနိုးထားရှိခဲ့
သည်။

ယခုတော့ သူ့ညီမက မြတ်နိုးဖို့နေနေသာသာ လိုချင်ဇောနဲ့
ကျုံးကျုံးပြီး ထည့်နေတာက ရင်ထဲမှာထိထိရှရှ ခံစားရစေသည်။

ဒီပုံစံမျိုး မာမီသာတွေ့ရင် ရင်ဘတ်စည်းတီးဖြစ်မှာ သေချာ
သည်။ သူလည်း မာမီ့ကိုယ်စား ရင်ဘတ်စည်တီးဖြစ်လိုက်ချင်၏။

သို့သော်လည်း သူ့ကိုယ်သူ သတိနဲ့ထိန်းကာ အခန်းတံခါးကို
တင်းလင်းဖွင့်ချလိုက်သည်။

"ဟင်"

ခရမ်းသွေး တံခါးဘက်ကြည့်လျှင် သက်တန့်ဖုံကို မြင်သွား
သည်။

ထိုအခါ –

ကိုကိုလို့ပင် အသံမထွက်နိုင်ဖြစ်ကာ ကျုံးယူပြီး အိတ်ထဲထည့်
တဲ့ ခရမ်းလက်ထဲက ရတနာတွေ တစ်ခုပြီးတစ်ခု လွတ်ကျသွား၏။

ရတနာတွေရဲ့ထိခတ်သံက ခရမ်းရဲ့ရင်ခုန်သံကို မြန်ဆန်ကုန်
သည်။

"ဘာလုပ်နေတာလဲ ခရမ်း"

သူ တည်ငြိမ်စွာ မေးလိုက်သည်။ ခရမ်း မျက်နှာကြီး ပြာတူး



www.burmeseclassic.com

www.burmeseclassic.com



ကာ ဘာပြောလို့ ပြောရမှန်းမသိအောင် ချောက်ချားသွား၏။

အရောင်စုံး ပြိုးပြိုးပြက်ပြက်လင်းလက်နေတဲ့ ရတနာတွေ ကြည့်ရင်း ခရမ်းရင်ထဲမှာ ထိန်းမနိုင် သိမ်းမရဖြစ်ကာ –

"ကိုကို မတရားဘူး"

"ဘာကွ"

"မာမီ့လက်ဝတ်ရတနာတွေ ကိုကို ဝှက်ထားတာလေ"

သူ့မျက်နှာလေး မဲ့လိုက်မိသည်။

"ကိုကိုပြောတုန်းက မာမီ့ပစ္စည်းအားလုံး ရတနာဆိုင်မှာ ထေ ရောင်ထားတယ်ဆို၊ အဲဒီပစ္စည်းတွေ ရတနာဆိုင်မှာ တစ်ခုမှမရှိဘူး ကိုကို့မန်နေဂျာ ပြောတယ်၊ ဒါကြောင့် ကိုကို့အခန်းထဲ ဝင်ရှာထ တွေ့လို့ ခရမ်းယူတာ၊ ကိုကို ဘာမှမပြောပါနဲ့၊ ဒီပစ္စည်းတွေ ခရမ်းပိုင် တယ်"

ပြောဆိုရင်း၊ ခရမ်းက လက်မြန်စွာပင် ရတနာပစ္စည်းတွေ ကျုံးထည့်ပြန်သည်။ သက်တန့်ဖုံ ရပ်ကြည့်ရင်း ရင်ထဲမှာ တကယ် ရှသွားသည်။

ရတနာစင်တာတစ်ခုလုံး ရလိုက်တာကိုတောင် မကျေနပ်သေး တဲ့ ခရမ်းသွေး။ ခုတော့ မြတ်နိုးလွန်းလို့ သိုဝှက်သိမ်းဆည်းထားတဲ့ မာမီ့ပစ္စည်းတွေကို ဘီလူးသရဲဆန်စွာ သိမ်းဆည်နေလေသည်။

ထိုအခါ သူ့ရင်ထဲမှာ အနှစ်နှစ်အလလ မျိုးသိပ်ထားတဲ့ ခံစား





ချက်တွေ ကို ဆက်လက်မျိုသိပ်နိုင်ဖို့ စွမ်းအားမရှိတော့ပါ။

ထို့ကြောင့် . . .

"ဟုတ်တယ် ခရမ်း၊ ခရမ်းက အဲဒီရတနာတွေကို တန်ဖိုးကြီး လို့ လိုချင်တယ် မဟုတ်လား"

"ဒါ . . . ခရမ်းထိုက်သင့်လို့ ခရမ်း ယူရမှာပဲ"

"အေး . . . အဲဒီရတနာထက် တန်ဖိုးရှိတဲ့ ပစ္စည်းသုံးမျိုး သေးတယ်"

"ဘာ ဘာ . . . ဒီ ဒီရတနာတွေထက် တန်ဖိုးရှိတဲ့ ပစ္စည်းက မျိုးတောင် ရှိသေးတယ်၊ ဘယ်မှာလဲ ကိုကို"

ခရမ်းသွေး ရတနာတွေကျုံးတာ ရပ်တန့်ရင်း လှိုက်လှိုက်လှဲလှဲ ရင်း အစ်ကိုဖြစ်သူနား ပြေးကပ်သွား၏။

အစ်ကိုဖြစ်သူက ခေါင်းလေးဆတ်၍ မာမီ့အဝတ်ဗီရိုတံခါးကို င့်လိုက်၏။

မာမီ့အဝတ်အထည်တွေ နဂိုအတိုင်း အစီအရီ။ ပြီးတော့ ဆွဲတစ်ခုကို ဆွဲဖွင့်လျှင် ခရမ်းသွေး ရှူးရှူးမှူးမှူး ပြေးကြည့်၏။

ထိုအံဆွဲထဲမှာ ထိုရတနာအားလုံးထက် တန်ဖိုးကြီးသော နာသုံးခုဆိုတာ ဘာရတနာလဲပေါ့။

ခရမ်းသွေး စူးစူးစိုက်စိုက်ကြည့်၏။ ထိုအခါ သက်တန့်ဖုံက ဘင်အိတ်လေးဖြင့် ထည့်ထားတဲ့ အထုပ်လေးတစ်ထုပ်ကို ဆွဲယူပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လိုက်လျှင် ပရုပ်နံ့သင်းသင်းလေးကို ခရမ်း ဦးစွာရှူလိုက်ရသည်

ထို့နောက် ကိုကို ထုတ်ပြသည့် တစ်ခုချင်းကို ကြည့်လို သည်။ မီးပူတိုက်ထားလို့ ခေါက်ရိုးကျိုးနေတဲ့ အဝတ်ပိုင်းလေးတစ်ပိုင် အဝတ်စရှည်တစ်ပိုင်းနဲ့ မွေးကင်းစဝတ်တဲ့အကျီသေးသေးလေး ထည်။

ထိုသုံးထည်စလုံးက အသစ်မဟုတ်ပါ။

ဟောင်းဟောင်းနွမ်းနွမ်းလေးပါ။

သို့သော်လည်း လျှော်ဖွပ်ပြီး တယုတယ မီးပူတိုက်သိမ် တာမို့ သပ်သပ်ရပ်ရပ်လေး ဖြစ်နေခြင်း။

တစ်ခုချင်းကို သက်တန့်ဖုံဖြန့်၍ ခရမ်းသွေးခေါင်းနဲ့ပခုံ ဖက်ပေါ် တင်ပေးလိုက်သည်။

"အဲဒါဟာ မင်းအတွက် တန်ဖိုးအရှိဆုံးပဲ ခရမ်းသွေး"

"ဟင်"

ခရမ်းသွေး ဓာတ်လိုက်ခံရသလို အံ့သြသွားကာ ကိုကို မော့ကြည့်လေသည်။ ထိုအခါ ကိုကိုက နံရံမှာ ပုံကြီးချဲ့ပြီး ချိတ်ထား ဒယ်ဒီနဲ့မာမီရဲ့ ကျက်သရေရှိလှစွာသော မွေ့ဘောင်ကွပ်ဓာတ်ပုံကြီ မော့ကြည့်ရင်း တစ်လုံးချင်း ပြောဏ်။

"မွေးကင်းစအရွယ် မင်းကို လမ်းဘေးက ကောက်ယူခဲ့တုန် မင်းနဲ့ပါလာတဲ့ အဝတ်သုံးထည်"





"ဘုရားရေ"

ခရမ်းသွေး မျက်လုံးကြီး ပြူးသွားလေသည်။

"မင်းကိုသာ ဒယ်ဒီနဲ့မာမီ မကောက်ခဲ့ရင် မင်းဟာ အဲဒီလမ်း ဘေးမှာ ပုရွက်ဆိတ်ကိုက်ပြီး သေမလား၊ ခွေးချီတာကို ခံရမလားဆို တာ ဘယ်သူမှ မသိနိုင်ဘူး၊ အေး ... ကလေးငိုသံကြားလို့ ညကြီး မင်းကြီး ကိုယ်တိုင်တိုက်ထဲက ပြေးထွက်ပြီး ရှာကြည့်တော့မှ မင်းလေးကို အဲဒီအနီးပိုင်းလေးတွေနဲ့ထုပ်ပြီး ရေမြောင်းကြားထဲ ထည့်ထားတာ မြင် လိုက်ရတယ်၊ အဲဒီအချိန်မှာ မင်းတစ်ကိုယ်လုံး ပုရွက်ဆိတ်တွေ အုံခဲ နေတာလေ"

"ဘုရားရေ"

ခရမ်းသွေး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ၊ မယုံနိုင် သော စိတ်ရိုင်းဖြင့် ခေါင်းတွင်တွင်ခါရမ်းနေမိသည်။

ဟင့်အင်း။ မ ... မဟုတ်ဘူး။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ကြားလား ကလျာ . . . ကလေးငိုသံ"

ဒယ်ဒီက မာမီ့ကို ပြောနေခြင်း။ မာမီက စိတ်ရှုပ်ဟန်ဖြင့် -

"ရှင် မူးမူးရူးရူး လျှောက်ပြောမနေနဲ့၊ အိပ်စမ်းပါ၊ ညဉ့်
နက်လှပြီ"

"တကယ်ပြောတာကွ၊ ကိုယ် ခြံထဲဝင်ကတည်းက ကြားနေ
ရတာ၊ ခုလည်း ကြားနေရတယ်"

ဒယ်ဒီပြောလို့ သူ နားစိုက်ထောင်မိသေးသည်။ ဘာသံမှလည်း
မကြားရ။ စက်ရုံက ညဉ့်နက်မှ ပြန်ရောက်လို့ ဒယ်ဒီ့ကို မာမီ မကြည်





လင်ရတဲ့ကြားထဲ ဒယ်ဒီက မအိပ်သေးဘဲ ထိုသို့ တပြောတည်း ပြော
နေခြင်း ဖြစ်သည်။

မာမီက ဒယ်ဒီပြန်လာမှ အိပ်မှုန်စုံမွှားနဲ့ ထပြီး ဒယ်ဒီ့ကို
တံခါးဖွင့်ပေး ဘာညာဆိုတော့ အိပ်ချင်ဇောနဲ့ အိပ်ဖို့ပဲ ပြော၏။

ဒယ်ဒီကလည်း မာမီပြောတဲ့အတိုင်း နည်းနည်းတော့ မူးနေ
ပါသည်။ မူးနေပေမယ့် ဒယ်ဒီက ပြောနေဆဲ။

"ကြား ကြားလား ဝဲ ဝဲ ဝဲ နဲ့ အော်နေတာ"

မာမီက အရေးမလုပ်ပါ။ ဒယ်ဒီ့ကို ကျောပေးပြီး အိပ်နေပြန်
သည်။ ဒါပဲပြောပြီး မွေ့ရာပေါ် ငုတ်တုတ်ထိုင်နေတဲ့ ဒယ်ဒီ့ကို သူ
သနားလှသည်။ ဒယ်ဒီပြောတာကို သူ ယုံကြည်ပေးလိုသည်။

ထို့ကြောင့် ဒယ်ဒီတို့အခန်းထဲမှာ ခုတင်တစ်ခုနဲ့ သီးခြားအိပ်
ခွင့်ရတဲ့သူက အိပ်ရာပေါ်မှ ခေါင်းထောင်ထ၍ . . .

"ဟုတ်တယ် ဒယ်ဒီ . . . ကြားရတယ်၊ မာမီရေ . . . တကယ်
ငိုနေတာ အူဝဲ အူဝဲနဲ့"

သူက ပိုပိုသာသာပြောလိုက်၏။ ထိုစဉ်က သူ ဆယ့်တစ်နှစ်ပါ။
သူ ကြားတယ်လို့ ထပြောတော့ ဒယ်ဒီ တအားတက်သွား၏။

"တွေ့လား၊ သားလည်း ကြားတယ်တဲ့"

"လာ ဒယ်ဒီ . . . သားတို့ လိုက်ရှာကြည့်မယ်"

"အေး ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဒယ်ဒီ့စကားကို ယုံကြည်ပေးလိုတာကြောင့် ပြောပေမယ့် ဒယ်ဒီ အားတက်သရော ဖွေ့ရာပေါ်မှ ဆင်းလေသည်။

သားအဖနှစ်ယောက် အခန်းထဲ ထွက်သွားတော့ ဒေါ်ကလျာ ချို အိပ်ချင်စိတ် ပြယ်သလိုဖြစ်၏။ ဒီသားအဖနှစ်ယောက် ထွက်သွားမှပဲ သူမနားထဲ ငိုသံကြားသလိုလို ဖြစ်လာသည်။

ဝဲ ဝဲ ဝဲ

အသံလေးက တိုးတိုးတိမ်တိမ်လေးရယ်။

ဟုတ်ပဲ ဟုတ်ရဲ့လား။

ဒေါ်ကလျာချို မယုံချင်သော်လည်း အိပ်ရာပေါ် နေလို့မရဖြစ်ကာ သားအဖတွေနောက် လိုက်ထွက်ခဲ့သည်။ သားအဖနှစ်ယောက် ခြံဝင်းအနှံ့ လိုက်ရှာနေတော့ ဒေါ်ကလျာချိုလည်း လက်ဆွဲတော် ဒေါ်ယုကို အိပ်ရာမှ ခေါ်ထ၍ ထိုသားအဖနှစ်ယောက်နောက် လိုက်သွားလိုက်၏။

"ခြံဝင်းထဲက • မဟုတ်ဘူး ဒယ်ဒီရ၊ ခြံပြင်ဘက်ကပဲ၊ ကြားလား သေချာနားထောင်ကြည့် ဒယ်ဒီ"

ဒယ်ဒီပြောတုန်းက သူ မကြားဘဲ ကြားတယ်လို့ ပြောခဲ့သည်။ ခြံဝင်းထဲဆင်းပြီး နားစွင့်လျှင် တကယ်ပဲ ကလေးငိုသံလေး ကြားရတော့ သူ့စိတ်အစဉ် အားရဝမ်းသာလှုပ်ရှားသွားသလို အသံကို အာရုံစူးစိုက်ရင်း ရှာဖွေနေမိသည်။





တကယ်ပါပဲ။

အသံက အပြင်ဘက်က လာတဲ့အသံ။

ဦးကျော်မိုး လှိုက်ခနဲဝမ်းသာသလို၊ ကမန်းကတန်း ခြံတံခါး ဖွင့်ပြီး ခြံပြင်မှာ ရှာကြသည်။

သူတို့လမ်းက ပြောင်ရှင်းနေသည်။ ခြံဝင်းအပြင်ဘက်မှာ ပလက်ဖောင်း၊ ပလက်ဖောင်းနှင့် တစ်ဆက်တည်းလမ်းဖြစ်သည်။

လမ်းတစ်လျှောက်ကြည့်တော့လည်း ဘာမှမမြင်။

သားက ကလေးပီပီ ဟိုဘက် ဒီဘက် စူးစူးစမ်းစမ်း လိုက်ကြည့်ရင်း ... သူတို့ခြံကျယ်နဲ့ တစ်ဖက်ခြံကျယ်ကြား ကွန်ကရစ်ရေမြောင်းနားရောက်လျှင် –

"ဒယ်ဒီရေ ဒီနားက အသံပိုကျယ်တယ်၊ ဓာတ်မီးယူခဲ့ ဒယ်ဒီ၊ ဓာတ်မီးနဲ့ ရှာကြည့်ရအောင်"

သားပြောတဲ့အတိုင်း တကယ်ပဲ ဓာတ်မီးနဲ့ ထိုးရှာတော့ –

"အေး ... ဟုတ်တယ်ကွ၊ ဟုတ်တယ်"

ရေမြောင်းအောက်မှာ လူးလွန့်နေတဲ့ မွေးခါစ ကလေးလေး။

"ဘုရားရေ"

ဒေါ်ကလျာချိုနဲ့ ဒေါ်ယု မယုံနိုင်အောင်ဖြစ်ကာ ကလေးလေးကို ရေမြောင်းတွင်းမှ ထုတ်ယူလျှင် –

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်က ငိုယိုကာ ကန်ထားသောကြောင့် ပြေနေတဲ့ အနှီးစကြားရှိ ကလေးကို သိအနံ့ ပုရွက်ဆိတ်ပဲတွေ အုံခဲနေသည်။

ကြည့်စမ်း။

ပုရွက်ဆိတ်ကိုက်လို့ ဒီကလေး ဒီလောက် ငိုနေတာကိုး။

ဘုရား ဘုရား။

ထိုကလေးကို သူတို့တွေ တိုက်ထဲ ကမန်းကတန်းခေါ်သွင်းပြီး ပုရွက်ဆိတ်တွေ ဖယ်ရှားကြသည်။

ပုရွက်ဆိတ်တွေ ဖယ်ရှားရင်း မာမီက ပြောသည်။

"သမီးလေးတဲ့"

"ဟာ"

ဒယ်ဒီ တအားဝမ်းသာသွားပါ။

"သား၊ သား ညီမလေး ရပြီကွ၊ ဟား ဟား ဟား"

ဒယ်ဒီက အားရဝမ်းသာပြောလျှင် သူလည်း ဝမ်းသာသွားသည်။ ညီမလေးလို့လည်း အကြိမ်ကြိမ် ရွတ်မိသည်။

"ဒီကလေးက ရက်သားအရွယ်လေးရယ်၊ အလွန်ဆုံးရှိလှ တစ်ရက်ပေါ့"

ရွာမှာတုန်းက လက်သည်လုပ်ဖူးတဲ့ ဒေါ်ယုက ထိုသို့ပြောလျှင် ဒယ်ဒီနဲ့မာမီ ထိုကလေးအပေါ် ကြင်နာသနားပိုကာ။

"ကိုယ်တို့သမီးအရင်းလိုပဲ မှတ်လိုက်ရအောင်ကွာ" တဲ့။





မာမီကလည်း သဘောကျသည်။

"ဟုတ်တယ်၊ ရှင်က သမီးတစ်ယောက်လိုချင်နေတာ၊ ကလျာ ကလည်း အသက်ကြီးမှ ကလေးမွေးရမှာ ရှက်နေတာနဲ့ ရှင့်အတွက် သမီး မမွေးခဲ့ရဘူး၊ အခုလို သမီးအစား ရသွားတော့လည်း ကောင်း သားပဲ ဒေါ်ယုရယ်၊ ဒီကိစ္စ ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ သမီးလေးကို မွေးစားသမီး မဖြစ်စေချင်ဘူး။ သမီးအရင်းလို အသိအမှတ်ပြုချင်တယ်"

"ဒါများ အလွယ်လေးပါ ကလျာရယ်၊ ကလျာ ဗိုက်ကြီးနေပြီ လို့ အသံလွှင့်လိုက်ပါ။ အဲဒီတော့ အားလုံးက ယုံသွားမယ်လေ၊ ပြီးတော့ တစ်နေရာရာရှောင်ပြီး နေလိုက်၊ ပြီးတော့ ကလေးမွေးပြီး နေတဲ့ပုံစံ လုပ်လိုက်၊ ဘယ်သူသိတာမှတ်လို့"

ဒေါ်ယု ပြောလျှင် ဒယ်ဒီနဲ့မာမီက သဘောကျသွားတော့။ ချက်ချင်းပဲ ကလေးကိုခေါ်ကာ သူတို့မိသားစုအားလုံး ဒေါ်ယုပါ ပဲခူးဆင်းပါ။ ပဲခူးဟိုတယ်မှာနေပြီး ကလေးလေးကို ဆရာဝန် ခေါ်ပြပြီး စစ်ဆေးတော့။

ထို့နောက် ပဲခူးမှာ တိုက်တစ်လုံးငှားပြီး နေကြသည်။

ဆွေမျိုးတွေနဲ့ အသိုင်းအဝိုင်းကို ဒယ်ဒီက သတင်းလွှင့်တော့။

"မိန်းမက အသက်ကြီးမှ ဗိုက်ကြီးနေတာ ရှက်လို့တဲ့ မြို့ပြောင်း နေတယ်လေ . . . ဟား ဟား ဟား"

ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း ဒယ်ဒီပြောတဲ့အတိုင်း ယုံကြည်သည်လေ။ ဘာဖြစ်လို့လဲဆိုတော့ ဒယ်ဒီထက် မာမီက ဆယ့်



www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်ကြီး၏။

ဒယ်ဒီက သမီးလေးလိုချင်နေတာလဲ အသိုင်းအဝိုင်းအားလုံးက အသိ။ ဒါကြောင့် ယုံကြည်ခြင်း။ ဒီလိုနဲ့ သူမလေးဟာ ဒယ်ဒီနဲ့ မာမီရဲ့သမီးရင်းစစ်စစ် ဖြစ်သွား၏။

မာမီက ရတနာအားလုံးထဲမှာ ခရမ်းသွေးရောင် ကျောက်မျက်ကို အကြိုက်ဆုံးမို့ 'ခရမ်းသွေး' ဟု နာမည်ပေးကာ။

ဆွေမျိုးမောင်နှမနဲ့ အသိုင်းအဝိုင်းအားလုံး ယုံကြည်၏။ ပိပိရိရိ လုပ်ဆောင်ပြီးမှ သူတို့အိမ် ခေါ်လာကာ ညီမလေးကို မွေးနေ့အခမ်းအနားလုပ်၏။

သူလည်း ညီမရင်းလေးအဖြစ် တကယ်ချစ်ခဲ့သည်။

ညီမလေးက ဒယ်ဒီနဲ့လည်းမတူ။ မာမီနဲ့လည်းမတူ။ သူနဲ့လည်း မတူ။ ဒါပေမဲ့ ပတ်ဝန်းကျင်က မတူဘူးပြောလာရင်လည်း . . .

"ဘယ်သူနဲ့မှ မတူဘူးမဟုတ်ဘူး၊ ကလျာတို့အဘွားနဲ့ တူတာပါ၊ ရှင်တို့က ကလျာတို့အဘွားကိုမှ မမြင်ဘူးဘဲ"

လို့ မာမီက ထိုသို့ပြောတော့လည်း ယုံကြသည်လေ။ အမျိုးတွေကလည်း ကွယ်လွန်တာ နှစ်အစိတ်ကျော်ပြီးဖြစ်တဲ့ အဘွားနဲ့ ယောင်ဝါးဝါးတူသည်ဟု မှတ်ချက်ပြုကြသည်။

ဒီလိုနဲ့ပဲ ပျော်ပျော်ရွှင်ရွှင်နေလာခဲ့တဲ့ သူတို့မိသားစုဇာတ်လမ်း ဒယ်ဒီက ညီမလေးရှစ်နှစ်အရွယ်မှာ ဥရောပသွားရင် မတော်





တဆ လေယာဉ်ပျက်ကျတဲ့အထဲ ပါသွားကာ ဆုံးပါးရှာသည်။

မာမီက ညီမလေး ဆယ်တန်းဖြေတဲ့နှစ်မှာ လည်မျိုကင်ဆာနဲ့ ဆုံး၏။ မာမီ့ရောဂါ အပြင်းအထန်ခံစားနေစဉ်က သူ့တစ်ယောက်တည်းကို ခေါ်ပြီး ကတိတောင်း၏။

"သား"

"ပြောပါ မာမီ"

"သားဒယ်ဒီလည်း မရှိတော့ဘူး။ မာမီလည်း ဒီရောဂါနဲ့ ဘယ်အချိန် သားဒယ်ဒီနောက် လိုက်ရမယ်ဆိုတာ မသိဘူး"

"မာမီရယ် . . . အဲဒါတွေ ဘာလို့ ခဏခဏ ထုတ်ပြောနေရတာလဲ"

"မာမီ စိတ်မချဘူး သားရယ်"

"ဘာကိုလဲ"

"သမီးလေးကို"

သူ့ရင်မှာ နက်နက်ရှိုင်းရှိုင်း ခံစားလိုက်ရသည်။

"ညီမလေးက လိမ္မာပါတယ် မာမီရယ်"

"မဟုတ်ဘူး သားရဲ့၊ မာမီပါ မျက်စိမှိတ်သွားရင် သား့ ညီမလေးကို မာမီတို့ကိုယ်စား စောင့်ရှောက်ပါ သားရယ်၊ ဘယ်တော့မှ ညီမလေးကို ကောက်ယူမွေးစားတာကို မပြောပါနဲ့ သားရယ်၊ နော်၊ သမီးဟာ မာမီ့သမီး၊ မာမီ့ဗိုက်ထဲက မမွေးရုံတမယ် မာမီ ပြုစုခဲ့ရတာ



www.burmeseclassic.com

www.burmeseclassic.com



သားအယ်ဒီလည်း သမီးလေးကို ဘယ်လောက်ချစ်လည်း သားသိပါတယ်၊ ဒါကြောင့် ဘယ်တော့မှ ဘာ့အကြောင်းကြောင့်မှ သမီးလေးကို ကောက်ယူမွေးစားထားခဲ့တယ်ဆိုတာကို မပြောပါဘူးလို့ မာမီ့ကို ကတိပေးပါ သားရယ်နော်''

''စိတ်ချပါ မာမီရယ်၊ စိတ်ချပါ၊ အဲဒီအတွက် မာမီနောက်ဆံမတင်းပါနဲ့၊ လောလောဆယ် မာမီ စိတ်သက်သာသလိုနေပါ၊ စိတ်ပျော်အောင်နေပါ မာမီရယ်နော်၊ သား ကတိပေးပါတယ်၊ သားကို ယုံပါ မာမီရယ်''

သူ့ကတိကို ယုံလို့လား ဘာလား မသိတော့ပါ။ သူ ကတိပေးပြီး ဆယ်ရက်ပင်မကြာ။ မာမီ ထိုရောဂါနဲ့ ဆုံးရှာသည်။

ဒေါ်ယုက မာမီတို့ ဆုံးပြီးကတည်းက သူတို့မောင်နှမနဲ့ စည်းစည်းလုံးလုံး နေခဲ့သည်။ ဒေါ်ယုကို မိဘသဖွယ် သူ ပြုစုစောင့်ရှောက်ခဲ့သည်။ ဒေါ်ယုက …

''ဒေါ်ယု အသက်လည်း ကြီးလှပြီ သားရယ်၊ တရားစခန်းလေး ဝင်ချင်ပါတယ်''

လို့ တောင်းဆိုလာတာမို့ ဒေါ်ယု ဝင်ချင်တဲ့ တရားရိပ်သာမှာ သူကိုယ်တိုင် ပို့ပေးခဲ့သည်။ ထို့နောက် ပစ္စည်းလေးပါးမပြတ်အောင် သူ ထောက်ပံ့ပေးခဲ့သည်။

ခုဆို ဒေါ်ယု တရားစခန်းဝင်တာ တစ်နှစ်သာသာပဲ ရှိသေး





သည်။

မောင်နှမနှစ်ယောက်တည်း ခုလိုနေလာတဲ့အခါမှ ညီမငယ်ကြောင့်က ပြောင်းလဲလာခဲ့သည်။

ထိုပြောင်းလဲမှုနောက်မှာ …

''မာမီ သားကို ခွင့်လွှတ်ပါ၊ မာမီ့ကို ပေးခဲ့တဲ့ကတိကို သားဖောက်ဖျက်လိုက်ပြီ''

မာမီ့ဓာတ်ပုံကိုကြည့်ရင်း သူ့မျက်ရည်တွေ တသောသော ကျဆင်းသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"ကိုကို"

"မခေါ်နဲ့ ညီမလေးရယ်၊ ညီမလေးကို ကိုကို ချစ်လို့မရတော့ဘူးကွ"

"ဟီး ... ကိုကို"

ငိုသံတွေ၊ ပြောသံတွေဟာ ကြားရသူရင်ကို စိုးရိမ်စိတ်၊ ထိတ်လန့်စိတ်တွေ ဖြစ်တည်စေတာမို့ ဒေါ်ယု အဝတ်အိတ်ကြီးကို တိုက်ခန်းအဝင်အဝမှာ ပစ်ချရင်း အခန်းထဲ ပြေးဝင်ခဲ့သည်။

"သားကြီး၊ သမီး"

ဒေါ်ယု ခေါ်ရင်း သားအခန်းထဲ ပြေးဝင်လျှင် –





ဘုရားရေ ... သမီးက သားခြေအစုံကို ဖက်၍ငိုနေသည်က ဒေါ်ယုနှလုံးသားကို လာရိုက်ခတ်တာမို့ မျက်ဝန်းအိမ်မှာ မျက်ရည်တို့ ဝဲလေသည်။

"သား ... ဘယ်လိုဖြစ်ကြတာလဲ၊ သမီး ... ဘုရားရေ ဘာတွေဖြစ်တာလဲ၊ ဒေါ်ဒေါ်ယုကို ပြောစမ်းပါ၊ ခုတလော ဒေါ်ယု တရားမရနိုင်ဘူး၊ စိတ်ထဲက တထိတ်ထိတ်နဲ့၊ အိပ်မက်တွေလည်း မကောင်းဘူး၊ ဒါကြောင့် ... ဒေါ်ယု ပြန်လာခဲ့တာ၊ ကြည့်စမ်း ... ခုတော့ မောင်နှမနှစ်ယောက်တည်း ရှိတာ၊ ဘာဖြစ်လို့ ညီမလေး မျက်ရည်ကျအောင် သားကြီး လုပ်ရတာလဲ"

ဒေါ်ယုက သမီးလေးကို ပွေ့ဖက်ကာ ရင်ခွင်ထဲထည့်၍ သားကို အပြစ်ပြောရှာသည်။ သက်တန့်ဖုံ နောက်လှည့်မကြည့်တော့။

"ဟီး ဟီး"

ငိုနေတဲ့ ညီမဖြစ်သူကိုလည်း မသနားတော့ပါ။

"ခွင့်လွှတ်ပါ ဒေါ်ဒေါ်ယုရယ်၊ မာမီ့ကို ပေးထားတဲ့ ကတိကို ကျွန်တော် ဖျက်ပစ်လိုက်ပြီ"

"ဟဲ့"

ဒေါ်ယုၐ်လန့်လန့်ဖျပ်ဖျပ် ဟန့်တားသောအသံပြတ်ကြီး ဟိန်းထွက်သွား၏။ ဒါ့ပြင် ရင်ခွင်ထဲမှ စိုစိုနင့်နင့် ငိုနေတဲ့ သမီးလေးကို သင်းအောင်ပွေ့ထားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သား . . . သား ဘာတွေပြောနေတာလဲကွယ်"

"ညီမလေးကို ကောက်ယူမွေးစားခဲ့တယ်ဆိုတာ"

"ဘုရားရေ"

ဒေါ်ယု လန့်ဖျပ်တုန်ခါသွားချေ။ ချက်ချင်းလည်း သတိဝင်ကာ

"မ မဟုတ်ဘူးလေ သား၊ သား မဟုတ်တာတွေ ပြောပြီး သမီးလေးကို မနှိပ်စက်ပါနဲ့၊ ဒါကြောင့် သမီးလေး ငိုနေတာကို။ ဘုရား ဘုရား မဟုတ်ဘူး သမီးရယ်၊ မဟုတ်ဘူး၊ သမီးကို သမီးမာမိဝမ်းနဲ့ လွယ်ပြီး မွေးခဲ့တာပါ၊ သားပြောတာတွေ မယုံပါနဲ့ သမီးရယ်၊ သားက လည်း ဘာလို့ မဟုတ်တာတွေ ပြောနေရတာလဲ"

ဒေါ်ယု သွေးရူးသွေးတန်း ပြောရင်း အခြေအနေကို ထိန်းသိမ်း နိုင်ဖို့ ကြိုးစားလေသည်။

"ဟီး ဒေါ်ဒေါ်ယု"

"သမီး"

ခရမ်းသွေးက ဒေါ်ဒေါ်ယုကို အားကိုးတကြီး ပွေ့ဖက်ရင်း အသံတုန်မတတ် ငိုရှိုက်ချေ။ ဒေါ်ယုက တယုတယ ပွေ့ဖက်ချော့မော့၍ သားကို မော့ကြည့်ပြီး ခေါ်သည်။

"သားကြီး"

"ဒေါ်ဒေါ်ယုရယ် ကျွန်တော့်ကို စိတ်ကြိုက်အပြစ်ပေးပါ၊ ကျွန်တော် ကျေနပ်ပါတယ်၊ ဒါပေမဲ့ မာမီ့ကိုပေးခဲ့တဲ့ကတိကို ဖောက်





ဖျက်မိတဲ့အတွက် ကျွန်တော် နောင်တမရချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ တစ်သက်လုံး ချစ်ခဲ့၊ အလိုလိုက်ခဲ့တဲ့ ညီမလေးဟာ အိမ်တွင်း အနုကြမ်းစီးသမားဖြစ်နေတယ်၊ လောဘမီးတွေတောက်ပြီး ပန်းကတ္တီပါရဲ့ဘဝကို ဖျက်ဆီးပစ်ခဲ့တယ်၊ အဲဒီအတွက် ကျွန်တော်က လူယုတ်မာစာရင်းဝင်သွားပြီ၊ အဲသလိုတွေဖြစ်အောင် အဲဒီညီမလေးက လုပ်ခဲ့တာလေ၊ ကျွန်တော် သည်းမခံနိုင်တော့လို့ ထုတ်ပြောလိုက်တာ ဒေါ်ဒေါ်ယု"

"ဟုတ် ဟုတ်လား သမီး"

"ဟီး ဟီး ဟီး"

ခရမ်းသွေး ဘာမှမပြောသာတော့။ မျက်နှာလည်း မဖော်ရဲ၊ ဒေါ်ယုရင်ခွင်ထဲမှ ရုန်းထွက်ကာ သားကြီးအခန်းထဲက ပြေးထွက်ခဲ့မိ သည်အထိ အရှက်တို့ သည်းသွားချေ။

"သမီး"

ဒေါ်ယုမှာ သမီးတို့နောက် လိုက်ချော့ရမလား။ သားရှေ့သွား ပြီး ဘယ်လိုတွေ ဖြစ်ကြတာလဲလို့ ဖြစ်ကြောင်းကုန်စင်ကို မေးမြန်းရ မလားနဲ့ ဝေခွဲရခက်စွာ။

ကြားထဲက စိတ်နှလုံးသား ထိခိုက်ကြေကွဲ၍ မျက်ရည်တွေသာ တဝေါဝေါ ကျလို့နေသည်။

ဒီလိုတွေ ဖြစ်လာတာ ဘာကြောင့်လဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးနှစ်ယောက်ကို ထားရစ်ပြီး သူမ တရားစခန်းဝင်မိ လို့လား။

သူမရဲ့အုပ်ထိန်းမှု ကင်းကွာသွားလို့ သမီးလေးဟာ ထိုသို့သော စိတ်ဓာတ်ဆိုးတွေ ဖြစ်တည်ကုန်တာလား။

ပြောပါ ကလေးရယ်။

✿ ✿ ✿



## အခန်း (၄၀)

"ဒုန်း ဒုန်း ဒုန်း"

သူမခေါင်းကို သူမ ဆောင့်ခွဲပစ်ချင်တဲ့အတိုင်း တကယ်ပင် ဆောင့်ခွဲနေမိ၏။ ဘာကြောင့် ဒီလိုတွေ လုပ်ဆောင်ခဲ့ရတာလဲ။

"သူ့ကိုကိုကို ရလို့ကတော့ ခရမ်းလို မိန်းမကို ခြေဖနောင့်နဲ့ ထွတ်ထားလိုက်မယ်၊ တကယ်"

သန္တာလှိုင်စကား။

"တောက်"

ကြားစကတည်းက ခရမ်းဒေါသ ထောင်းခနဲထသွား၏။

"ဟုတ်တယ်ဟာ၊ မယားစကား တစ်ညာ၊ မိဘစကား တစ်လ၊



www.burmeseclassic.com

www.burmeseclassic.com



ညီမစကားဆိုရင် တစ်နှစ်လေ၊ ဟုတ်တယ် မဟုတ်လား။ အဲဒီတော့
ခရမ်း ဘာတတ်နိုင်မလဲ၊ သန္တာသာ အဲဒီစံအိမ်ရဲ့ဘုရင်မဖြစ်မှာ၊ ပြီးတော့
ကိုကိုက စီးပွားအရှာကောင်းတဲ့သူ၊ ရတနာတွေဆိုတာကလည်း တွက်
တင်းတောင်းနဲ့ ခပ်ချိန်လို့ရအောင် များတာလေ၊ အဲဒီတော့ ရတနာ
အားလုံးကို သန္တာ ပိုင်ပြီးတော့ ခရမ်းသွေး ဘာရမတုန်း။ သူ့ကိုကို
သန္တာပိုင်ရင် အားလုံးပိုင်ပြီ ဟင့် ဟင့် ဟင့်''

သူငယ်ချင်းတွေနဲ့ တိုင်ပင်သလို ပြောနေတဲ့ သန္တာစကား
ခရမ်းစိတ်ကို တကယ်ထိုးဆွတ်။

''သူ့ကိုကို မိန်းမရတာနဲ့ ခရမ်း ထောင့်ကပ်ပြီလေ''

''ကျွတ်''

ခရမ်းသွေး သည်းမခံနိုင်တော့ပါ။ ခရမ်းသွေး အဲလိုမျိုး အဖြစ်
မခံနိုင်ပါ။ တကယ်ပဲ ကိုကို မိန်းမရရင် သန္တာပြောသလို ခရမ်း ထိုင်
ဖြစ်သွားမှာလား။ ထိုသို့ဖြစ်သွားမှာလည်း တကယ်စိုးရိမ်ရသည်။ အရ
သဖြင့် သန္တာနဲ့ရလို့က သန္တာပြောသလို ဖြစ်လာဖို့ရှိသည်။

ဒါကြောင့် သန္တာနဲ့လည်း အဖြစ်မခံနိုင်။ ကိုကို မိန်းမရ
ပိုင်ဆိုင်မှုတွေ သူမလက်ထဲ ဆုပ်ထားနိုင်ဖို့ အရေးကြီးသည်။

ဟုတ်တယ်လေ။ ဒါကြောင့် ကိုကို့ဆီက မှန်မှန်တွေ လိုတာ
ပိုတောင်း၏။ အကြောင်းအမျိုးမျိုးပြပြီး တောင်းလို့ရသမျှငွေတွေကို ကို
မသိအောင် ဘဏ်ထဲထည့်၏။





ဒါတင်မက ကိုကို့ရဲ့ ရတနာဆိုင်ကိုလည်း ခရမ်း ဆုပ်ကိုင်ထား
ဖို့ အရေးကြီးသည်။ အဲဒီအတွက် တစ်ယောက်ယောက် လိုအပ်သည်။

ထိုတစ်ယောက်ယောက်က သန္တာတို့လို သူမနဲ့ ပြိုင်ဖက်မဟုတ်
တဲ့သူ ဖြစ်ရမည်။ ခရမ်းပြုသမျှ မတွန်းလှန်နိုင်သူ ဖြစ်ရမည်။

ထို့ကြောင့် သန္တာကို ကိုကို့နဲ့ မငြိနိုင်အောင် တစ်ဖက်က
ကြံစည်သလို သန္တာနဲ့မတူတဲ့ နောက်ခံ ဘာမှမရှိတဲ့ ပန်းကတ္တီပါကို
ပစ်မှတ်အဖြစ် ရွေးချယ်ကာ။

နုံနုံအအအဖြစ်သောကတ္တီပါ့စိတ် ကိုကို့အပေါ် ညွတ်အောင်
တစ်ဆင့်ချင်း ဖြားယောင်းခဲ့လေသည်။

ထိုသို့ဖြားယောင်းရင်း ကတ္တီပါ့အပါးမှာရှိနေတဲ့ ခေတ်ခါးခါး။
ထိုသူ့ကို ကတ္တီပါနားက ဖယ်ရှားဖို့ အရေးကြီး၏။ ဒါကြောင့် ခရမ်းက
ခေတ်ခါးခါးကို ပရိယာယ်တွေနှင့် လိုက်လိုက်လျောလျော ချဉ်းကပ်လျှင်
ခေတ်ခါးခါးက ခရမ်းဘက် တကယ်ညွတ်ယိုင်လေသည်။

အခြေအနေအားလုံး ခရမ်းစီစဉ်သမျှ ဖြစ်တည်လာလျှင် ခရမ်း
က ရတနာဆိုင်ကိုလည်း ရ၏။ သို့သော်လည်း မာမီ့လက်ဝတ်လက်စား
အားလုံးကိုလည်း ပိုင်ဆိုင်ချင်စိတ် မထိန်းနိုင်ကာ။

မာမီ့ပစ္စည်းတွေ တိတ်တဆိတ် ရှာဖွေခဲ့သည်။ မာမီ့ပစ္စည်းတွေ
ရရင် ခရမ်း လက်ခမောင်းခတ်နိုင်ပြီ။ ဘယ်သူ ဘာဖြစ်ဖြစ်လေ။

ရတနာဆိုင်က ပစ္စည်း။ မာမီ့ပစ္စည်းနဲ့ ဘဏ်အပ်ငွေ အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ပေါင်းတည်း ယူ၍ ခေတ်ခါးခါးကိုခေါ်ပြီး ကိုကိုလက်လှမ်းမမှီတဲ့ နေရာမှာ ရှောင်နေဖို့ ခရမ်း ပိပိရိရိစီစဉ်ပြီးသား ဖြစ်သည်။

ခရမ်းတို့ နေထိုင်ဖို့ နေရာပါ ခရမ်း စီစဉ်ထားရုံမက ခရမ်းရဲ့ အဝတ်အစားတွေပါ ထိုနေရာရောက်နေပြီ။

လောလောဆယ် မာမို့ပစ္စည်းရဖို့။ ဒါကြောင့် ကိုကို့အခန်းထဲ ဝင်ရှာခြင်းဖြစ်သည်။

တွေ့လိုက်ရတော့လည်း ရင်ထဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ထိုပစ္စည်းတွေနဲ့ယူပြီး ပြေးဖို့ အဆင်သင့်ဖြစ်ခါနီးမှာမှ ကိုကိုနဲ့ ဘွားခနဲ ဆုံတဲ့အဖြစ်။

ထိုအဖြစ်နောက်မှာ သိလိုက်ရသည်က ခရမ်းရဲ့ဘဝဖြစ်စဉ်။ ဘုရားရေ။ စဉ်းစားမိရင်း တစ်ကိုယ်လုံး ပုရွက်ဆိတ်တွေ အထောင် အသောင်း ဝိုင်းအုံကိုက်ခဲနေသလို ခံစားရတော့၏။

ထို့နောက် ယူကျုံးမရဖြစ်ခြင်းနဲ့ ရှက်ခြင်းတွေ ရောနှောကာ ခုချိန်မှာ ခရမ်းကိုယ် ခရမ်း ခွင့်မလွှတ်နိုင်အောင် ဖြစ်ရလေသည်။

ဒါကြောင့် ဖြစ်ချင်ရာဖြစ်စေတော့။

ခရမ်းရဲ့ဦးနှောက် လွင့်ထွက်ချင် ထွက်စေတော့ကွယ်။

ဒါကြောင့် အားကုန်ဆောင့်မိ၏။

"ဒုန်း"

✿ ✿ ✿



## အခန်း (၄၁)

"သမီး"

ဒေါ်ယု ကမန်းကတန်း ပြေးခွဲလိုက်ပေမယ့် သမီးရဲ့နဖူးမှ သွေးစိမ်းတွေ ဖြာကျလာသည်။

"ဟင့် ဟင့် ဟင့်၊ ခရမ်းသေပါရစေ ဟင့် ဟင့် ဟင့်"

"သမီးရယ်"

ဒေါ်ဒေါ်ယု စိတ်ထိခိုက်ခြင်းကြီးစွာ ခရမ်းလေးကို ပွေ့ဖက်ထား၏။ ယိုကျနေတဲ့ သွေးစိမ်းများကို တယုတယ ပွတ်သုတ်ပေးရင်း ချော့ မော့ပြောဆိုနေမိသည်။

"သမီးလေးရယ် ... ပြဿနာကို စိတ်လိုက်မာန်ပါ ဖြေရှင်းလို့



www.burmeseclassic.com

www.burmeseclassic.com



မရပါဘူးကွယ်၊ သမီးလေး ဒီလိုလုပ်နေလို့ ပြဿနာ ပြီးသွားမတဲ့လား"

"သမီး သေချင်တယ် ဒေါ်ဒေါ်ယုရယ်"

"အေး ... အဲလိုစိတ်ဖြစ်နေတာက အမှားကျူးလွန်တာနဲ့ အတူတူပဲ၊ ဘာမဆို ကိုယ့်စိတ်က ဖြစ်တဲ့အတိုင်း လုပ်ပစ်လို့မရဘူး။ အဲလိုလုပ်ခဲ့လို့ မောင်နှမချင်း စိတ်ဝမ်းကွဲရတယ် မဟုတ်လား။ တကယ်ဆို သမီးက ဒေါ်ဒေါ်ယုနဲ့ တိုင်ပင်ရမှာလေ၊ သူငယ်ချင်းအပေါင်းအသင်းရဲ့မခံချည့်မခံသာစကားတွေနောက်မှာ သမီး ကျူးလွန်ခဲ့တာတွေက ဘယ်လောက်ဆိုးဝါးနေသလဲ၊ ဒီအဆိုးတရားတွေကို မဖြေရှင်းဘဲနဲ့ သမီးကိုယ်သမီး ကြိုးစည်နေတာ ဘယ်လောက်အတ္တကြီးနေသလဲကွယ်"

ဒေါ်ဒေါ်ယု ချော့မော့ပြောဆိုရင်း သွေးစိမ်းတွေ သုတ်သင်ဖယ်ရှားကာ သွေးတွေစိမ့်ထွက်မလာဖို့ ပတ်တီးစီးပေးလိုက်သည်။

"သမီးကိုကိုက သမီးကို မချစ်လို့မှ မဟုတ်ဘဲကွယ်၊ လောလောဆယ်မှာ သမီးကိုကိုကို တစ်ဖက်က လူယုတ်မာလို့ စွပ်စွဲတော့ သမီးကိုကို ပိုပြီးခံစားရတာပေါ့၊ ဒါကြောင့်ပါကွယ်၊ ခုလောလောဆယ် ကတ္တီပါလေးကို တွေ့အောင် ရှာဖို့လိုတယ်၊ လာ သမီးရယ် ဒေါ်ဒေါ်ယု လိုက်ခဲ့မယ်၊ သမီးသူငယ်ချင်းကို မတွေ့တွေ့အောင်ရှာမယ်၊ ကတ္တီပါလေးကိုတွေ့ရင် သမီးကိုကိုလည်း စိတ်ချမ်းသာမယ်၊ ကတ္တီပါလေးလည်း ကြေကွဲနေတာတွေ၊ ရှက်တာတွေ ပြေပျောက်မှာပေါ့၊ ကဲ လာ သမီး အချိန်ရှိတုန်း ရှာကြမယ်၊ ကတ္တီပါလေးမိဘတွေကိုလည်း ဒေါ်ဒေါ်ယုပဲ





တောင်းပန်ပြီး ပြေရာပြေကြောင်း လုပ်ပါ့မယ်၊ လာ ... လာပါ သမီး"

ဒေါ်ဒေါ်ယု ဖျောင်းဖျဆွဲခေါ်ရာနောက် ခရမ်းသွေး တအင့်အင့် ရှိုက်ရင်း လိုက်ပါသွားရသည်။

ကတ္တီပါရယ် ခရမ်းကို နားလည်ပါကွယ် ... ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"ကတ္တီပါ"

ကတ္တီပါ့ကို ရှာမတွေ့လေ ခရမ်းသွေး မျက်ရည်တွေ ဝေါဝေါ ကျလေ။ ကတ္တီပါ ဘယ်ထွက်သွားလဲဆိုတာ ချောစုလည်း မသိဘူးတဲ့။

သိရိလည်း မရိပ်မိ။

ကတ္တီပါရဲ့မိတ်တွေလည်း ခေါင်းမီးတောက်မတတ် ရှာကြသည်။ မတွေ့ဘူးသာ အဖြေထွက်၏။

ဒေါ်ဒေါ်ယုက အားလုံးပြေလည်အောင် ကြားဝင်ဆောင်ရွက်ရင်း ကတ္တီပါ့ကို ဝိုင်းဝန်းရှာပေးဖို့ အကူအညီတောင်းခံကာ။

အားလုံး စုပေါင်း၍ ရှာလေ။ မတွေ့လေ။





ကတ္တီပါ့ကို မတွေ့လေ။ ကိုကို့မျက်နှာ ထိရှလေ။ ကိုကို့နှလုံးသားလေး ပွင့်ကြွေလို့နွမ်းလေ။

ထိုအခါ ...

သူမကို တစ်သက်လုံး တယုတယ မွေးမြူလာတဲ့ ကိုကို့ကို ခရမ်း ပို၍သနားလေ။

"ညီမလေးကို ခွင့်မလွှတ်ပါနဲ့ ကိုကို ... ဟင့် ဟင့် ဟင့်"

ခရမ်း တငိုတည်း ငိုကြွေရင်း ရင်ကွဲမတတ် အော်ခေါ်နေမိသည်။

ကတ္တီပါရေ ...။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

နှစ်လခန့်ကြာသောအခါ

## အခန်း (၅၃)

"ရွှေပြည်သာရပ်ကွက်မှာ အခန်းကျဉ်းလေးငှားပြီး နေနေတယ် တဲ့"

သတင်းကြားကြားချင်း ထိုရပ်ကွက်ဆီ သူရောက်ခဲ့၏။

ရပ်ကွက်အနှံ့ စုံစမ်းလိုက်တော့ ယုဇနလမ်းရှိ ဈေးနားက အိမ်ခန်းတွဲလေးမှာ ငှားနေကြောင်း သိရလျှင် ထိုအိမ်ခန်းတွဲလေးရှေ့ သူ ရောက်ခဲ့သည်။

ထိုအခန်းတွဲလေးထဲက လေးခန်းမြောက်အခန်းတွဲဟု သိရတာ ကြောင့် ထိုအခန်းလေးထဲ သူ တန်းဝင်သွားလျှင် စားပွဲဝိုင်းလေးပေါ် ခေါင်းစည်းနေတဲ့ ကဗ္ဗီပါကို ဘွားခနဲတွေ့ရလေသည်။

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူ လှိုက်ခနဲ ဝမ်းသာသွား၏။

"ကတ္တီပါ"

သူ့ရင်ထဲ အသံကျယ်ထွက်သွား၏။ ကတ္တီပါ ကိုယ်လေး ဆတ်ခနဲမတ်သွားကာ အုပ်မိုးနေတဲ့ ပုံရိပ်ကို မော့ကြည့်လိုက်သည်။

"ဟင်"

ကတ္တီပါကိုယ်လေး တောင့်မတ်ကာ ကြက်သေသေသွားသလို အံ့ဩလိုက်ဖြာသွား၏။

"ကတ္တီပါ"

ခေါ်ရင်း ရှေ့တိုးလာတဲ့ သူ့ခြေလှမ်းကိုမြင်ရတော့ ကတ္တီပါ အသိဝင်လာသည်။

ထိုအခါ ကတ္တီပါ့မျက်နှာလေး မာနမြင့် တင်းမာသွားကာ လက်ထဲကိုင်ထားတဲ့ အဝတ်ညှပ်ကတ်ကြေးကို ကတ္တီပါ အားနဲ့ဖိကိုင်မိပြီး

"ရှင် ရှေ့မတိုးနဲ့"

ကတ္တီပါ့ အသံမာက တုန်ခါလျက် ပေါ်ထွက်လာသည်။ ထိုအခါ သူ့ခြေလှမ်းတွေ တန့်သွားရပြီး –

"ကတ္တီပါ မောင့်ကို နားလည်ပေးပါ၊ ခွင့်လွှတ်ပေးပါ"

ကတ္တီပါ ခေါင်းအဆတ်ဆတ်ခါလျှင် ဘယ်အချိန်ကတည်းက စဝေးနေမှန်းမသိတဲ့ မျက်ရည်တို့ ပြိုကျသွား၏။

"ခွင့်မလွှတ်ဘူး။ ရှင်တို့မောင်နှမကို ဘယ်တော့မှ ခွင့်မလွှတ်





ဘူး။ ရှင် ထွက်သွား။ ခုချက်ချင်း ထွက်သွားစမ်းပါ"

"ကတ္တီပါ"

"ရှင်မခေါ်နဲ့၊ ရှင့်ကို တစ်သက်လုံး ကျွန်မ မကျေနပ်ဘူး"

"ကတ္တီပါရယ် ... ကိုကို့မှာ ဘာမှအပြစ်မရှိပါဘူး။ ကတ္တီပါ ကျေနပ်ရင် ခရမ်းကို သတ်လိုက်ပါတော့ဟယ်"

ခရမ်းသွေး အိမ်ခန်းလေးပေါ် ပြေးတက်လာကာ ပြောဆိုရင်း ကတ္တီပါရှေ့ ခေါင်းလေးငုံ့ချလိုက်သည်။

"သတ်လိုက်ပါ ကတ္တီပါရယ်၊ ခရမ်း သေသင့်ပါတယ်၊ ခရမ်းကြောင့် ကတ္တီပါ့ဘဝလေး အစွန်းအထင်း ဖြစ်ရတာပါ၊ အားလုံးဟာ ခရမ်းကြောင့်ပါ၊ ခရမ်းမှာပဲ အပြစ်ရှိတယ် ... ဟင့် ဟင့် ဟင့်"

ခရမ်းပြောဆို ငိုချရင်း ကတ္တီပါ စိုရင်သမျှ ကျေကျေနပ်နပ်ခံယူ အဆင်သင့်ဖြစ်လေသည်။ ထိုအခါ ကတ္တီပါ မျက်ရည်တွေ တလိမ့်လိမ့် သူလို လက်ထဲက ကတ်ကြေးလည်း လွတ်ကျသွား၏။ သို့သော်လည်း

"ခုချိန်မှာ ကတ္တီပါ ဘယ်သူ့မျက်နှာကိုမှ မကြည့်ချင်ဘူး၊ ကတ္တီပါ့ကို စိတ်ချမ်းသာစေချင်ရင် ရှင်တို့အားလုံး ထွက်သွားကြပါ၊ ရှင်တို့ ထွက်မသွားရင် ဒီနေရာကနေ ကတ္တီပါ တခြားတစ်နေရာကို ထွက်သွားရလိမ့်မယ်"

"သူငယ်ချင်းရယ်"

"ရှင် ဘယ်တော့မှ ကတ္တီပါ့ကို သူငယ်ချင်းမတော်နဲ့တော့၊



www.burmeseclassic.com

www.burmeseclassic.com



ရှင် ထွက်သွား၊ ရှင်တို့အားလုံး ထွက်သွားကြ''

အိမ်ခန်းလေးပေါ် တက်လာကြတဲ့ သူ့သူငယ်ချင်းအားလုံးကို သိမ်းကျုံးပြီး ကတ္တီပါ နှင်ထုတ်ပစ်သလို ခရမ်းသွေးကိုလည်း တွန်းပစ်၏။

''ရှင်တို့ ထွက်မသွားဘူးလား၊ ရှင်တို့မသွားရင်''

ကတ္တီပါ့စကားလေး မဆုံးခင် သူ့ခြေလှမ်းက အိမ်ခန်းလေးပေါ်မှ နောက်ကြောင်းပြန်လှည့်သွား၏။ အားလုံးဝိုင်းဝန်းဖျောင်းဖျလာကြတာပါ။ သို့သော်လည်း ကတ္တီပါ့ဘက်က လက်မခံတော့ သူမ မိဘလည်း သမီးအလိုအတိုင်းပင်။

''သွားကြလေ၊ တစ်ယောက်မှ ကတ္တီပါ့ရှေ့ မလာကြနဲ့ ကတ္တီပါ ဘဝက တစ်သက်လုံး အစွန့်ပစ်ခံဘဝပါ၊ ဟင့် ဟင့် ဟင့်''

ကတ္တီပါ့ငိုရှိုက်သံနှင့် နှင်ထုတ်သံတွေနောက်မှာ ခြေလှမ်းတွေ လွင့်မျောသွားလေသည်။

ထို့နောက်မှာ ကတ္တီပါ့မျက်နှာလေး အဝတ်တင်ညှပ်တဲ့ စားပွဲဝိုင်းလေးပေါ်မှာ မျက်နှာလေးမှောက်ချ၍ ရင်ထဲရှိသမျှ ငိုကြွေးလိုက်၏။

''ဟင့် ဟင့် ဟင့်''

✿ ✿ ✿



## အခန်း (၄၄)

''ကတ္တီပါရေ''

''သူငယ်ချင်း''

''ခရမ်းကို ခွင့်လွှတ်ပါကွယ်၊ ခွင့်လွှတ်ပါ၊ သူငယ်ချင်းရဲ့''

တတွတ်တွတ်အော်ရင်း ပြေးလွှားနေသလို မြင်မြင်သမျှသူများကိုလည်း ကတ္တီပါဟု ယူဆကာ။

တွေ့မြင်သမျှလူများကို လက်ကလေးဆွဲလိုက်၊ ပြောလိုက်နှင့်ဦးတည်ရာမဲ့ဖြစ်နေတဲ့ ခရမ်းသွေးရယ်။

သူ့ကိုကိုနဲ့ အမျိုးအဆွေတွေ လိုက်ဖမ်းပြီး ထိန်းသိမ်းနေသော်လည်း မရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းသွေးက လစ်ထွက်ရင်း စိတ်ထဲရှိတဲ့အတိုင်း ပြုမူနေသည်က စိတ်ရဲ့ပေါက်ကွဲမှုအတိုင်း ဖြစ်၏။

ဆရာဝန်တိုင်းက စိတ်ကျန်းမာရေးမကောင်းဘူးဟု မှတ်ချက်ပေးလေသည်။

ထိုသတင်းကြားစကတည်းက ချောစု စိတ်မကောင်းဖြစ်ရသေသည်။ ဘယ်တုန်းကမှ ခရမ်းသွေးရဲ့စိတ်ဓာတ်နဲ့ အပြုအမူအပေါ် ချော[illegible]မကြည်လင်ခဲ့ပါ။

ခုလို သူရူးသဖွယ် ပြေးလွှားနေတာမြင်ရတော့ တကယ်[illegible]ထိခိုက်သည်။ ထိုတစ်ရက်ကဆို ကားလမ်းပေါ်လျှောက်ပြေးရင်း ...

"ကယ်ကြပါရေ ... ခရမ်းကို ကားနဲ့ တိုက်သတ်လိုက်ပါတော့ တိုက်ပါတော့ ကယ်ကြပါရဲ့၊ ဟီး ဟီး ဟီး"

ငိုယိုရင်း ကားတွေရှေ့ပြေးသွားလို့ ကားတိုက်မှုဖြစ်သေးသည်။ ကြီးကြီးမားမား ဒဏ်ရာမရပေမယ့် ခရမ်းစိတ်က တစ်နေ့ထက်တစ်[illegible]ပိုဆိုးလာသည်။

နေ့တိုင်းလိုလို ကြားရတဲ့ ခရမ်းသွေးသတင်းက စိတ်မချမ်း[illegible]ဖွယ်။ သူ့အစ်ကိုလုပ်သူကလည်း ညီမအတွက် ရတက်မအေးနိုင်ဖြစ်[illegible]ညီမဖြစ်စဉ်ကိုကြည့်ရင်း သူပါ ရူးချင်လာသည်။

ဒေါ်ဒေါ်ယုက မောင်နှမနှစ်ယောက်လုံးကို ကြည့်ရင်း တကျ[illegible]ကျိတ်ငိုနေရှာသည်။





ဒါ့ပြင် လမ်းပေါ်ပြေးလွှားရင်း ကားပဲတိုက်ပြီး တစ်ခုခုဖြစ်မလား။ တိုက်ပေါ်က ခုန်ချပြီးပဲ ကိုယ်ကျိုးနည်းမလား။

တစ်ခုခုကြဲစည်ပြီးပဲ လုပ်ချင်ရာလုပ်နေမလား။

ဒါတွေတွေးရင်း နေ့ညစောင့်ကြည့်နေရတဲ့ဘဝ။ စိတ်ရောဂါဆရာဝန်နဲ့ တိုင်ပင်ပြီး ဆေးတိုက်ရတာကလည်း အလုပ်တစ်ခု။

ဒါကြောင့် ဆုတောင်းနေရတာက ခရမ်းစိတ်တည်ငြိမ်လာပါစေ။ ပြီးတော့ ...။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၅)

ချုပ်ပြီးသားအထည်များကို မီးပူတိုက်ရင်း သပ်သပ်ရပ်ရပ် ခေါက်၏။ ထို့နောက် ပါကင်အိတ်တွေထဲ ထည့်ကာ ဆယ်ထည်အစည်း စည်းနှောင်လိုက်သည်။

စိတ်ရှည်လက်ရှည် အထည်စည်းစည်းနေတဲ့ ကတ္တီပါကို ကြည့်ရင်း ချောစု သက်မရှည်လေးချမိလေသည်။

ထို့နောက် ကတ္တီပါ့ကို တစ်ခုခုပြောလိုစွာ ခပ်တိုးတိုးခေါ်လိုက်သည်။

"ကတ္တီပါ"

ကတ္တီပါက အဝတ်စည်းပါကင်ကို သေချာစည်းနှောင်နေ





ခေါင်းလေးဆတ်ပြီး မေး၏။

"ပြောလေ"

"ဟိုလေ ချောစု ပြောပြချင်တယ်"

"ဘာကိုလဲ"

"ကတ္တီပါ စိတ်ဆိုးမှာလည်းစိုးတယ်"

"ကတ္တီပါ စိတ်ဆိုးမှာကိုစိုးတယ်၊ ဟုတ်လား ... ဘာကြောင့် မို့လို့လဲ"

"ခရမ်းသွေးကြောင့်"

"မပြောပါနဲ့တော့"

ပန်းကတ္တီပါ ယတိပြတ်ပြောလိုက်သည်က အရင်လို နာကြည်း ဒေါသနဲ့ တားမြစ်တဲ့သဘောမျိုးနဲ့ မဟုတ်ပါ။

"ဟိုလေ"

ချောစုက ကြိုးစားပြီး ရှင်းပြလိုတာမို့ စကားကို ပြန်စလျှင် ကတ္တီပါ့မျက်နှာလေး စာနာစွာ ညှိုးကျသွားပြီး ...

"မပြောပါနဲ့တော့ဟာ၊ ကတ္တီပါ့ကြောင့် ဘယ်သူ့ကိုမှ မခံစား စေချင်ဘူး။ တကယ်ပါ ချောစုရယ်၊ ဒါကြောင့် ကတ္တီပါ့ဘာသာ နေတာ ပါ"

"ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ ချောစု"



www.burmeseclassic.com

www.burmeseclassic.com



"ခရမ်းစိတ်က ..."

"ကတ္တီပါ သိပါတယ်"

ချောစု သက်မလေးချရင်း အထည်စည်းတွေကိုသာ ငေးနေလိုက်သည်။ ကတ္တီပါ သိသတဲ့။

ကတ္တီပါ သိနေတယ်ဆိုတာထက် ရုတ်တရက် တွေ့လိုက်တော့ မယုံနိုင်အောင် အံ့ဩရ၏။

ထိုနေ့က အောက်ဒါမှာတဲ့ ချုပ်ထည်တွေအတွက် မြို့ထဲသွားပြီး အထည်လိုင်သွားယူစဉ်က မြင်ခဲ့တာလေ။

ကားတွေကြား ဖြတ်ပြေးပြီး အော်ဟစ်တောင်းပန်နေတဲ့ ခရမ်းသွေးဟာ အရူးမလေးတစ်ယောက်နှင့်မခြားတော့ပါ။

တချို့လူတွေကို ကတ္တီပါဟု ခေါ်ဆိုပြီး လိုက်ဆွဲလို့ လန့်ပြီး ထွက်ပြေး၏။

တချို့လူတွေက ကြောက်ကြောက်လန့်လန့်နဲ့ တွန်းပစ်၏။ ထိုသို့ တွန်းပစ်တဲ့အထဲမှာ အမျိုးသမီးကြီးတစ်ဦးပါသည်။ ထိုအမျိုးသမီးကြီး ဆောင့်တွန်းပစ်တာ အရှိန်များသွားသည်ဟု ထင်ရသည်။

ခရမ်းသွေး ပစ်စလက်ခတ် ကျသွားတာ ပလက်ဖောင်းပေါ် ဝုန်းခနဲ။

"အမေ့"

ပန်းကတ္တီပါ မကြည့်နိုင်အောင် ဖြစ်သွားသည်။ ကျတဲ့အရှိန်နဲ့





ခေါင်းကွဲပြီး ထွက်လာတဲ့သွေးတွေက ဖြာခနဲ။

"ဟာ ညီမလေး"

ပလက်ဖောင်းပေါ် ဒဏ်ရာနဲ့ လဲနေတဲ့ သူမကို လိုက်ရှာနေတဲ့ အစ်ကိုဖြစ်သူတွေ့လျှင် ...

"ခင်ဗျားဗျာ ညီမလေးကို ဒီလောက်လုပ်လိုက်ရသလား၊ ညီမလေးက စိတ်ကျန်းမာရေး မကောင်းလို့ပါ"

"ရူးနေရင် အရူးဆေးရုံ ပို့လေ၊ လမ်းထဲမှာ လူကို လိုက်ဆွဲနေတာ ကျက်သရေမရှိဘူး ... တောက်"

ထိုအမျိုးသမီး ဒေါသနဲ့ ပြန်ပြောလျှင် သူ့မျက်နှာလေး ပို၍ ထိခိုက်ရ၏။ ထို့ပြင် ညီမဖြစ်သူအပေါ်မှာလည်း ကရုဏာဖြစ်လျက်။

"ဟင့် ဟင့် ဟင့်"

ညီမဖြစ်သူက တငိုတည်းငိုရင်း သူ့အစ်ကို ရင်ခွင်ထဲ တိုးဝင်လျှင် အစ်ကိုဖြစ်သူ နှလုံးသားလေး မခံနိုင်စွာ။ မျက်ရည်တို့ ဝေါခနဲ ကျလေသည်။

ထို့နောက် သွေးရဲရဲနှင့် သူမကို ပွေ့ချီ၍ သူ့ကားပေါ် တင်သွားသည့်အဖြစ်။ ထိုအဖြစ်ကို ကတ္တီပါ အစအဆုံးမြင်တွေ့ခဲ့သည်။

ထိုမြင်ကွင်းကိုမြင်ပြီးကတည်းက ကတ္တီပါ့စိတ်မှာ နင့်နင့်အိုင်အိုင် ခံစားရလေသည်။

အတွလိုင်းအောက်မှာ အောင်နိုင်သူတစ်ဦးလို့ ပြုံးရှင်သန်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါ့သူငယ်ချင်းက ကတ္တီပါ ခွင့်မလွှတ်တဲ့ကိစ္စနဲ့ စိတ်ထိခိုက်ပြီး ခု လောက်အထိ ဖြစ်သွားသတဲ့လား။

ထိုသို့ဖြစ်သွားစေဖို့ ကတ္တီပါ မရည်ရွယ်ပါဘူး။

မရည်ရွယ်တာတွေ ဖြစ်လာတာ မြင်ရတော့လည်း ကတ္တီပါ့စိတ်က မထိန်းနိုင် ဖြစ်ရလေသည်။

ဒါ့ပြင် မေမေကလည်း ကတ္တီပါ့ကို ကျေအေးပေးဖို့ တောင်းဆိုသလို ဖေဖေကလည်း . . .

"သမီးရယ် . . . ဖြစ်ပြီးတဲ့ကိစ္စ ဖြစ်ပြီးလို့ သဘောထားလိုက်ပါကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့အမှားအတွက် သူတို့ တာဝန်ယူတာ သမီး ကံကောင်းပါတယ်၊ ဖေဖေတို့ကိုလည်း ခြေထောက်မကိုင်ရုံတမယ် တောင်းပန်ကြတာတွေ ရှိတယ်၊ ဒါကြောင့် သမီးလေး ကျေနပ်ပေးချင်တယ်ဆိုရင် ကျေနပ်ပေးလိုက်ပါကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေ့သမီးရဲ့ဂုဏ်သိက္ခာက အရေးကြီးပါတယ်၊ ပြီးတော့ သူတို့မောင်နှမရဲ့ စိတ်နှလုံးသားတွေ ပုံမှန်ဖြစ်လာဖို့"

ဖေဖေ့စကားအဆုံးထိ ပန်းကတ္တီပါ နားထောင်နိုင်စွမ်း မရှိခဲ့ပါ။ ထို့ကြောင့် ခေါင်းမာစွာပဲ ထိုစဉ်က ခေါင်းရမ်းခဲ့မိသည်။

ခုတော့ ပြန်တွေးမိရင်း မျက်ရည်လေး လည်ရှာပါသည်။

ထိုအခါ။

✿ ✿ ✿



## အခန်း (၄၆)

"လာလေ ကတ္တီပါ"

သီရိနဲ့ချောစုက ကတ္တီပါ့ကို တစ်ဖက်တစ်ချက် ဆွဲခေါ်လေသည်၊ ကတ္တီပါ ငြင်းဆန်ရကောင်းနိုးနိုး၊ မကောင်းနိုးနိုးနဲ့ ဝေခွဲရခက်ခဲနေပါသည်။

သို့သော်လည်း သူငယ်ချင်းနှစ်ယောက် ဆွဲခေါ်တဲ့အတိုင်း ပါခဲ့သည်က သူတို့စံအိမ်ဝင်းထဲ ရောက်မှန်းမသိ ရောက်ခဲ့ရတဲ့အဖြစ်။

"အို"

ကတ္တီပါ့ရင်တွေ တဒိုင်းဒိုင်းခုန်သလို၊ ရှက်လည်း ရှက်လှ၏။ မျက်နှာတစ်ပြင်လုံးလည်း ပူလာကာ –

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးရမ်းရင်း ပြန်လှည့်ထွက်ခဲ့ဖို့ ကတ္တီပါ ကြိုးစားလျှင်

"သူငယ်ချင်း ကတ္တီပါ"

တိုက်ထဲကနေ ပြေးထွက်လာတဲ့ ခရမ်းသွေးရယ် ကတ္တီပါ့ကို တွေ့ရလို့ အံ့ဩဝမ်းသာ ငိုချရင်း ဝင်ဖက်၏။

"ကတ္တီပါ . . . ကတ္တီပါ ခရမ်းကို မမုန်းပါနဲ့၊ ခရမ်းကို ခွင့်လွှတ်ပါ ကတ္တီပါရယ်၊ ခရမ်း ရှိုးနိုးပြီး တောင်းပန်ပါတယ် ဟင့် ဟင့်"

တတွတ်တွတ်ပြောရင်းလည်း လက်အုပ်လေးချီ၍ တောင်းပန်နေရှာတဲ့ သူငယ်ချင်းကိုမြင်တော့ ကတ္တီပါ့စိတ်က တကယ်မခိုင်တော့ပါ။

ထိုအခါ ကတ္တီပါ့မျက်ရည်တွေပါ လှိမ့်ကျသည်။

"ကတ္တီပါ . . . သူငယ်ချင်း"

ခရမ်း ကြေကြေကွဲကွဲကြီးခေါ်လျှင် ပန်းကတ္တီပါရဲ့မာနတို့ ပွင့်လွှာတွေလို ကြွေကာ။

ခရမ်းသွေးရဲ့လက်အုပ်ကလေးကိုဆွဲယူ၍ သူမ ရင်ခွင်ထဲ ထည့်မိသလို ခရမ်းကိုယ်လေးကိုလည်း ပွေ့ဖက်မိလေသည်။

ထို့နောက် ကတ္တီပါ့ရင်ထဲ လှိုက်လှိုက်လှဲလှဲ ခေါ်မိသွားသည်။

"ခရမ်းရယ်"

✿ ✿ ✿



## အခန်း (၄၅)

"ဖျောင်း ဖျောင်း ဖျောင်း"

သတို့သားက သတို့သမီးကို မင်္ဂလာသရဖူလေး ဆင်ပေးလိုက်လျှင် ဧည့်ပရိသတ်များ၏လက်ခုပ်သံတွေ ကျယ်လောင်သွား၏။

"မင်္ဂလာသတို့သားက မင်္ဂလာသတို့သမီးလေးကို မင်္ဂလာအနမ်းလေး ပေးပါ့မယ်၊ ချစ်စွာသော ဧည့်ပရိသတ်များ သဘောတူရင် ဩဘာပေးကြပါ"

မင်္ဂလာအခမ်းအနားမှူးပြောလျှင် ဧည့်ပရိသတ်များလည်း လက်မနေးတတ်ကြပါ။ မရပ်မနားနဲ့ လက်ခုပ်တဖျောင်းဖျောင်း တီးကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖျောင်း ဖျောင်း ဖျောင်း"

"ဟာ"

ပန်းကတ္တီပါ တအားရှက်သွားၿပီ။ ရှက်လွန်းလို့ မျက်နှာလေးက ပန်းသွေးရောင် ရဲရဲနီချေသည်။ ထို့ကြောင့် မင်္ဂလာသရဖူလေး အလှဆင်ထားတဲ့ ကတ္တီပါခေါင်းလေး ရမ်းခါသွားၿပီ။

"ဟင့်အင်း"

"ကဲ . . . သတို့သားလောင်းက ပရိသတ်များ စိတ်ကျေနပ်အောင် သတို့သမီးလေးကို အနမ်းလေးပေးလိုက်ပါဦး"

မင်္ဂလာအခမ်းအနားမှူးက ဒါပဲပြောနေလျှင် သက်တန့်ဖုံ ရယ်နေလိုက်သည်။ သူ့သတို့သမီးက သူ့အနမ်းကို လက်မခံလို၍ မဟုတ်ဘဲ ရှက်နေလို့ ရှောင်ဖယ်နေတာလေ။ ဒါ့ကြောင့် သတို့သမီးလေးကို ချစ်မဝနိုင်စွာ ကြည်ကြည်နူးနူးလေး စိုက်ကြည့်ရင်း သူ့နှလုံးသားမှာ မြင်ယောင်နေသည်မှာ မြစ်ဆုံတစ်ခု။

ထိုမြစ်ဆုံက "အနမ်း" တဲ့။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**မိန်းကလေး**

အမှတ် ၄၅ (B)၊ ၆–လွှာ၊ ဦးလွန်းလမ်း

အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၀၉၄၄၄၉၂၅၁၄၁၇၊ ၀၉၂၅၅၀၀၃၂၅၇

BURMESE CLASSIC

www.burmeseclassic.com